



## အပိုင်း ၁

ကေသွယ်တို့သားအမိစီးလာသည့် ကားကလေးက လေးမှလွတ်လိုက်သော မြားတစ်စင်းနှယ် လျင်မြန်သောအဟုန်ဖြင့် ပြေးနေသည်။ မိုးရေဖြင့် စိုစွတ်နေသော အဝေးပြေးလမ်းမကြီးတစ်လျှောက် မြို့ဘက်သို့ ဦးတည်၍ မောင်းနှင်နေခြင်းဖြစ်ပါသည်။

ကားအသစ်လည်းဖြစ်သည်။ ကိုယ်ပိုင်ကားလည်း ဖြစ်သည်မို့ ဒရိုင်ဘာကိုစံမင်းကလည်း စိတ်ရှိတိုင်းအားကုန်နှင်၍ မောင်းလျက်ရှိလေသည်။

ကေသွယ်နှင့်မေမေသည် ကားနောက်ခန်း၌ ငိုက်မြည်းရင်း ပါလာကြသည်။

ညကိုးနာရီအချိန်မို့ အတော်ပင် မိုးချုပ်နေပြီ။ နယ်မြို့ကလေး အတွက် လူခြေတိတ်ဆိတ် မီးများမှိတ်ချိန်ဖြစ်လေသည်။

ခုလောက်ဆို ဖေဖေပါသွားသော ရထား ထွက်သွားလောက်ပြီဟု ကေသွယ်က တွေးနေမိသည်။ မီးရထားဘူတာက ကေသွယ်တို့မြို့မှာ မရှိ။ မြို့နှင့် ခုနစ်မိုင်ဝေးသောရွာကြီးကို မီးရထားလမ်းဖြတ်သွားသဖြင့်

www.burmeseclassic.com

ဘူတာရုံက ထိုရွာကြီးမှာ ရှိနေရသည်။ မြို့ကလူတွေ မီးရထားဖြင့် ခရီးသွားချင်ပါက ခုနစ်မိုင်ဝေးသော ရွာကြီး ဘူတာကို သွားစီးရလေ၏။

ကေသွယ်နှင့်မေမေသည် ရန်ကုန်သို့ မီးရထားဖြင့်သွားမည့် ဖေဖေဦးမိုးမြင့်ကို ဘူတာလိုက်ပို့ပေးပြီး ပြန်လာကြခြင်းဖြစ်သည်။ ဖေဖေက ကေသွယ်တို့အပြန်မိုးချုပ်မှာစိုး၍ ရထားဝင်မလာခင် ကေသွယ်နှင့် မေမေ့ကို ပြန်ခိုင်းလိုက်သည်။ ကေသွယ်တို့ ဘူတာက ပြန်လာတော့ ဖေဖေ စီးသွားမည့်ရထားပင် ဘူတာကို ဝင်မလာသေးပေ။

ခုလောက်ဆိုရင်တော့ ရထားလည်း ဝင်လောက်ပါပြီ။ ဖေဖေလည်း ရထားပေါ် ပါသွားလောက်ပါပြီ။

ကေသွယ်က ငိုက်ရင်း တွေးလာသည်။

"ဟာ"

"ကျွီ"

"ဝုန်း"

ကျယ်လောင်သောအသံ၊ ပြင်းထန်သော တိုက်ခိုက်မှုများကြောင့် မျက်လုံးကို အလန့်တကြား ဖွင့်ကြည့်လိုက်ချိန်တွင် အရာအားလုံးနောက်ကျသွားချေပြီ။

ကေသွယ်တို့၏ ပတ်ဘလစ်ကာကားလေးသည် လမ်းမကြီး၏ ညာဘက်မှ ရုတ်တရက် ထွက်ပေါ်လာသော လော်ရီကားကြီးတစ်စီးနှင့် အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိလိုက်သည်။

ကိုစံမင်းက တောလမ်းထဲမှ ယာဉ်တစ်စီးစီး ထွက်ပေါ်လာစရာ မရှိဘူးထင်ကာ အရှိန်မလျှော့ဘဲ မောင်းလာခဲ့သည်။ တစ်ဖက်လော်ရီကားက ဒရိုင်ဘာသည်လည်း ဤသို့ပင် တွေးခေါ်ပုံရပါသည်။

အရှိန်နှင့်လာသောကားနှစ်စီး ဘေးချင်းယှဉ်၍ ပြင်းထန်စွာ ဝင် အောင်းမိကြခြင်းဖြစ်၏။

ဘရိတ်ဆွဲလိုက်သံ၊ လမ်းနှင့်ကားဘီးပွတ်ကြိတ်သံ၊ တစ်စီးနှင့်တစ်စီး ပြင်းထန်စွာ ဝင်တိုက်သံတို့ကြောင့်သာ ကေသွယ်သည် ငိုက်မြည်းရာမှ အလန့်တကြား အသိဝင်လာခြင်းဖြစ်ပါသည်။

သို့သော် တကယ်တမ်း ဘာဖြစ်လို့ ဖြစ်သွားမှန်းပင် ကေသွယ် မသိလိုက်ပါ။ စဉ်းစားကြည့်ချိန်ပင် မရလိုက်။

ကေသွယ်တို့ကားက ကားလေးမို့ လော်ရီကားကြီးတိုက်လိုက်သောအရှိန်ဖြင့် လွင့်ထွက်သွားကာ လမ်းတစ်ဖက်ချောက်ထဲသို့ တလိမ့်ခေါက်ကွေးကျသွားပြီးမှ ချောင်းထဲသို့ တစ်ဝက်တစ်ပျက် နစ်မြုပ်ကျဆင်းသွားလေသည်။

ကားထဲသို့ရေများ ဒလဟော စီးဝင်လာသည်။

"မေမေ ..မေမေ"

ကေသွယ်က ဘေးမှထိုင်လိုက်လာသော မေမေ့ကို သတိတရဖြင့် အော်ခေါ်သော်လည်း အသံထွက်မလာ။ စမ်းကြည့်သော်လည်း မေမေ့ကို မစမ်းမိပေ။

တကယ်တော့ ကေသွယ်ကိုယ်တိုင်ပင် ကားတလိမ့်ခေါက်ကွေး လိမ့်ကျသွားသည့် အရှိန်ဖြင့် ကားထဲတွင် လူးကာလိမ့်ကာ ဖြစ်နေသည်။ ကားထဲဝင်လာသော ရေများကြောင့် အသက်ရှူမရအောင် မွန်းကျပ်လာရုံမက ဘယ်နေရာတွေ ထိခိုက်သွားမှန်းမသိဘဲ ရလိုက်သောဒဏ်ရာများဆီက နာကျင်မှုကိုပါ ခံစားလိုက်ရလေသည်။

ကေသွယ်သည် သေရမှာကို ကြောက်ရွံ့စွာဖြင့် လွတ်လိုလွတ်ငြား အလန့်တကြား အော်ဟစ်ရုန်းကန်လိုက်လေသည်။

"အား ..ကယ်ပါ ..ကယ်ကြပါ"

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

## Day 1

### စက်တင်ဘာ ၁၉ ရက်၊ တနင်္လာနေ့

''သမီး … ဟဲ့ … သမီး … အိပ်မက်တွေ မက်နေပြန်ပြီ ထင်တယ်။ ထ … ထတော့ သမီးလေး၊ ရှစ်နာရီတောင် ခွဲနေပြီ''

ဒေါ်မြမြမူက ကေသွယ့်ပခုံးကို ကိုင်လှုပ်နှိုးရင်းမှ ပြောလိုက် လေသည်။

ကေသွယ် မျက်လုံးဖွင့်ကြည့်လိုက်တော့ ဖုန်သုတ်ကြက်မွေးကိုကိုင်ရင်း ခုတင်ဘေးမှာ ရပ်နေသည့် မိခင်ဖြစ်သူ ဒေါ်မြမြမူကို မြင် လိုက်ရသည်။

အိပ်မက်ဆိုတာ သိလိုက်ရ၍ စိတ်သက်သာမှုရသွား၏။

''သမီး … ကြောက်စရာကောင်းတဲ့ အိပ်မက်တွေ မက်ပြန်ပြီ ထင်တယ်၊ ဟုတ်လား''

''လန့်ပြီး ယောင်တာပါ မေမေရယ်။ သမီးယောင်တာ တော် တော် အသံကျယ်သွားလားဟင်''

တကယ်တော့ အိပ်မက်က သိပ်ကြောက်စရာကောင်းသည်။ ပြန်ပြောပြလိုက်ရင် မေမေလန့်သွားမည်စိုး၍ ကေသွယ် ပြောမပြတော့ပေ။

''ထမင်းလုံး တစ္ဆေခြောက်တာပေါ့။ ကဲ … ကဲ … မျက်နှာသွားသစ်ချေ။ မေမေ ထမင်းကြော်ထားတယ် သမီး''

''ဟုတ်ကဲ့ မေမေ''

ဒေါ်မြမြမူက ကေသွယ့်အခန်းထဲတွင် ရှိသမျှ စားပွဲကုလား ထိုင်၊ စာအုပ်စင်နှင့် နံရံများပေါ်ရှိ ဖုန်များကို ကြက်မွေးဖုန်သုတ်တံ ဖြင့် လိုက်သုတ်နေလေသည်။

ကေသွယ်က စားပွဲနှင့် ကြမ်းပြင်ပေါ်ရှိ ဖုန်မှုန့်များကို ငုံ့ကြည့် ရင်း …

''ဖုန်တွေက များလှချည်လား မေမေ''

''ဟုတ်ပါရဲ့ကွယ်၊ မေမေတောင် သုတ်ရင်း အံ့သြနေတာ၊ တစ်နေ့ကပဲ မေမေ သန့်ရှင်းရေးလုပ်ထားသေးတာ။ အောက်ထပ်မှာလည်း ဖုန်တွေ ဒုတက်နေလို့ မေမေခုပဲ သုတ်လာခဲ့တာ''

''ထားလိုက်ပါ မေမေ၊ သမီးအခန်းထဲကဟာ သမီးလုပ်ပါ့ မယ်''

''အမယ်လေး … နောက်တစ်ပတ်နေလို့ ပြီးရင် ကံကောင်း၊ လူတစ်ကိုယ်လုံး ဖုန်ထုထဲ နစ်နေလိမ့်မယ်။ ကဲပါ … သွားပါ၊ မျက်နှာ သစ်ချေ။ ပြီးရင် ထမင်းကြော်စား၊ သွား … သွား …''

ဖေဖေနှင့်မေမေက တစ်ဦးတည်းသောသမီး ကေသွယ်မိုးမြင့် ကို အလိုလိုက်ကြပါသည်။ လိုလေးသေးမရှိ ဖြည့်ဆည်းပေးသည်။ ဘာအလုပ်မှ မခိုင်း။ ရွှေရုပ်ကလေးလို အလှကြည့်ထားပေ၏။ ကေသွယ့် အပေါ်မှာ အလိုမလိုက်တာဆိုလို့ တစ်ခုပဲ ရှိသည်။ အင်းလေ … ဒါ လည်း အချစ်ကြီးလို့ ဖြစ်မှာပါပဲ။

''ခုလောက်ဆို သမီးဖေဖေ ရန်ကုန်ရောက်သွားလောက်ပြီ ထင်ပါရဲ့''

မေမေက အချိန်ကိုခန့်မှန်းကြည့်ရင်းပြောလိုက်သည်။

''ဟုတ်တယ် … ရောက်လောက်ရောပေါ့ မေမေ''

ကေသွယ်က တန်းပေါ် မျက်နှာသုတ်ပဝါကို ဆွဲယူကာ အောက် ထပ်သို့ ဆင်းခဲ့လေသည်။ ရေချိုးခန်းက အောက်ထပ်မှာပဲ ရှိသည်။

www.burmeseclassic.com

ကေသွယ်က လေ့ကားပေါ်မှဆင်းလာရင်း လေ့ကားရင်းမှာ ချိတ်ဆွဲထားသည့် ရွက်ဆုပ်ပြက္ခဒိန်လေး၏ အပေါ်ဆုံးတစ်ရွက်ကို ဆွဲဖြဲ လိုက်သည်။

စက်တင်ဘာလ (၁၈) ရက်၊ တနင်္ဂနွေနေ့ဟု ဖော်ပြထားသော အနီရောင်စာရွက်ကလေး ဆုတ်ပြဲသွားကာ စက်တင်ဘာလ (၁၉) ရက်၊ တနင်္လာနေ့ဆိုသော စာရွက်အပြာလေး ပေါ်လာလေသည်။

ရွက်ဆုပ်ပြက္ခဒိန်ပေါ်တွင်လည်း ဖုန်များကပ်နေ၍ ကေသွယ်က လက်နှင့်ပင် ပုတ်ချလိုက်သည်။ ဖုန်မှုန်များက ကြမ်းပြင်ပေါ်သို့ ဖွားခနဲ လွင့်ကျသွားလေ၏။

ပြက္ခဒိန်ပေါ်မှ ရုပ်ရှင်မင်းသမီးခင်သီတာထွန်း၏ ပုံလေးက ကေသွယ့်ကို ပြုံးပြနေလေသည်။

ဖေဖေက ရန်ကုန်မှာ ငါးရက်ပဲနေပြီး စနေနေ့ပြန်လာမှာ၊ ငါ လုပ်စရာရှိတာတွေကို သောကြာနေ့ နောက်ဆုံးထားပြီး အပြီးအပြတ် လုပ်မှ ဖြစ်မယ် ့

♛ ♛ ♛ ♛ ♛

ထမင်းကြော်စားပြီးလို့ ကေသွယ်အိမ်ပေါ် ပြန်အတက်တွင် လေ့ကားရင်း၌ မေမေနှင့်ဆုံသည်။

မေမေက ကေသွယ့်ကို မျက်ထောင့်နီကြီးဖြင့် ကြည့်ကာ –

''ဒါပဲနော် ကေသွယ်၊ ဘယ်ကိုမှ ထွက်ဖို့မပြင်ပါနဲ့။ အိမ်ထဲမှာ ပဲ နေပါ။ ညည်းအဖေက ဘာမှာသွားသလဲ''

''သမီး ဘယ်မှမသွားပါဘူး၊ မေမေကလည်း''

''အိမ်ကို သူငယ်ချင်းတွေ ခေါ်ထားသေးလား။ ဘယ်သူမှ မလာစေနဲ့နော်။ မိဘတွေပြောတဲ့စကားကို ကြပ်ကြပ်ဂရုစိုက်ပါ သမီး''

''မေမေကလည်း အလကားနေရင်း သမီးကိုပဲ ဆူနေတာပဲ''

ကေသွယ်က မေမေ့ကိုကျော်ဖြတ်ပြီး အိမ်ပေါ်ဒုန်းစိုင်းပြေး တက်ခဲ့ရင်းမှ မကျေနပ်စွာ ပြောလိုက်သည်။

အိမ်ပေါ်ရောက်တော့ မျက်နှာသုတ်ပဝါကို တန်းပေါ်ပစ်တင် လိုက်ကာ ပြတင်းတံခါးကို ဖွင့်လိုက်သည်။

ညကရွာထားသော မိုးကြောင့် ခြံထဲတွင် ရေအိုင်လေးများ ဟိုတစ်ကွက် ဒီတစ်ကွက်ဖြစ်နေ၏။ သစ်ပင်နှင့်မြက်ပင်များအားလုံးပေါ် ၌ မိုးရေများစိုစွတ်ကာ ရေစက်များက နေရောင်ထဲတွင် တောက်နေလေ သည်။ စိမ်းလန်းသောမြင်ကွင်းကြောင့် ကေသွယ့်စိတ်မှာ လန်းသွားလေ ၏။

ကေသွယ့်အကြည့်က ခေါင်းရင်းဘက်ခြံထဲသို့ ရောက်သွားလေသည်။ ကပ်လျက်ဖြစ်သော ခေါင်းရင်း ဘက်ခြံထဲသို့ ကြည့်၍ ကေသွယ် အံ့ဩသွားသည်။ ခြံတစ်ခုလုံး တိတ်ဆိတ်နေကာ အိမ်ကြီးကိုလည်း တံခါး ပေါက်အားလုံး ပိတ်ထားလျက်သားတွေ့ရသည်။ ကေသွယ်က ခြံဝင်းတံခါးမကြီးဆီသို့ လှမ်းမျှော်ကြည့်လိုက်ရာ တံခါးမကြီးကိုလည်း သံကြိုးဖြင့် သော့ခလောက်ကြီးခတ်ကာ ပိတ်ထားသည်ကို မြင်လိုက်ရ၏။ သော့ကို အပြင်မှ ခတ်ထားခြင်းဖြစ်သည်။ အတွင်းဘက်မှ ခတ်ထားခြင်း မဟုတ်။

မြင်ကွင်းမှာ ကေသွယ့်အတွက် ဆန်းကြယ်နေလေသည်။

ခေါင်းရင်းခြံသည် ခရိုင်သစ်တော အရာရှိနေထိုင်သော အစိုးရ အိမ်ရာတစ်ခုဖြစ်ပါသည်။ လက်ရှိ နေနေသော ခရိုင်အရာရှိ ဦးထင်ကျော် တွင် မိသားစုတွေ များလှသည်။ သားသမီးချည်း လေးယောက်ရှိသည်။

ဦးထင်ကျော်တို့မိသားစု ပြောင်းလာကတည်းက တစ်ဖက်ခြံ သည် တိတ်ဆိတ်နေသည်ဟု မရှိ။ အမြဲဆူညံကာ လှုပ်လှုပ်ရှားရှား ဖြစ်နေတတ်ပေ၏။ သားသမီးများ၏ ကျယ်လောင်သော ကာဆက်ဖွင့် သံကို အမြဲကြားနေရသည်။ အိမ်ဖော်တွေလည်း ရှိသေးသည်။

သူတို့အိမ်ဘက်ကို လှမ်းကြည့်လိုက်လျှင် လူတွေ မမြင်ရတောင် လျှော်ပြီး လှမ်းထားသောအဝတ်များကို တန်းနှင့်အပြည့် တွေ့နေရမြဲ ဖြစ်ပေ၏။

ယခုတော့ အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်လျက်ရှိပေသည်။ တံခါး များအားလုံးကိုလည်း ပိတ်ထားသည်။ တစ်အိမ်လုံး ဘယ်များသွားကြပါ လိမ့်။

ဦးထင်ကျော်၏ ဒုတိယသမီးမာမာကျော်မှာ ကေသွယ်နှင့်ရွယ် တူ ဖြစ်သည်။ ကေသွယ်နှင့်ကျောင်းသွားဖော်သူငယ်ချင်းများ ဖြစ်သည်။ ကေသွယ့်လို ယခုနှစ်ဆယ်တန်းအောင်ထားသူလည်း ဖြစ်ပေသည်။

ကေသွယ်တို့အောင်စာရင်းတွေ ဇူလိုင်လက ထွက်ပြီးသော် လည်း ယခုစက်တင်ဘာလအထိ အမှတ်စာရင်းများ မသိရသေး။ ဆယ် တန်းအောင်ထားသည့် ကေသွယ်တို့လိုကျောင်းသူများ တက္ကသိုလ် ကောလိပ်များဆက်တက်ရန် စောင့်ဆိုင်းနေသည့်အချိန် ဖြစ်ပေသည်။

တစ်ဖက်ခြံ၏မြင်ကွင်းကိုကြည့်ရသည်မှာ တစ်အိမ်လုံး ပြောင်း ရွှေ့သွားတာနဲ့ တူပင်တူလွန်းလှပေ၏။ အပြင်ခဏထွက်သွားပုံ၊ ခရီး ထွက်သွားပုံတို့နှင့်ပင် မတူချေ။ ခြံဝင်းထဲမှာ အဝတ်လှန်းသည့် ပလတ်စတစ်ကြိုး ပင် မမြင်ရတော့။ ဖြုတ်သိမ်းသွားသည်။ မာမာကျော်တို့ မောင်နှမတစ်တွေ ကြက်တောင်ရိုက်ကစားကြဖို့ ရာသီ မရွေးဆင်ထားသည့် ပိုက်တန်းကိုလည်း မတွေ့ရတော့။

ပြီးတော့ သူတို့မွေးထားတဲ့ ခွေးကြီးကျားဘိုရော၊ ဘယ်ရောက် သွားပါလိမ့်။ ဟင် ့ခြံထောင့်မှာထားတဲ့ ခွေးလှောင်အိမ်လည်း မရှိတော့ပါလား။

ကေသွယ်သည် တစ်ဖက်အိမ်၏ပြောင်းလဲနေသော မြင်ကွင်း များကိုကြည့်ကာ အံ့သြပြီးရင်း အံ့သြနေတော့သည်။ သူတို့ ပြောင်းရွှေ့ သွားတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။ မာမာကျော်တို့ မိသားစု ရောက်လာတာ တစ်နှစ်ကျော်ပဲ ရှိသေးသည်။ ဤခြံတွင်နေသွားသည့် ရှေ့က သစ်တောအရာရှိအားလုံး အနည်းဆုံး သုံးနှစ်ကနေ လေးနှစ် တာဝန်ထမ်းဆောင်ပြီးမှ ပြောင်းသွားကြမြဲဖြစ်သည်။ ဦးထင်ကျော်တို့ ပြောင်းလာတာ တစ်နှစ်ကျော်ပဲရှိသေးသည်။

တကယ်လို့ပြောင်းမယ်ဆိုရင်လည်း မာမာကျော်က ကေသွယ့် ကို လာမပြောဘဲနေမှာ မဟုတ်ပေ။

ကေသွယ်သည် တစ်ဖက်ခြံကို ကြည့်ကာ ပဟေဠိတွေ တစ်ထွေး ကြီးဖြစ်နေမိ၏။

သက်ပြင်းကို ချလိုက်သည်။

မိုးအေးအေးနှင့် အိပ်ရာထဲလှဲနေဦးမည်ကြံကာ ပြတင်းဝမှ လှည့်အထွက် ့

မြင်ကွင်းထဲသို့ဝင်လာသော လှုပ်ရှားမှုတစ်ခုကြောင့် ပြတင်း ပေါက်မှာ ပြန်ရပ်လိုက်မိပြန်သည်။

တစ်ဖက်ခြံတံခါးမကြီးရှေ့သို့ လိုက်ထရပ်ခေါ် ကုန်တင်ကား အသေးစားလေးတစ်စီး ဆိုက်ရောက်လာ ခြင်းကြောင့်ဖြစ်ပါ၏။

ကားခေါင်းခန်းထဲမှ သပ်ရပ်ခန့်ညားသော လူကြီးတစ်ယောက် ဆင်းလာကာ ခြံတံခါးကို ခတ်ထားသော သော့အား ဖွင့်လိုက်သည်။

လူကြီးကပင် ခြံတံခါးနှစ်ချပ်ကိုတွန်းဖွင့်၍ ကားဝင်သာအောင် လုပ်ပေးလိုက်၏။

ထရပ်ကားက တိုက်အိမ်ကြီး၏ ပေါ်တီကို အနားထိ မောင်း သွားကာ ရပ်လိုက်သည်။

ကားရပ်သည်နှင့် ကားရှေ့ခန်းမှ အမျိုးသမီးကြီးတစ်ဦးနှင့် မိန်းကလေးတစ်ဦး ဆင်းလာကြလေ၏။ သူတို့သည် အိမ်ကြီးကို ကွေ့ ပတ်ကာ သေချာကြည့်ရှုနေကြလေသည်။

သေချာသွားပေပြီ။ သူတို့သည် တစ်ဖက်ခြံသို့ အသစ်ပြောင်း လာသော သစ်တောအရာရှိမိသားစု ဖြစ်ပေသည်။ ကားနောက်တွဲပေါ် ၌လည်း သေတ္တာများ၊ အိမ်အသုံးအဆောင်များကို မြင်နေရသည်။

ကေသွယ်သည် ဦးထင်ကျော်တို့မိသားစု အမြန်အဆန် ပြောင်း သွားခြင်းကိုလည်း အံ့သြမိသည်။ ပြောင်းတော့မယ်ဆိုတာကို မာမာကျော် လာမပြောသည့်အတွက်လည်း အံ့သြရသည်။

www.burmeseclassic.com

ဒါမှမဟုတ် ပြောင်းတော့မယ့်အကြောင်းကို မာမာကျော် လာပြောပါလျက် ကေသွယ်နှင့်မတွေ့လို့ မေမေ့ကို ပြောထားခဲ့ခြင်းပေလား။ မေမေက ကေသွယ့်ကို ပြန်ပြောဖို့မေ့နေတာလား။ ဒီလိုမှ မဟုတ်ရင် အခု တလော ကေသွယ်နှင့် ကေသွယ့်မိဘတွေ ပြဿနာတက်နေတာကိုသိလို့ ပြောင်းမယ့်ရွှေ့မယ့်အကြောင်းကို လာ မပြောဘဲ ပြောင်းသွားလေသလား။

''မေမေရေ ့မေမေ''

ကေသွယ်က အောက်ထပ်သို့လှမ်း၍ခေါ်လိုက်သည်။

ဒေါ်မြမြမူ၏ပြန်ထူးသံကို မကြားရ။

''မေမေ ့ဟိုဘက်ခြံကို လူအသစ်တွေ ပြောင်းလာတယ်တော့ သိလား။ မာမာတို့ ပြောင်းသွားတာ သမီးဖြင့် သိတောင် မသိလိုက်ဘူး''

မေမေ့ထံမှ ဘာတုံ့ပြန်သံမျှ မကြားရချေ။ မကြားလို့လား၊ တမင်ပြန်မပြောတာလား၊ ဟင်းချက်နေ သလား၊ အိမ်သာဝင်နေသလား မသိပေ။

ထိုစဉ် ကားပေါ်မှဆင်းလာသော မိန်းကလေးက အိမ်ပတ်ပတ် လည်ကိုလှည့်ကြည့်ရင်း ကေသွယ်တို့ ခြံစည်းရိုးအစပ်နားသို့ ရောက်လာ ၏။

''အို ့တော်တော်လှတာပဲ''

ထိုမိန်းကလေးမှာ ကေသွယ်တို့အရွယ်လောက်ပဲ ရှိသေးသည်။ သူမက ခရီးဝေးလာခဲ့ရလို့ ဖြစ်ဟန် တူသည်။ ဂျင်းဘောင်းဘီနှင့်တီရှပ်ကိုဝတ်ထား၏။ ဆံပင်ကတိုတိုမို့ အဝေးက ရုတ်တရက် ကြည့်လျှင် ယောကျ်ား လေးနဲ့တူနေလေသည်။

သူမက အမှတ်မထင် ကေသွယ်တို့အိမ်ဘက်သို့ လှည့်ကြည့်လိုက်ရာ ကေသွယ်သည် သူမ၏ မျက်နှာ ကို ပီပီပြင်ပြင် မြင်လိုက်ရတော့၏။ တော်တော်လှတာပဲ။ အသားအရေဖြူနုသည်။ ပါးဖောင်းဖောင်း၊ မျက်လုံး ပြူးပြူး။ ရန်ကုန်သူစတိုင်ဖြင့် ခေတ်ဆန်လှသော မိန်းကလေးကိုကြည့်ပြီး ကေသွယ် ခင်မင်သွားမိလေသည်။

ကေသွယ်က သူမကို လက်ဝှေ့ယမ်းပြလိုက်သည်။

သူမက မြင်ပုံမရပေ။

အိမ်ကြီးဘက်သို့ ပြန်လှည့်ထွက်သွားလေ၏။

ကေသွယ်လည်း ပြတင်းဝမှခွာခဲ့ကာ အိပ်ရာပေါ်လှဲချလိုက် လေသည်။

♛ ♛ ♛ ♛ ♛

ရူပါသည် ဤမြို့ကလေးသို့ နောက်ဆုံးပြောင်းလာသော သစ်တောအရာရှိ ဦးလှိုင်ဘွား၏ တစ်ဦးတည်း သောသမီးလေး ဖြစ်သည်။

ဖေဖေ ဒီမြို့ကိုပြောင်းရမယ်ဆိုတုန်းက ရူပါ သိပ်ဘဝင်မကျမိပေ။ မြို့ကလေးနာမည်ကအစ ရူပါ မကြား ဖူးသောကြောင့် အတော်ပင် ခေါင်၍ တောကျသောမြို့တစ်မြို့ ဖြစ်မည်ဟု ထင်ခဲ့သည်။ တကယ်ရောက်လာတော့ မှ သိပ်မဆိုးလှတာကို တွေ့ရ၏။

မြို့က ရောဝတီမြစ် အနောက်ဘက်ကမ်းကမြို့မို့ ခေါင်တာတော့ နည်းနည်းခေါင်သည်။ အခြားမြို့ရွာများ နှင့် ဝေးလံသည်။ ရူပါ ထင်ထားသလို နေပူကျဲကျဲ၊ ဖုန်တလုံးလုံးနှင့် အညာဒေသမျိုးမဟုတ်ဘဲ သစ်ရိပ်ဝါးရိပ်နှင့် အုပ်အုပ်ဆိုင်းဆိုင်း ရှိနေသည့်အတွက် ရူပါ ကျေနပ်သွားလေသည်။ ရူပါတို့မရောက်ခင် သုံးလေးရက်ဆက်၍ မိုးရွာထား သောကြောင့်လည်း အေးမြစိုစွတ်၍ စိမ်းစိမ်းလန်းလန်း ဖြစ်နေလေ သည်။

www.burmeseclassic.com

တကယ်တော့ ရူပါသည် ဤမြို့ကလေး၌ မိဘများနှင့် ကြာရှည်နေမည့်သူ မဟုတ်ပါ။ နဂိုကပင် ရူပါသည် ဖေဖေတာဝန်ကျသော မြို့များသို့ လိုက်ပါသွားလေ့မရှိ။ နွေရာသီကျောင်းပိတ်မှသာ သွားလည်သည့်အလေ့ ရှိ၏။

ရူပါသည် မိဘများအတွက် တစ်ဦးတည်းသောသမီး ဖြစ်သလို၊ အဘိုးအဘွားများအတွက်လည်း တစ်ဦးတည်းသောမြေး ဖြစ်သည်။ ရူပါ့ကို အချစ်သည်းသော အဘိုးအဘွားများက မိဘပြောင်းရွှေ့ရာလိုက်နေရလျှင် ကလေးပညာရေးနှောင့်နှေးမည်ဆိုကာ သူတို့နှင့်အတူ ရန်ကုန်မှာပဲ နေစေသည်။ ရန်ကုန်ကျောင်းမှာပဲ ထားသည်။ ရူပါသည် ဖေဖေ မေမေ တို့နှင့် နွေရာသီကျောင်းပိတ်ရက်မှသာ အတူနေဖြစ်လေ၏။

ဒီနှစ်တော့ ရူပါဆယ်တန်းအောင်ပြီးပြီ။ အမှတ်စာရင်းများ စောင့်နေချိန် တက္ကသိုလ်ဆက်တက်ဖို့ စောင့်နေချိန်ဖြစ်ပါသည်။ တက္ကသိုလ်မဖွင့်ခင်အထိသာ ရူပါ ဤမြို့လေးတွင် နေနိုင်မည်။ တက္ကသိုလ်ကျောင်းတွေ ဖွင့်သည်နှင့် ရူပါ ရန်ကုန်ပြန်ရပါမည်။

ရူပါနှင့် မေမေဒေါ်အေးသန္တာတို့သည် အိမ်ထဲသို့မဝင်မီ ခြံ ကြီးတစ်ခုလုံးကို ပတ်ကြည့်လိုက်လေသည်။

အိမ်ကြီးမှာ အုတ်ချပ်နီနီများကို အပေါ်မှအင်္ဂတေမကိုင်ဘဲ အုတ်ချပ်အနီရောင်အတိုင်း ဖော်ပြထားသော နှစ်ထပ်အိမ်ကြီးဖြစ်သည်။ အမိုးကိုလည်း အုပ်ကြွပ်အနီရောင်များပင် မိုးထား၏။

''ခြံကလည်း အကျယ်ကြီး၊ အိမ်ကလည်း အကြီးကြီးပဲနော် မေမေ''

''အင်္ဂလိပ် လက်ထက်ကတည်းက ဆောက်ထားတဲ့ အရာရှိ တွေ နေဖို့အိမ်ကိုးကွယ့်။ ဒီလိုအိမ်မျိုးက မိသားစုများမှ ပျော်စရာကောင်း မှာ''

''သမီး ပြန်သွားရင်တော့ ဖေဖေနဲ့မေမေနှစ်ယောက်တည်း သရဲကြောက်ပြီး ကျန်ခဲ့တော့မှာပဲ''

''သရဲတစ္ဆေတော့ မကြောက်ပါဘူး သမီးရယ်။ ရှိလည်း မရှိပါ ဘူး။ သမီးပြန်သွားရင် နေ့လယ်နေ့ခင်းဆို မေမေတစ်ယောက်တည်း ပျင်းနေမှာ သေချာတယ်။ ကြည့်ပါဦး၊ ခြံကလည်း ကျယ်လိုက်တာ၊ တစ်အိမ်နဲ့ တစ်အိမ်ကလည်း အဝေးကြီးနော်''

ဒေါ်အေးသန္တာက ဘေးနှစ်ဖက်မှ ခြံကျယ်ကြီးများကို ကြည့် ရင်း ပြောလိုက်သည်။

ခေါင်းရင်းဘက်ခြံမှာ လူနေပုံရသည်။ လူရိပ်လူယောင်များလည်း မြင်ရသည်။ အိမ်ရှေ့တွင် ကားတစ်စီး နှင့် ဆိုင်ကယ်တစ်စီး ရပ်ထားတာလည်း တွေ့သည်။ အဝတ်အစားများ နေပူလှန်းထားတာလည်း မြင်နေရသည်။

ခြေရင်းဘက်အိမ်ကတော့ လောလောဆယ် လူနေဟန်မတူ။ ရှိသမျှတံခါးတွေအားလုံး ပိတ်ထားလေ၏။ ခြံတံခါးမကြီးကိုလည်း သော့ ခတ်ထားတာတွေ့ရသည်။

ရူပါတို့သားအမိ ခြံထဲကိုနှံ့အောင် လှည့်ကြည့်ပြီးမှပင် ကိုယ် နေမည့်အိမ်ထဲသို့ ဝင်ခဲ့လေတော့၏။

အိမ်ထဲသို့မဝင်မီ ရူပါသည် ခြေရင်းဘက်ရှိ လူမနေသောခြံကြီး ဆီသို့ မထင်မှတ်ဘဲ တစ်ချက် လှည့်ကြည့်လိုက်သည်။ ဘာရယ်မဟုတ်၊ ထိုခြံထဲမှ တစ်ယောက်ယောက်က မိမိကို လှမ်းကြည့်နေသည်ဟု စိတ်ထဲမှာ ခံစားလိုက်ရ၍ လှည့်ကြည့်လိုက်ခြင်း ဖြစ်ပါသည်။

မဟုတ်ပါ။ ဘယ်သူမှ သူမကို ကြည့်မနေပါ။ ခြံထဲတွင်လည်း လူတစ်ယောက်မျှ မတွေ့ရပါ။

သို့သော် ....

အခုနက အိမ်တစ်ခုလုံးရှိသမျှ တံခါးတွေ ပိတ်ထားသော်လည်း ယခုမူ အပေါ်ထပ်မှ ပြတင်း တစ်ပေါက်မှာ ဟင်းလင်းပွင့်နေလေသည်။ ပြတင်းဝမှာတော့ လူတစ်ယောက်မျှ ရှိမနေပါ။ စောစောက တစ်အိမ်လုံး တံခါးတွေ ပိတ်ထားတယ်လို့ထင်လိုက်တာ တကယ်မှ ဟုတ်ရဲ့လား။

ရူပါ့စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားလေ၏။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

ဦးလှိုင်ဘွားက သူတို့မိသားစု ရောက်ပြီဖြစ်ကြောင်းကို အိမ် မှာ အသင့်တပ်ဆင်ထားသောဖုန်းဖြင့် ရုံးသို့ အကြောင်းကြားလိုက်လေ သည်။ ကားပေါ်မှပစ္စည်းများကို နေရာချထားရန်အတွက် ရုံးမှ ဝန်ထမ်း ငယ်များကို လွှတ်ပေးရန် ခေါ်လိုက်ခြင်းဖြစ်သည်။

အိမ်အတွင်းပိုင်းမှာတော့ ယခင်အပတ်ကပင် သန့်ရှင်းရေးပြု လုပ်ပြီးဖြစ်သည်။ ရုံးမှဝန်ထမ်းများပင် လာလုပ်ပေးထားခြင်းဖြစ်၏။

အရာရှိများ စဉ်ဆက်မပြတ်နေထိုင်သည့်အိမ်မို့ ဆက်တီနှင့် အိမ်တွင်းသုံး စားပွဲ၊ ကုလားထိုင်၊ ဗီရိုများမှာ ပုံသေထားရှိသောပစ္စည်း များဖြစ်နေသည်။ ပြောင်းရွှေ့လာသော အရာရှိသည် ထိုပစ္စည်းများကို သယ်လာဖို့မလိုပါ။

ထုံးစံအရတော့ ဦးလှိုင်ဘွား ပြောင်းလာလျှင် ယခင်အရာရှိနှင့် အလုပ်များလွှဲပြောင်းခြင်း (Hand-over) ပြုလုပ်ပြီး အရာရှိဟောင်းက ဖယ်ပေးမှသာ အစိုးရအိမ်တွင် တက်နေခွင့်ရမည်ဖြစ်သည်။ ရူပါ့ဖခင် ဦးလှိုင်ဘွားက မိသားစုလိုက်ပြောင်းလာလျှင် ယခင်အရာရှိက နေအိမ်ဖယ်မပေးခင် နေရထိုင်ရခက်မည်စိုး၍ အလုပ်တာဝန်များ လက်ခံရန် ဤမြို့သို့ သူတစ်ယောက်တည်း အရင်လာခဲ့သည်။ ဒေါ်အေးသန္တာကို ရန်ကုန်မှမိဘများအိမ်သို့ ခေတ္တပို့ထားခဲ့၏။

အရာရှိဟောင်း ဦးရောဘတ်တင်မောင်ထံမှ အလုပ်များကို လက်ခံ၊ နေအိမ်သော့ကိုပါ ရယူပြီးပါမှ ဇနီးနှင့်သမီးကို ရန်ကုန်မှ ခေါ်လာခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ရှေ့ကနေသွားခဲ့သည့် ဦးရောဘတ်တင်မောင်တို့မိသားစုကို ရူပါနှင့်ဒေါ်အေးသန္တာ တွေ့ခွင့် မရခဲ့တော့ပေ။

ဦးလှိုင်ဘွား ဖုန်းဆက်လိုက်ပြီး မကြာမီပင် ရုံးမှ လူငယ်ဝန်ထမ်း ငါးဦး စက်ဘီးသုံးစီးဖြင့် ရောက်လာကြလေ၏။ ရောက်ရောက်ချင်း ကားပေါ်မှ ပစ္စည်းများကိုချကာ အိမ်ထဲသွင်းကြသည်။ ဒေါ်အေးသန္တာက ပစ္စည်းများ ချထားရမည့် နေရာကို ပြပေးနေသည်။

ဘူတာသို့လာကြိုပေးသော လိုက်ထရပ်ကားမှာ ဤမြို့မှ လုပ်ငန်းရှင်တစ်ဦး၏ကား ဖြစ်သည်။ ပထမ အခေါက် ဦးလှိုင်ဘွားတစ်ဦးတည်းလာစဉ်က သစ်ကိစ္စတစ်ခု ဆောင်ရွက်ပေးထား၍ ဦးလှိုင်ဘွား မိသားစုကို လာကြိုပေးခြင်း ဖြစ်ပါသည်။

ကားပေါ်မှပစ္စည်းများချပြီးသည်နှင့် ဦးလှိုင်ဘွားက ဒရိုင်ဘာကို ကျေးဇူးတင်စကားပြောကာ ပြန်လွှတ် လိုက်သည်။

''ခင်ဗျားတို့ထဲမှာ ဘယ်သူ စက်ဘီးဆင်တတ်လဲဟင်''

ရူပါက လာကူပေးနေသော လူငယ်ငါးဦးကို မေးလိုက်သည်။

''ရပါတယ်၊ ဘယ်စက်ဘီးကို ဆင်ရမှာလဲ''

ရူပါက သစ်သားပုံးတစ်ခုကို လက်ညှိုးထိုးပြလိုက်၏။

''အဲဒီထဲမှာ စက်ဘီးဟောင်းကို တစ်စစီဖြုတ်ထည့်ထားတယ်။ စက်ဘီးအတိုင်းဆို သယ်ရတာခက်လို့၊ ပြန်ဆင်ပေးပါဦး''

''ဒါဆို ကိရိယာတန်ဆာပလာတွေ လိုဦးမယ်။ ကျွန်တော် အိမ်ပြန်ယူလိုက်ဦးမယ်နော်''

လူငယ်တစ်ယောက်က စက်ဘီးဖြင့် ပြန်ထွက်သွားသည်။

ထိုစဉ် အမျိုးသမီးကြီးတစ်ဦး ရောက်လာလေ၏။

မိုးဖွဲဖွဲကျနေသောကြောင့် ဖွင့်ဆောင်းလာသော ထီးကို ပိတ်လိုက်ရင်း –

www.burmeseclassic.com

''ဦးလှိုင်ဘွား မိသားစုတွေ ရောက်နေပြီ မှတ်တယ်''

''ဩော် ့ဟုတ်ကဲ့ပါ အန်တီ။ သမီးက ဦးလှိုင်ဘွားသမီးပါ''

''ဟော ့ဒေါ်ကျော့မူပါလား၊ လာဗျို့''

ရူပါနှင့်စကားပြောနေဆဲ ဖေဖေရောက်လာကာ အမျိုးသမီးကြီး ကို နှုတ်ဆက်လိုက်လေ၏။

''လာ ့ဒေါ်ကျော့မူ၊ ဦးမြဖင် မပါဘူးလား''

''ဦးမြဖင် ဆည်တစ်ခုစစ်စရာရှိလို့ မနက်အစောကြီး ထွက် သွားလေရဲ့ရှင်''

''ဩော် ့ဩော် ့ကျွန်တော်တို့လည်း မနက်ရှစ်နာရီခွဲလောက် ရောက်လာတယ်။ သန္တာရေ ့သန္တာ''

''လာပြီ ကို။ ဒီမှာ ကလေးတွေကို ပစ္စည်းထားရမယ့်နေရာ ပြပေးနေလို့''

မေမေ အခန်းထဲမှ ထွက်လာသည်။

''သန္တာရေ၊ ဟောဒါ ခေါင်းရင်းဘက်ခြံက ဆည်မြောင်း အင်ဂျင်နီယာ ဦးမြဖင်ရဲ့ဇနီး ဒေါ်ကျော့မူပဲ။ ဒေါ်ကျော့မူ ဒါ ကျွန်တော့် ဇနီး အေးသန္တာပါ''

''ညီမလေးက ငယ်ငယ်ပဲရှိသေးတာပဲ''

ဒေါ်ကျော့မူက ရင်းရင်းနှီးနှီး ပြောလိုက်သည်။

''ကျွန်မ အသက်လေးဆယ်ပြည့်ပါပြီ မမ၊ ထိုင်ပါ မမ''

''အေးကွယ် ့ဝန်ထမ်းတွေဆိုတော့ တစ်မြို့တစ်ရွာမှာ ဆုံဆည်းကြတုန်း ရင်းရင်းနှီးနှီးနေရတာပဲ။ မမမူတို့က အရင်ရောက်နေတာ ဆိုတော့ လိုတဲ့ အကူအညီရှိရင် ပြောနော် ညီမ၊ အားမနာနဲ့''

''ဟုတ်ကဲ့ မမမူ' '

''ကလေးတွေကျောင်းအပ်ဖို့ ဘာညာရော၊ ကျောင်းက နှစ်ဝက် ချိန်ကြီးဆိုတော့''

''အဲဒီအတွက်တော့ ပူစရာမလိုဘူး မမမူရေ။ သန္တာတို့မှာ ဒီသမီးတစ်ယောက်ရှိတာ။ နာမည်က ရူပါလှိုင်တဲ့။ ဒီနှစ်ဆယ်တန်းအောင်ထားတာလေ၊ နှစ်ဘာသာဂုဏ်ထူးနဲ့ အောင်တယ်''

''ဟုတ်လား ့သမီးလေးက တော်လိုက်တာ၊ ချောလည်း ချောတယ်နော်''

ဒေါ်ကျော့မူက ရူပါ့ကို လည်ပြန်လှည့်ကြည့်ရင်း ချီးမွမ်းလိုက်သည်။

''ကျေးဇူးတင်ပါတယ် အန်တီ''

''သန္တာ့ကို စနေ၊ တနင်္ဂနွေမှ မမမူတို့အဖွဲ့နဲ့ မိတ်ဆက်ပေးရဦးမယ်။ မမမူတို့အဖွဲ့ဆိုတာ အစိုးရ အရာရှိကတော်တွေ စုပြီးဖွဲ့ထားတဲ့ အဖွဲ့လေ။ အားရက်ဆို တစ်အိမ်ပြီးတစ်အိမ် အလှည့်ကျ ဆုံနေကျကွယ့်''

''ဟုတ်လား ့ဒါဆို လာမယ့်စနေကျ သန္တာတို့အိမ်မှာ ဆုံကြရအောင်လေ။ သန္တာက ဖိတ်တယ်လို့ ပြောပေးပါ မမမူ''

မေမေနှင့် ဒေါ်ကျော့မူတို့ စကားပြောနေစဉ်တွင် စက်ဘီးဆင်ရန် လိုအပ်သောကိရိယာများ သွားယူသည့် ကောင်လေး ပြန်ရောက်လာ၍ ရူပါက မေမေတို့အနားမှ ထွက်လာခဲ့သည်။

''ဒီနားက အိမ်တွေကတော့ အစိုးရအိမ်တွေများတယ်။ ဝန်ထမ်း အချင်းချင်းလည်း စည်းစည်းလုံးလုံး ရှိကြပါတယ်။ ညီမတို့ ခြေရင်းဘက်က ဟောဟိုခြံတစ်ခြံပဲ နေတဲ့လူ မရှိတာ။ အဲဒီခြံမှာ လူ မနေတာ အနှစ် နှစ်ဆယ်တောင် ကျော်ပြီတဲ့''

ဒေါ်ကျော့မူ ဆက်ပြောသောစကားကို ရူပါ မကြားလိုက်တော့ ပေ။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

ညနေခင်းအချိန်မှာ ကေသွယ် တစ်ရေးနိုးလာသည်။

နိုးသည်နှင့် ခေါင်းရင်းဘက်ခြံကို သတိရကာ ပြတင်းပေါက်တွင် ရပ်၍ လှမ်းကြည့်လိုက်သည်။

မနက်က ရောက်လာသောမိသားစုမှာ ပစ္စည်းပစ္စယများ နေရာ ချထားပြီး အတော်နေသားတကျ ရှိနေကြပေပြီ။

ကေသွယ် လှမ်းကြည့်လိုက်ချိန်၌ ဟိုကောင်မလေးသည် စက် ဘီးတစ်စီးဖြင့် ခြံထဲသို့ပြန်ဝင်လာတာ မြင်လိုက်ရသည်။ သူက စက်ဘီးတောင် ထွက်စီးနေပြီပဲ။ စက်ဘီးက ပြိုင်ဘီးကလေးဖြစ်၍ သူမသည် စက်ဘီးပေါ် ၌ ကုန်းကွကွလေးဖြစ်နေ၏။ လျှာထိုးဦးထုပ်ကို ဆောင်းကာ၊ တီရှပ်ဝတ်ထားပြီး ဘောင်းဘီရှည်ဝတ်ထားသော သူမမှာ ဆံပင်က တိုတိုမို့ အဝေးကကြည့်တော့ ယောကျ်ားလေးလား ထင်ရလေသည်။

စက်ဘီးပေါ်က ဆင်းလိုက်မှ သူမ ဝတ်ထားသော ဘောင်းဘီမှာ အရှည်မဟုတ်ဘဲ ဒူးဆစ်အထိသာ ရှည်လျားသည်ကို တွေ့လိုက်ရ၏။ ကြည့်လို့တော့ ကောင်းပေသည်။

ကောင်မလေးက စက်ဘီးကို ကေသွယ်တို့ခြံစပ်အနီးမှ သစ်ပင် တွင် ထောင်ထားလိုက်သည်။ ထို့နောက် ကေသွယ်ရှိရာ ပြတင်းပေါက် သို့ မျှော်ကြည့်လိုက်လေသည်။

ကေသွယ်၏လက်တစ်ဖက်သည် အလိုလို မြှောက်သွားကာ သူမကို နှုတ်ဆက်လိုက်မိလေ၏။

ကေသွယ် သူမကိုသွားပြီး မိတ်ဆက်လျှင် ကောင်းမည်။ အပြင် ထွက်ခွင့်မရသော ကေသွယ့်အတွက် သူမဆီမှ အကူအညီတစ်ခုခု ရနိုင် ကောင်းပါသည်။

အကြံဖြင့် ကေသွယ်သည် ပြတင်းဝမှခွာကာ အောက်ထပ် သို့ ဆင်းခဲ့လေသည်။

♛ ♛ ♛ ♛ ♛

ဖေဖေ့တပည့်တစ်ယောက်က ပြိုင်ဘီးလေးကို ပြန်ဆင်ပေးရာ နေ့လယ်ပိုင်းတွင် ပြီးသွားလေသည်။

တစ်ညလုံး ရထားစီးလာရ၍ ရှုပါရေမိုးချိုးကာ ခဏအိပ်လိုက် သည်။ ရှုပါအိပ်ရာက ပြန်နိုးတော့ ညနေလေးနာရီ ရှိနေပြီ။

''သမီး ဒီအနားကို စက်ဘီးပတ်စီးလိုက်ဦးမယ် မေမေ''

ရှုပါက မီးဖိုခန်းထဲရောက်နေသော မေမေ့ကို လှမ်းအော်ပြောကာ စက်ဘီးကိုခွစီးရင်း ထွက်လာခဲ့လေ သည်။

''ဟဲ့ ဟဲ့''

မေမေက လှမ်းဟန့်တားရန် အော်လိုက်သေးသော်လည်း ရှုပါက မကြားဟန်ဆောင်ကာ စက်ဘီးကို နင်းထွက်ခဲ့လေ၏။

မေမေ စိတ်မချမယ်မှန်းသိလို့ ရှုပါကလည်း ခပ်ဝေးဝေးထိ စီးဖို့ မရည်ရွယ်ပါ။

ရှုပါသည် ခြေရင်းဘက်မှ ခြံကြီးရှေ့ကဖြတ်ကာ မြို့ထဲဘက်သို့ စက်ဘီးကို နင်းခဲ့လေ၏။

ရှုပါတို့အိမ်ရှိသည့်အပိုင်းသည် ခြံဝင်းကျယ်များနှင့် သားနားသော တိုက်အိမ်များရှိသော သီးသန့်ရပ်ကွက် တစ်ခုဖြစ်ပေ၏။

လမ်းတွင် ချောင်းကလေးတစ်ခုကို ဖြတ်ထိုးထားသော ကွန်ကရစ်တံတားတစ်ခုကို တွေ့ရသည်။ တံတားပေါင်ပေါ်မှာ ငါးထိုင်မျှားနေ သူများကိုတွေ့၍ ရှုပါက စက်ဘီးရပ်ပြီး ကြည့်နေသေးသည်။

ပြီးတော့မှ မြို့ထဲဟု ယူဆရသည့်ဘက်သို့ စက်ဘီးကိုဆက် နင်းခဲ့လေ၏။ နယ်မြို့မို့ ယာဉ်စီးရေ နည်းနည်းပါးပါးနှင့် တိတ်တိတ် ဆိတ်ဆိတ်ပင်ဖြစ်၏။ လမ်းများမှာလည်း မပူရပေ။

www.burmeseclassic.com

တစ်နေရာတွင် နာရီစင်ကိုတွေ့လိုက်၍ မြို့အလယ်ခေါင် ရောက် ပြီဆိုတာ သိလိုက်သည်။ မြို့တိုင်း နာရီစင်ကို မြို့လယ်ကျသောနေရာမှာ သာ ထားတတ်မြဲ မဟုတ်ပါလား။

ရူပါက နာရီစင်ကို ပတ်ဝိုင်းထားသည့် ကွန်ကရစ်အဝိုင်းပတ်ကြီးကို စက်ဘီးဖြင့် သုံးလေးပတ်စီး လိုက်သည်။ စက်ဘီးစီးရင်းမှ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ရာ အဝေးပြေးကားကွင်းအနီးတွင် ရောက်နေသည် ကို သိလိုက်ရလေ၏။

ရူပါသည် အဝေးပြေးကားကွင်းထဲသို့သွားကာ စက်ဘီးကို ဘီးစတဲင်းမှာအပ်၍ ကားကွင်းထဲ လမ်း လျှောက်လိုက်သေးသည်။

ထိုစဉ်မှာပဲ ရထားပေါ်မှာ အတူဆုံခဲ့ရသည့် သူ့ကို ရူပါ ပြန် တွေ့လိုက်ရခြင်း ဖြစ်ပါ၏။

''ဟော့ ့ဟော့ ့ရှူးရှူး ့ဖြောင်း ့ဖြောင်း ဖြောင်း''

နည်းမျိုးစုံဖြင့် အသံပြုခေါ်သံကြောင့် ရူပါက နောက်သို့လှည့် ကြည့်လိုက်သည်။ အောင်ဘာလေထီလက်မှတ်များကို လက်တွန်းလှည်း ပေါ်တွင် ချိတ်ဆွဲ၍ရောင်းချနေသော ထီလှည်းတစ်စီးဆီမှ ထွက်လာ သည့်ခေါ်သံ ဖြစ်၏။

ရူပါ လှည့်ကြည့်လိုက်မှ သူက လှည်းနောက်မှထွက်လာကာ ရူပါ့ကို လက်လည်းပြ ရယ်လည်း ရယ်ပြနေလေသည်။ ရူပါက သူ့ကိုမြင် မြင်ချင်း မှတ်မိလိုက်လေ၏။ မမှတ်မိဘဲနေမလား၊ မနေ့က ညနေခင်းမှ သည် ယနေ့မနက်အထိ ရန်ကုန်ဘူတာကြီးကနေသည် မြို့ကလေးအရောက် မီးရထားတစ်တွဲတည်းမှာ အတူစီး လာသူချင်း ဖြစ်ပါသည်။

ရူပါက သူ့ကိုမှတ်မိလိုက်သည်နှင့် သူရှိရာ ထီလှည်းဆီသို့ခပ် သုတ်သုတ် သွားလိုက်လေသည်။

''ဩော ့နင်ကို၊ နင်က ထီရောင်းနေတာလား။ ပေး–ငါ့ပိုက်ဆံ သုံးရာ''

ရူပါက တွေ့တွေ့ချင်း အကြွေးတောင်းသလို တောင်းလိုက် သည်။ တကယ်တော့လည်း အကြွေးပင် ဖြစ်ပါသည်။

သူကတော့ တဟဲဟဲ ရယ်နေ၏။

''နေပါဦးဟ၊ နင်ကလည်း ဒီမှာ ဈေးဦးမပေါက်သေးလို့''

''ဘာဆိုင်လို့လဲ၊ နင် ငါ့ပိုက်ဆံကို အသားလွတ်ကြီး ယူသွား တာ။ အဲဒီပိုက်ဆံပြန်ပေးပေ့ါဟဲ့''

''အဲဒီပိုက်ဆံက နင်အကြွေမအမ်းနိုင်လို့ ပြန်မပေးရတာလေ။ ငါ လက်ဖက်ရည်သောက်ပစ်လိုက်လို့ အဲဒီငါးရာတန်က ကုန်ပြီ။ နင်လို ချင်ရင် ငါဈေးဦးပေါက်အောင် စောင့်ဦး''

''နင် သက်သက်ညစ်တာ''

မနေ့က ရန်ကုန်မှ ဤမြို့အထိ ရထားစီးလာရာတွင် ရူပါနှင့်သူ သည် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ကျ၏။

တစ်လမ်းလုံး တစ်ယောက်နှင့်တစ်ယောက် အကဲခတ်လို့သာနေ ခဲ့သည်။ စကားမပြောဖြစ်ခဲ့ကြပါ။ ဘေးမှာ ဖေဖေနဲ့မေမေရှိနေ၍ ရူပါက ငြိမ်နေသလို သူကလည်း ခရီးသွားဖော်ချင်းဖြစ်ပေမဲ့ ဘေးမှာမိဘတွေ ပါနေလို့ မိတ်မဆက်ခဲ့ခြင်းဖြစ်ပုံရသည်။ သူကတော့ တစ်ယောက်တည်း ခရီးထွက်လာခြင်းဖြစ်ပါ၏။

မီးရထား၏ မျက်နှာချင်းဆိုင်ထိုင်ခုံနှစ်ခုတွင် ရူပါနှင့်မေမေက တစ်ခုံထိုင်ကာ၊ သူနှင့်ဖေဖေက တစ်ခုံထိုင်ပါ၏။ ထို့ကြောင့် သူနှင့်ရူပါ သည် တစ်လမ်းလုံး မျက်နှာချင်းဆိုင်လျက် လိုက်ပါခဲ့ရသည်။

ပြဿနာဖြစ်တာက ဆင်းရမယ့် ဘူတာမရောက်ခင် တစ်ဘူတာ အလိုကျမှဖြစ်သည်။ အင်း ့ ပြဿနာရယ်လို့တော့ မဟုတ်ပါဘူးလေ၊ ရေသန့်ဘူးရောင်းတဲ့လူက ငွေပြန်မအမ်းနိုင်တာပါ။

ဘူတာအသေးလေးတစ်ခုမှာ ရထားကို ခေတ္တရပ်သည်။

သူနှင့်ရူပါ ရေသန့်ဘူးရောင်းသောကလေးကို တစ်ပြိုင်တည်း လှမ်းခေါ်လိုက်မိကြသည်။

www.burmeseclassic.com

ရထားက ပြန်ထွက်လုဆဲ ့

ရေသန့်ဘူးရောင်းသောကောင်လေးက ရူပါတို့တွဲသို့ ပြေးလာ ကာ ရူပါနှင့်သူ့ကို ရေသန့်ဘူးများ တစ်ဘူးစီကမ်းပေး၏။

ရူပါကလည်း ငါးရာတန်ပေးသည်။ သူကလည်း ငါးရာတန်ပေး သည်။ ရေရောင်းသောကောင်လေးက နှစ်ယောက်စလုံးကိုပြန်အမ်းဖို့ သူ့ ပိုက်ဆံဘူးလေးထဲမှာ အကြွေကိုငုံ့ရှာနေသည်။ ရထားက ထွက်လုပြီ။

''ဟင် ့အမ်းစရာမရှိဘူး။ ရော့ ့တစ်ရွက်ပြန်ယူလိုက်''

ရေသည်က ကမ်းပေးသော ငါးရာတန်တစ်ရွက်ကို သူကယူကာ အိတ်ထဲ ထည့်ထားလိုက်လေ၏။

''အစ်ကိုနဲ့အစ်မ ယူတာ နှစ်ဘူးဆိုတော့ နှစ်ဘူးဖိုး ဒီငါးရာတန် ထဲက ယူလိုက်မယ်နော်။ ရော့ ့အအမ်းတစ်ရာ''

ရေသန့်တစ်ဘူးလျှင် နှစ်ရာကျပ်မို့ နှစ်ဘူးအတွက် လေးရာ ကျသည်။ ကောင်လေးက ရူပါ ပေးသည့်ငါးရာတန်ထဲက နှစ်ဘူးဖိုး တွက်ကာ အမ်းငွေ တစ်ရာကို ပေးလိုက်ခြင်းဖြစ်၏။

အမ်းငွေကိုလည်း သူကပင် လှမ်းယူလိုက်လေသည်။

ရထားက ထွက်လာပြီ။

''အစ်ကို ့အစ်ကို ့ငွေသုံးရာ အစ်မကို အမ်းပေး လိုက်နော်''

''ကိစ္စမရှိပါဘူးကွ၊ တို့အတူတူလာတာပါ''

''ဩော် ့အတူတူဆိုရင်လည်း ပြီးတာပဲ''

ရူပါက သူ့ကိုမျက်စောင်းထိုးလိုက်သည်။

''ဘာအတူတူလဲ၊ နင်နဲ့ငါနဲ့အတူတူလာတာမှ မဟုတ်ပဲ''

ရူပါက ခပ်တိုးတိုးကျိတ်ကျိတ် ရန်တွေ့လိုက်၏။ ဖေဖေရော မေမေပါ အိပ်ငိုက်နေသောကြောင့် ဖြစ်သည်။

''ရထားတစ်တွဲတည်း မျက်နှာချင်းဆိုင်စီးလာတာ အတူတူလာ တာပေါ့''

သူကလည်း ခပ်တိုးတိုးပြန်ပြောလေ၏။ သူ့မျက်နှာက ပြုံးစိစိ စပ်ဖြဲဖြဲ။

''ကဲပါ ့ပေးပါ၊ ငါ့ပိုက်ဆံသုံးရာ ပြန်အမ်း''

''ဟင် ့ငါးရာတန်ကြီးပဲရှိတယ်၊ နင်မြင်သားပဲ''

''ဒါဖြင့် သူပြန်အမ်းလိုက်တဲ့ တစ်ရာတန် ငါ့ကိုပေး''

''နင်ကလည်း လောဘကြီးလိုက်တာ၊ ရှေ့ဘူတာရောက်တော့ ပေးမှာပေါ့။ နင်ဘယ်မှာဆင်းမှာလဲ ဟင်''

''မသိဘူး''

သူနှင့်သိက္ခမ်းခဲ့သည်မှာ ထိုမျှသာဖြစ်သည်။ ဘေးမှာ ဖေဖေနဲ့ မေမေရှိနေ၍ သူ့ကို အသံကျယ်ကျယ် ရန်မလုပ်ဖြစ်ခဲ့ပေ။

ဆင်းရမယ့်ဘူတာ ရောက်တော့လည်း သူဆင်းသွားလား၊ ဆက်ပါသွားသလားပင် သတိမထားမိခဲ့။ ရူပါတို့က လပ်ဂိတ်နှင့်တင် လာသော ပစ္စည်းများကိုရွေးရဦးမှာမို့ အလုပ်များကာ သူ့ကိုမေ့သွားခဲ့ သည်။

အခုပြန်တွေ့မှပင် ရူပါသည် ရထားပေါ်တွင် ကြိတ်ခံခဲ့ရသမျှ အတိုးချပြီး သူ့ကို ရန်တွေ့ပစ် လိုက်တော့၏။ ပြန်အမ်းငွေသုံးရာကို အကြွေးတောင်းသလို တောင်းပစ်လိုက်ခြင်းပင်ဖြစ်သည်။

''နင်က ပိုက်ဆံလည်း မကုန်ဘူး။ ပြန်အမ်းတဲ့ တစ်ရာတောင် အချောင်ရလိုက်သေးတယ်။ ရေသန့်တစ်ဘူးလည်း အလကားရတယ်။ ငါ့မှာ ငါးရာပေးပြီး ရေတစ်ဘူးပဲ ရတယ်။ သူပြန်အမ်းတဲ့ တစ်ရာတန်ကို

www.burmeseclassic.com

နင်က ကြားက ဖြတ်အုပ်သေးတယ်။ နင်မတရားဘူး၊ နင့်မှာ ငါ့ကိုပေးစရာ ပိုက်ဆံ အခုမရှိရင် ငါထီလက်မှတ်ဖြတ်သွားမယ်''

''ဟ ့ဟ ့မလုပ်ပါနဲ့၊ ဒါ ငါ့ဆိုင်မဟုတ်ဘူး''

''အောင်မယ်၊ ထီလက်မှတ်ဖြတ်မယ်ဆိုမှ ငါ့ဆိုင် မဟုတ်ဘူး လုပ်နေတယ်။ မသိဘူး၊ ငါကတော့ ငါ့အကြွေးကျေအောင် ထီလက်မှတ် ယူသွားမှာပဲ'

ရူပါက အလွယ်တကူတွေ့သည့် ထီလက်မှတ်ငါးစောင်တွဲ တစ်တွဲကို လှမ်းဆွဲလိုက်သည်။

''ဟာ ့အဲဒီငါးစောင်တွဲက ခုနစ်ရာနော်၊ ငါမစိုက်နိုင်ဘူး။ နင့်ကို ပေးရမှာက သုံးရာတည်း''

''ဘာ ့အစိုးရကထုတ်တာ ထီတစ်စောင် တစ်ရာတည်း၊ နင်တို့က ပိုရောင်းနေတာ အရေးယူလို့တောင် ရသေးတယ် ့ဟွန်း''

ရူပါ ထီလက်မှတ်ကို လှမ်းယူလိုက်ချိန်တွင် လက်ဖက်ရည်ကို ကြွပ်ကြွပ်အိတ်ဖြင့် ပါဆယ်ဆွဲရင်း လူတစ်ယောက် ရောက်လာလေ ၏။

သူက ထိုလူ့ကို လက်ညှိုးထိုးပြရင်း –

''ထီဆိုင်က ငါ့ဆိုင် မဟုတ်ဘူး၊ သူ့ဆိုင်။ ဟော့ကောင် ့ဒီမှာ မင်းဆိုင်က ငါးစောင်တွဲကို ဖြုတ်ယူသွားပြီ''

''ဟင်''

''ငါ့ဆီက အကြွေးသုံးရာရစရာရှိတာကို ငါးစောင်တွဲနဲ့နှိမ်ပြီး ယူသွားတာကွာ။ ဒုက္ခပဲ၊ မင်းတော့ ကြားထဲက ခံရပြီ''

''ဘာလို့ခံရမှာလဲကွ၊ မင်းစိုက်ပေးပေါ့''

''ငါ့မှာ ပိုက်ဆံမှမပါတာ''

''ထွန်းကြီးကတော့ လုပ်ပြီကွာ''

''ကဲ ့ကဲ ့ကိုယ့်ပြဿနာ ကိုယ်ရှင်းပေတော့။ တို့ တော့ သွားပြီဟေ့''

ရူပါက ထီလက်မှတ်တွဲကို ယပ်တောင်ခပ်သလို လုပ်ပြကာ ထီလှည်းရှေ့မှ ထွက်ခဲ့လေသည်။

''ဟေ့ ့ဟေ့ ့နေဦးလေ။ ထီနံပါတ်ကူးရဦးမယ်၊ ပိုက်ဆံမပေးရင်တောင် နာမည်ပြောခဲ့ဦး။ ထီပေါက်ရင် အကြောင်းကြား ပေးလို့ရအောင်''

''ကိစ္စမရှိပါဘူး၊ ကိုယ့်ဟာကိုယ် တိုက်ပါ့မယ်''

ရူပါ ခပ်သွက်သွက် ထွက်လာခဲ့လေသည်။

''ဈေးဦးတောင် မပေါက်သေးဘူး။ ထွန်းကြီးတို့ကတော့ မ,ပြီ ဟေ့''

ရူပါက နာမည်ပြောမပြခဲ့။ သူ့နာမည်ကိုတော့ ရူပါ သိလိုက်ရပြီ။ ထွန်းကြီးတဲ့။ နာမည်အပြည့်အစုံက 'ရဲထွန်းခေါင်'ဖြစ်သည်။ ညတုန်းက တစ်ညလုံး ရထားအတူစီးလာရာတွင် သူပိုက်ထားသော သားရေအိတ် တွင် 'ရဲထွန်းခေါင်'အမည်ရေးထားသော လေဘယ်ပြားလေးကို မြင်ခဲ့ရပြီး ဖြစ်သည်။

ဟိုလူက 'ထွန်းကြီး' ဟု ခေါ်လိုက်ပုံထောက်တော့ သူ့နာမည် အပြည့်အစုံက ရဲထွန်းခေါင်ပဲ ဖြစ်ပါလိမ့်မည်။

ရူပါသည် သူ့ကို တန်ပြန်နှိပ်စက်ချင်လို့သာ ခုနစ်ရာတန် ထီလက်မှတ်တွဲကို ဆွဲယူလာခဲ့ခြင်းဖြစ်သည်။ တစ်ရက်လောက်တော့ နှိပ်စက်ထားဦးမယ်။ မနက်ဖြန်ကျရင်တော့ နောက်တစ်ခေါက် ပြန်လာ ကာ ထီလက်မှတ်ဖိုးလိုငွေကို ရှင်းပေးလိုက်မည်ဟု စိတ်ကူးသည်။

www.burmeseclassic.com

ရူပါ့စိတ်ထဲမှာ သူ့ကိုတွေ့လိုက်လို့ ပျော်လည်းပျော်သွားမိ၏။ သူစိမ်းဖြစ်သောမြို့မှာ တစ်ညလုံး ရထားအတူစီးလာသူကို ပြန်တွေ့လိုက် ရ၍ ဝမ်းသာသွားမိခြင်း ဖြစ်သည်။ သူနဲ့ကိုယ်နဲ့က ရွယ်တူချင်းတွေဆို တော့ နောင်တော့ သူငယ်ချင်းတွေဖြစ်ကြသေးတာပေါ့။

ရူပါက မနက်ဖြန်မှ အဝေးပြေးကားကွင်းကို ပြန်လာကာ သူ နှင့် ကောင်းကောင်းမွန်မွန် မိတ်ဆက်စကားပြောတော့မည်ဟု ဆုံးဖြတ် လိုက်လေ၏။

အိမ်ကိုပြန်ရောက်တော့ စက်ဘီးလေးကို သစ်ပင်ကြီးတစ်ပင် မှာ ထောင်ထားလိုက်သည်။

အိမ်ထဲမဝင်ခင် အမှတ်မထင် တစ်ဖက်ခြံကို လှည့်ကြည့်လိုက် တော့ အပေါ်ထပ်ပြတင်းပေါက်မှ အရိပ်တစ်ခုကို မြင်လိုက်ရလေသည်။

မိန်းကလေးတစ်ယောက်ပဲ ဖြစ်ပါသည်။

ရူပါ ကြည့်နေဆဲမှာပင် ထိုမိန်းကလေး၏ပုံရိပ်သည် ဝေဝါး မှေးမှိန် သွားလေ၏။ ပြတင်းပေါက်မှ ထွက်ခွာသွားခြင်း မဟုတ်ပါဘဲ ရပ်နေသောမိန်းကလေး၏ ပုံသဏ္ဌာန် မှေးမှိန်သွားခြင်းပင် ဖြစ်ပါသည်။

ရူပါသည် ကိုယ့်အမြင်ကိုယ် ဇဝေဇဝါဖြစ်ကာ နောက်တစ်ခေါက် ပြန်ကြည့်လိုက်သည်။ မိန်းကလေး ၏ပုံရိပ်က ပြန်လည်ထင်ရှားလာပြန်သည်။ သူမ ဝတ်ဆင်ထားသောအင်္ကျီအဖြူရောင်က နောက်ခံအခန်း မှောင် မှောင်ကြောင့် အဖြူရောင်ထင်းနေလေ၏။

ပြတင်းပေါက်မှ မိန်းကလေးက ညာဘက်လက်ကို မြှောက်၍ ပြလိုက်သည်။ သူ ငါ့ကို နှုတ်ဆက် လိုက်တာများလား။

ရူပါ့စိတ်ထဲ ဇဝေဇဝါဖြစ်နေသည်။ သူမ လက်မြှောက်ပြလိုက် သလား၊ မပြလိုက်ဘူးလား၊ မသေချာ။

အိမ်ထဲမဝင်ခင် ပြတင်းပေါက်ဆီ လှမ်းကြည့်လိုက်ပြန်တော့ သူမ၏ပုံရိပ်ကို လုံးဝမမြင်ရပြန်တော့ပေ။ ချက်ချင်းပျောက်ကွယ်သွားပုံမှာ အခိုးအငွေ့ဖြစ်ပြီး လွင့်ပျံ့သွားသည်နှင့် တူလှ၏။ အိမ်ထဲကို ဝင်သွားတာ ပဲလား၊ ပျောက်သွားတာပဲလား။

ရူပါသည် တစ်ညလုံးရထားစီးလာရလို့ အိပ်ရေးမဝဖြစ်ပြီး အမြင်တွေမှားနေသလား မသိတော့ပါ။

♛ ♛ ♛ ♛ ♛

ကေသွယ်အောက်ထပ်ကို ဆင်းလာတော့ ညှော်ခန်းထဲမှာ တစ်စုံ တစ်ခုကို ရှာဖွေနေသော မေမေ့ကို တွေ့ရလေသည်။

''ဒါက ဘယ်သွားမလို့လဲ မိကေသွယ်''

''ဘယ်မှမသွားပါဘူး မေမေ''

''အေး ့အေး ့မသွားနဲ့၊ ညည်းအဖေ မရှိတုန်း တာဝန်က ငါ့ခေါင်းပေါ်မှာချည်းပဲ''

ကေသွယ် သက်ပြင်းချလိုက်သည်။ မေမေ့စောင့်ကြပ်မှုက ပိုပြီးတော့တောင် ကျဉ်းကျပ်နေပါသေး သလား။

''ဒါနဲ့ ကေသွယ်၊ ဒီပေါ်မှာတင်ထားတဲ့ ယုဝတီခင်စိန်လှိုင် ဝတ္ထုစာအုပ် တွေ့မိလား''

''ဝတ္ထုစာအုပ်၊ ယုဝတီခင်စိန်လှိုင် ဟုတ်လား။ သတိမထားမိပါ ဘူး မေမေရယ်''

''ငါ ဖတ်ဖို့မဟုတ်ပါဘူး အေ။ ညည်းအတွက် ငှားလာတာပါ။ လမ်းထိပ်စာအုပ်ဆိုင်ကို အကြောင်းပြပြီးထွက်မှာစိုးလို့ ညည်း ကြိုက်တဲ့ ဝတ္ထုစာအုပ်ဆိုပြီး ငှားလာလိုက်တာ။ ငါညှော်ခန်းစားပွဲပေါ်မှာ တင်ထားခဲ့တာပါ၊ ဘယ်ရောက်သွားပါလိမ့်''

''ထားလိုက်ပါ မေမေရယ်၊ သမီးလည်း ဖတ်ချင်စိတ် မရှိပါဘူး''

''ပျောက်မှာစိုးလို့ပါအေ ့မောင်စံမင်းများ အလွယ်တကူ တွေ့လို့ ဆွဲသွားသလား မသိဘူး''

www.burmeseclassic.com

''ကိုစံမင်း လာမှ မေးကြည့်တော့လေ''

''စနေနေ့ ညည်းအဖေပြန်လာမှ ဘူတာသွားကြိုဖို့ ပြောလိုက် တယ်အေ့။ ကြားထဲမှာ မလာခိုင်းတော့ဘူး။ ဘယ်မှလည်း သွားစရာ မရှိဘူးလေ'

ကေသွယ်ခြံထဲထွက်လျှင်လည်း ဒေါ်မြမြမူက သက်ာမကင်းစွာ လိုက်ပါလာဦးမည်မို့ ကေသွယ်က စိတ်ကိုလျှော့ကာ အိမ်ပေါ်ပြန်တက်ခဲ့ လေသည်။

လှေကားအလယ်ရောက်မှ သတိရကာ ကေသွယ်က ပြောလိုက် သည်။

''မေမေ ့ဟိုဘက်ခြံကို လူသစ်တွေပြောင်းလာကြပြီ''

''ဟင်''

''အန်ကယ်ဦးထင်ကျော်တို့ ပြောင်းသွားပြီ မေမေ။ မာမာကျော် က သမီးကိုတောင် လာနှုတ်မဆက်ဘူး။ သမီးမရှိတုန်းများ မေမေတို့ကို လာပြောသွားသေးလားဟင်''

ဒေါ်မြမြမူက ကြောင်ငေးငေးဖြင့် ကေသွယ့်ကို ကြည့်နေသည်။

ဦးထင်ကျော်၊ မာမာကျော်ဆိုသည့်အမည်များက ဒေါ်မြမြမူ မှတ်ဉာဏ်ထဲမှာ ထင်ပေါ်မလာပေ။ စဉ်းစားလို့လည်း မရပေ။

''ဟင် ့မေမေ''

ကေသွယ်က ထပ်မေးလိုက်သည်။

''ဘာလဲအေ ့ငါမသိဘူး၊ ဘယ်က ဦးထင်ကျော်လဲ။ ငါစဉ်းစားမရဘူး ကေသွယ်။ ငါ တွေးနေတာ တစ်ခုပဲ ရှိတယ်။ ယုဝတီ ခင်စိန်လှိုင် စာအုပ် ဘယ်ရောက်သွားသလဲ။ ပျောက်ရင် လျော်ရတော့ မှာပဲ''

ကေသွယ်က ဒေါ်မြမြမူကို စိတ်ပျက်စွာကြည့်ကာ အိမ်ပေါ်သို့ ဆက်တက်ခဲ့လေတော့သည်။

ဟိုဘက်အိမ်ကလူတွေ ပြောင်းသွားတဲ့အကြောင်း ဒေါ်မြမြမူသိအောင် သတင်းပေးလိုက်တာ တခြား ကြောင့် မဟုတ်ပေ။ ကေသွယ်နဲ့ မာမာကျော်က ခင်နေတော့ ကေသွယ်ခြံထဲဆင်းသွားတာကို မာမာကျော် အဆက်အသွယ်လုပ်ဖို့လို့ သံသယမဝင်အောင်လို့ ဖြစ်သည်။ မာမာကျော်တို့ မရှိတော့ဘူးဆိုရင် ခြံထဲကို စိတ်ချလက်ချ ဆင်းခွင့်ပေးနိုင်တယ် မဟုတ်ပါလား။

သို့သော် မိခင်ဖြစ်သူ၏ ယောင်ချာချာတုံ့ပြန်ပုံကို ကေသွယ် စိတ်ပျက်သွားလေ၏။

ညမှောင်လာလေပြီ။

ကေသွယ်သည် ညမှောင်လာလေ ဘာကိုကြောက်မှန်းမသိ ကြောက်လာမိလေ၏။ ခုတင်ပေါ်တွင်ထိုင်ကာ ဘာဆက်လုပ်ရမှန်းမသိဘဲ ယောင်လည်လည် ဖြစ်နေသည်။ အိပ်လည်း မအိပ်ချင်ပါလား။

ကေသွယ့်စိတ်ထဲမှာ အတွေးတစ်မျိုးတည်း ရှိနေသည်။ စနေနေ့ မနက်ဆိုလျှင် ဖေဖေပြန်လာတော့မည်။ ဖေဖေပြန်လာလျှင် ကေသွယ်နှင့် ပေးစားမည့် သတို့သားပါလာလိမ့်မည်။ ဖေဖေတို့ပေးစားတဲ့လူကို ကေသွယ် လုံးဝမယူချင်။

ကေသွယ် ထွက်ပြေးမည်။

ဖေဖေ ပြန်မရောက်ခင် စနေနေ့မတိုင်ခင် ပြေးရပါလိမ့်မည်။

မိဘတွေပေးစားတဲ့လူကိုလည်း မယူချင်၊ ကိုထွဋ်နဲ့လည်း ကေသွယ် အကွဲမခံနိုင်ပေ။ ကိုထွဋ်နဲ့မပေါင်းရ ရင်တော့ ကိုယ့်ကိုကိုယ်ပင် သတ်သေပစ်လိုက်တော့မည်။

ကိုထွဋ်နဲ့ ဘယ်လိုဆက်သွယ်ရမလဲ၊

ဟိုဘက်ခြံကို ပြောင်းလာတဲ့ကောင်မလေး ကူညီနိုင်လိမ့်မည် ဟု မျှော်လင့်ပါသည်။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

## Day 2

### စက်တင်ဘာ ၂၀ ရက်၊ အင်္ဂါနေ့

အိပ်ရာနိုးသည်နှင့် ကေသွယ့်အာရုံထဲမှာ ဟိုဘက်ခြံက ကောင်မလေးနှင့် မိတ်ဆွေဖွဲ့ဖို့ကိစ္စဝင်လာသည်။

ကေသွယ်က အိပ်ရာထဲမှ လူးလဲထလိုက်၏။

ဘယ်နှစ်နာရီရှိပြီလဲ။ အချိန်သိချင်စိတ်ပေါ်လာမှပင် သူမ အခန်းထဲမှာ နာရီတစ်လုံးမှ ရှိမနေတာကို သတိရမိသည်။ စားပွဲတင် နာရီလည်း မရှိ၊ တိုင်ကပ်နာရီလည်းမရှိ၊ ပြီးတော့ သူမမှာ လက်ပတ်နာရီ လည်း ရှိမနေပါ။ နာရီတွေ ဘယ်ပျောက်ကုန်ပါလိမ့်။

အပြင်ကို မျှော်ကြည့်လိုက်တော့ နေရောင်ပင် အတော်လင်းပွင့် နေတာ တွေ့ရသည်။ မေမေ ဘာလို့ လာမနှိုးပါလိမ့်။

ကေသွယ်က မျက်နှာသုတ်ပဝါကို ဆွဲယူကာ အောက်ထပ်သို့ ဆင်းခဲ့သည်။ အောက်ထပ်မှာလည်း မေမေရှိမနေပါ။ မေမေဈေးများ သွားသလား။ မဖြစ်နိုင်၊ မေမေက ကေသွယ့်ကို မျက်ခြည်မပြတ်စောင့် ကြည့်ဖို့ တာဝန်ရှိတယ်လို့ ညကပင် ပြောထားသေးသည်။ သူမ တစ်ယောက်တည်းထားခဲ့ပြီး မေမေ ဈေးကိုသွား မည်မဟုတ်။

မျက်နှာသစ်ပြီးလို့ ရေချိုးခန်းထဲက ထွက်လာတဲ့အထိ မေမေ့ကို မမြင်မိပေ။ မေမေ ဒီအိမ်မှာ မရှိ တော့ဘူးလား။ ဒါဆို သူမ ထွက်ပြေးဖို့ လွယ်လွယ်လေး။

''ငါ ဒီမှာရှိပါတယ် အေ့''

''အို''

မေမေ့ပုံရိပ်က ကေသွယ့်ရှေ့မှာ ဖျတ်ခနဲ ပေါ်လာသည်။ ကေသွယ် လိပ်ပြာလွင့်မတတ် လန့်သွား၏။

''ဟင်း ့ဟင်း ့ညည်းက ငါမရှိရင် ထွက်ပြေးဖို့ ကြံနေတာ မဟုတ်လား။ ငါဘယ်မှမသွားဘူး၊ ရှိနေပါတယ်အေ့''

မေမေက ကေသွယ့်စိတ်ထဲက အကြံအစည်ကို သိနေပါက လား။

''မဟုတ်ပါဘူး မေမေ၊ ဘယ်နှစ်နာရီထိုးပြလဲလို့၊ နာရီရှာနေ တာ''

''နာရီ''

''ဟုတ်တယ်၊ နာရီလည်း တစ်လုံးမှမရှိဘူး။ နာရီတွေ ဘယ် ရောက်ကုန်သလဲ''

''ဧည့်ခန်းမှာ တိုင်ကပ်နာရီတစ်လုံး ရှိပါတယ်အေ။ ဒါပေမဲ့ ရပ်နေတယ်''

''မနေ့က မေမေ သမီးကိုလာနှိုးတော့ ရှစ်နာရီခွဲပြီဆို။ ဘယ် နာရီကို ကြည့်ပြီးပြောတာလဲ''

''ငါမသိဘူး၊ ဘယ်အချိန်ဖြစ်ဖြစ်ပေါ့အေ။ ဒီနေ့ အင်္ဂါနေ့၊ စက်တင်ဘာလ ၂၀ ရက်နေ့အေ့။ စနေနေ့ကျ ညည်းအဖေ ပြန်လာမယ်''

www.burmeseclassic.com

မေမေက အဆက်အစပ်မရှိသောစကားတွေ ပြောနေသည်။ မေမေ့မျက်လုံးများကိုကြည့်တော့ ဇဝေဇဝါ ယောင်ချာချာ။ မေမေ ဘယ် လို ဖြစ်နေပါလိမ့်။ ကေသွယ် မေမေ့ကိုကြည့်ရင်း ကြောက်လာသည်။ ဘာမျှပြန်မပြောတော့ဘဲ မေမေ့ရှေ့မှ ထွက်လာခဲ့သည်။

''မောင်စံမင်း လာရင်ကောင်းမှာပဲ။ နာရီဓာတ်ခဲ လဲခိုင်းရ အောင်။ လာမှာ မဟုတ်ပါဘူးလေ ့သူ့ကို စနေနေ့မှ လာခိုင်းထား တာ' '

မေမေက တစ်ယောက်တည်း ရေရွတ်နေ၏။

လှေကားရင်းရောက်တော့ ရွက်ဆုပ်ပြက္ခဒိန်လေး၏ အပေါ်ဆုံး စာရွက်ကို သတိတရဖြင့် ဆုပ်ဖြဲလိုက်၏။

စက်တင်ဘာလ ၂၀ ရက်၊ အင်္ဂါနေ့ရက်စွဲ စာရွက်ကလေး ပေါ်လာလေ၏။ ပြက္ခဒိန်ထဲမှ ခင်သီတာထွန်းက သူမကို ပြုံးကြည့်နေ လေသည်။

♛ ♛ ♛ ♛ ♛

အပေါ်ထပ်ရောက်လို့ တစ်ဖက်ခြံကို လှမ်းကြည့်လိုက်တော့ ဟို ကောင်မလေး၏အရိပ်ကို မမြင်ရ။

ကောင်မလေးကို ခင်မင်အောင်မိတ်ဖွဲ့ရမည်။ ရွယ်တူလူငယ် ချင်းမို့ အလွယ်တကူ ခင်မင်နိုင်လိမ့်မည် ထင်သည်။ အရေးကြီးတာက မေမေ အလစ်ပေးဖို့ပဲ ဖြစ်သည်။

ကေသွယ်သည် လှေကားထိပ်မှနေ၍ မီးဖိုခန်းထဲသို့ချောင်း ကြည့်လိုက်၏။ မေမေက ညှော်ခန်းဘက်သို့ နောက်ကျောခိုင်းကာ ငြိမ် သက်စွာ ထိုင်နေသည်။

ကေသွယ်သည် ဖြည်းညင်းစွာ ချွတ်နင်း၍ လှေကားအတိုင်း ဆင်းခဲ့သည်။ ခြေသံကို မေမေ မကြားအောင် အိမ်ရှေ့ဘက်ထွက်ခဲ့၏။

အိမ်ရှေ့တံခါးမကြီးကို ဖွင့်လိုက်သည်။

ကေသွယ် အံ့သြသွား၏။ တံခါးမကြီးကို အတွင်းမှ ကလန့်ထိုး မထား။ ကလန့်ထိုးမထား၍ ကေသွယ်က တံခါးကို အပြင်သို့ တွန်းကြည့် လိုက်သည်။ ပွင့်မသွားပါ။ တံခါးကို အပြင်ဘက်မှ သော့ခတ်၍ပိတ်ထား ခြင်းဖြစ်ပါသည်။ မေမေသည် ဘာစိတ်ကူးနှင့်များ အပြင်ဘက်မှသော့ခတ် ထားပါလိမ့်။

ဘေးတံခါးတစ်ချပ်ရှိနေ၍ တော်သေးသည်။ ကေသွယ်သည် အိမ်ဘေးဘက်တံခါးဆီသို့ တိတ်ဆိတ်စွာ လျှောက်သွားလိုက်သည်။ တံခါး မှာ တစ်ချပ်တည်းသော တံခါးရွက်ဖြင့် ပြုလုပ်ထားသောအပေါက် ဖြစ် သည်။

ကေသွယ်က ကလန့်ကိုဆွဲချလိုက်၏။ သံကလန့်မှာ သံချေးတွေ တက်နေပါလား။ ကလန့်၏သံတိုင်လေး ကို ဟိုဘက်သည်ဘက် လှည့်လိုက်မှပင် သံချေးများကွာကျကာ ကလန့်က အောက်သို့ကျလာ ၏။

ကေသွယ်က တံခါးချပ်ကိုတွန်းဖွင့်လိုက်သည်။ ပတ္တာများဆီမှ ကျွီခနဲမြည်သံရှည်ထွက်ကာ ပွင့်သွားသည်။

ကေသွယ် မီးဖိုဘက်သို့ လှည့်ကြည့်လိုက်သည်။ မေမေက မလှုပ်မယှက် နောက်ကျောခိုင်းလျက် ထိုင်နေဆဲ။

ကေသွယ် ဖျတ်လတ်စွာပင် အပြင်ဘက်သို့ ထွက်လိုက်သည်။

ပြင်ပမှ နေရောင်နှင့်ထိတွေ့လိုက်၏။ ကေသွယ့်မျက်လုံးများ ပြာဝေသွားကာ လူကလည်း မူးဝေသလိုလို ယိမ်းယိုင်သလိုလို ဖြစ်သွား လေသည်။

ခြံစည်းရိုးအစပ်ဆီ လျှောက်လာတော့ ကေသွယ်၏ကိုယ်သည် လေထဲတွင် လွတ်လပ်စွာ လွင့်မျောနေ သလို ခံစားရသည်။ လမ်းလျှောက်ဖို့ အားစိုက်လိုက်ရတယ်လို့ မထင်ရ။ ပေါ့ပါးစွာဖြင့် ခြံစည်းရိုးအစပ်ဆီ ရောက်သွားလေ၏။

ခြံစည်းရိုးဘေးရောက်သည်နှင့် ကေသွယ်က တစ်ဖက်ခြံထဲ သို့ ချောင်းကြည့်လိုက်သည်။

www.burmeseclassic.com

ကောင်မလေးကို မတွေ့ရ။ မေမေတို့အရွယ်အမျိုးသမီးကြီး တစ်ယောက်သာ ခြံထဲ၌ လမ်းလျှောက်နေလေသည်။ ကောင်မလေးရဲ့ အမေ ဖြစ်ပုံရသည်။

အမျိုးသမီးကြီးက ခြံထဲတွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက် နေခြင်းဖြစ်၏။ ကေသွယ် ချောင်းကြည့်လိုက်ချိန်၌ အမျိုးသမီးကြီးက ကေသွယ်ရှိရာဘက်သို့ လှည့်လိုက်သည်။

''ဟင်''

ကေသွယ်သည် ကြက်သီးမွေးညင်းများထကာ ဖောရွေးများ ပြန်လာလေ၏။

အမျိုးသမီးကြီးလက်ထဲတွင် စိပ်ပုတီးတစ်ကုံးက လှုပ်ယမ်းနေသည်။ အမျိုးသမီးကြီးက နှုတ်မှတဖွဖွ ရွတ်ဆိုကာ စိပ်ပုတီးကို စိပ်လျက်ရှိသည်။

ကေသွယ်၏ကိုယ်သည် နောက်သို့ အလိုလိုလန်ထွက်ကာ အိမ်ဆီသို့ အပြေးပြန်လာမိတော့သည်။

အိမ်ထဲကို ဘယ်လိုရောက်လာမှန်းပင် မသိလိုက်။ ကေသွယ့် တစ်ကိုယ်လုံး ဖောရွေးများဖြင့် ရွှဲနစ်နေ၏။ ကြောက်လွန်းလို့ အသည်း တုန် အူတုန်ပင် ဖြစ်သွားမိသည်။

ဟိုဘက်ခြံမှာ ကောင်မလေး ရှိမနေပါလား။ သူ့အမေကတော့ ကြောက်စရာကြီး။

ကေသွယ်သည် ဘေးတံခါးချပ်ကို ကလန့်ပြန်မထိုးတော့ဘဲ စေ့ရုံစေ့ထားလိုက်သည်။ နောက်တစ်ခါပြန်ဖွင့်လျှင် တံခါးဖွင့်သံ မေမေကြားမှာစိုးလို့ပဲ ဖြစ်ပါသည်။ ကေသွယ်က သက်ပြင်းကိုချရင်း အိမ်ပေါ်သို့ ပြန်တက်ခဲ့လေ၏။

ရူပါသည် ခေါင်းရင်းခြံမှ ဒေါ်ကျော့မူသမီးလာခေါ်၍ ဒေါ်ကျော့ မူ သမီးနှင့် ပါသွားခြင်းဖြစ်သည်။

ဒေါ်ကျော့မူသမီး မကြည်ပြာမှာ ရူပါ့ထက် အသက်လေးငါးနှစ် ပိုကြီးမည်။ မမကြည်ပြာက မြို့ထဲကို လိုက်ပြမည်ဆိုကာ မနက်စောစော ကတည်းက လာခေါ်သောကြောင့် ကြည်ပြာ၏မော်တော်ဆိုင်ကယ်နှင့် ပါသွားခြင်းဖြစ်၏။

ကြည်ပြာက ရူပါ့ကို မြို့အနှံ့လိုက်ပြခဲ့သည်။

မြို့နှင့် လေးမိုင်ခန့်ဝေးသော တောင်ပေါ်စေတီကိုလည်း လိုက်ပို့ သည်။

အပြန်မှာ ဈေးထဲဝင်၍ သည်မြို့၏နာမည်ကြီး ထမင်းချဉ်ဝင် စားကြသည်။

အိမ်ပြန်ရောက်တော့ မနက်ကိုးနာရီခွဲပြီ။

ရူပါအိမ်ပြန်ရောက်ချိန်တွင် မေမေက ခြံထဲတွင် ပုတီးစိပ်ရင်း ရူပါ့ကို စောင့်နေတာတွေ့ရသည်။

မကြည်ပြာက မေမေ့ကို နှုတ်ဆက်ပြီး ပြန်သွား၏။

ရူပါနှင့်မေမေ အိမ်ထဲသို့ဝင်ခဲ့ကြသည်။

''ဒေါ်ကျော့မူက ဟင်းချက်စရာတွေ လာပေးသွားသေးတယ် သမီးရေ။ အားနာစရာကို ကောင်းနေပြီ''

''ဟုတ်လား မေမေ၊ မကြည်ပြာက သမီးကိုလည်း လိုက်ပို့ လိုက်တာအနှံ့ပဲ။ မြို့အပြင်က ဘုရားတောင် ရောက်ခဲ့သေးတယ်''

''ဒေါ်ကျော့မူပေးခဲ့တဲ့ ဝက်သားပြားကို ကြော်ထားတယ် သမီး။ သမီးစားတော့မလား''

''မမကြည်ပြာနဲ့ ဈေးထဲမှာ ထမင်းချဉ်ဝင်စားခဲ့သေးတယ် မေမေ။ သမီး တော်တော်နဲ့ဆာမှာ မဟုတ်ဘူး''

''အားနာစရာကွယ်၊ ပိုက်ဆံ သမီးရှင်းလိုက်ရဲ့လား''

''ဟင့်အင်း၊ သမီး ရှင်းတာကို မမကြည်ပြာက မရဘူး။ သူပဲ ရှင်းလိုက်တယ်''

''အားနာဖို့ကောင်းလိုက်တာ''

www.burmeseclassic.com

''ဒီလိုလုပ်ပါလား မေမေ၊ သမီးတို့ မုန့်ဟင်းခါးချက်စားကြ တာပေါ့။ အန်တီမူတို့တစ်အိမ်လုံး ဖိတ်လိုက်လေ''

''မေမေက စီစဉ်ပြီးပြီ၊ စနေနေ့မှာ လုပ်ဖို့စီစဉ်ထားတာ။ ဒေါ်ကျော့မူတို့ တစ်အိမ်တည်း မဟုတ်ဘူး။ အရာရှိကတော်တွေအားလုံး ဖိတ်ခိုင်းထားတယ်။ သူက မေမေ့ကို အရာရှိကတော်တွေနဲ့ မိတ်ဆက်ပေး မယ်ဆိုတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ် မေမေတို့အိမ်ကိုဖိတ်ပြီးတော့ ဧည့်ခံလိုက်တော့မယ်လေ''

''အဲဒါလည်း ကောင်းသားပဲ မေမေ''

''ရုံးကကောင်မလေးတွေ လာကူလုပ်ဖို့ သမီးအဖေနဲ့မှာလိုက်တာပဲ။ စနေဆိုတော့ အားလုံးအားကြတယ် မဟုတ်လား''

မေမေနဲ့စကားပြတ်တော့ ရူပါက သူမအခန်းထဲဝင်ကာ အဝတ် အစားလဲလိုက်သည်။

အဝတ်အစားလဲပြီးလို့ ဟိုဘက်ခြံထဲသို့လှမ်းကြည့်လိုက်ရာ အပေါ်ထပ်ပြတင်းပေါက်တွင် ရပ်နေသော မိန်းကလေးတစ်ယောက်ကို မြင်လိုက်ရလေသည်။ သည်တစ်ခါတော့ ထင်ထင်ရှားရှား မြင်လိုက်ရ ခြင်းဖြစ်ပြီး မိန်းကလေးပုံရိပ်သည် ပျောက်သွားခြင်း၊ ဝေဝါးသွားခြင်းများ မရှိတော့ပါ။

သူကလည်း ရူပါလှမ်းကြည့်သည်ကို မြင်ပုံရပြီး ရူပါ့ကို လက် ဝှေ့ယမ်းပြလိုက်လေသည်။ ရူပါ့အတွက် အဆန်းတကြယ် ဖြစ်သွားလေသည်။ သူ ရူပါနဲ့သိကျွမ်းချင်လို့များလား။ သူဘယ်သူလဲ၊ အိမ်တွင်းပုန်း မိန်းက လေးတစ်ယောက်လား၊ အိမ်ကြီးထဲမှာ အချုပ်နှောင်ခံထားရတာ လား။

ရူပါက စိတ်ဝင်စားလာကာ ခြံထဲသို့ထွက်လာခဲ့လေသည်။ ခြံထဲအရောက်တွင် ခြံစည်းရိုးအစပ်ထိသွားကာ တစ်ဖက်ခြံက မိန်းကလေးကို လက်ဝှေ့ယမ်းပြလိုက်၏။ ထိုအချိန်ထိ မိန်းကလေးက အပေါ်ထပ် ပြတင်းပေါက်တွင် ရပ်နေဆဲ၊

ရူပါ လက်ပြလိုက်သည်နှင့် သူမက ပြတင်းပေါက်မှခွာလိုက် လေသည်။ သူ အောက်ကိုဆင်းလာတာပဲ ဖြစ်မှာပါ။

♛ ♛ ♛ ♛ ♛

ကောင်မလေးလက်ပြတာကို မြင်လိုက်ရ၍ ကေသွယ်ဝမ်းသာ သွားသည်။

ကေသွယ်သည် ပြတင်းပေါက်မှခွာကာ မေမေ့အခြေအနေကို ကြည့်ပြီး အောက်သို့ဆင်းခဲ့လေသည်။ မီးဖိုခန်းထဲ၌ မေမေ့ကို မတွေ့ရ ပါ။

ကေသွယ်က အသင့်ဖွင့်ထားပြီးဖြစ်သော ဘေးတံခါးကို လှပ်ကာ ခြံထဲဆင်းလိုက်၏။ တံခါးကို အသံ မထွက်အောင် ပြန်စေ့လိုက် သည်။

ခြံစည်းရိုးအစပ်သို့လာခဲ့သည်။

တစ်ဖက်ခြံမှ မိန်းကလေးက စည်းရိုးအစပ်မှ ရပ်စောင့်နေလေ၏။

မိန်းကလေးသည် ကေသွယ့်ကိုအံ့သြဟန်ဖြင့် ငေးစိုက်ကြည့်နေ၏။ ကေသွယ်က မိန်းကလေးကို ရယ်ပြလိုက်သည်။

ရူပါသည် တစ်ဖက်ခြံမှ မိန်းကလေးပုံစံကိုကြည့်ပြီး တကယ် ကို အံ့သြနေပါသည်။ သူမရယ်ပြလိုက်တော့ သူမပါးနှစ်ဖက်မှာ ပါးချိုင့် လေး နှစ်ခုခွက်ဝင်သွားတာကို မြင်လိုက်ရသည်။

''ယူက အဲဒီဘက်ကို ပြောင်းလာတာလားဟင်''

''ဟုတ်တယ်''

www.burmeseclassic.com

''မာမာကျော်တို့ပြောင်းသွားတာ သိတောင် မသိလိုက်ဘူး။ မာမာကျော်က အိုင့်ကိုတောင် နှုတ်ဆက် မသွားဘူးဟယ်''

''ရှင်''

ရူပါသည် သူမ၏အပြင်အဆင်ကို ကြည့်၍ အံ့ဩရသည့်ကြားထဲ 'ယူ'နှင့်'အိုင်'နှင့် သုံးနှုန်းနေသည့်အတွက် ထူးဆန်းနေပြန်သည်။

''တို့နာမည်က ရူပါပါ၊ ဖေဖေက သစ်တောအရာရှိ၊ မနေ့ကမှ တို့ပြောင်းလာတာပါ။ ဒီကပြောတဲ့ မာမာကျော်ဆိုတာ တို့နဲ့မဆုံလိုက် ဘူး''

''အိုင့်နာမည်က ကေသွယ်ပါ၊ အပြည့်အစုံက ကေသွယ်မိုးမြင့် တဲ့။ မနေ့ကကတည်းက ယူ့ကိုမြင်တယ်။ မာမာကျော်က ယူ့ဖေဖေ့အရင် က သစ်တောအရာရှိကြီး ဦးထင်ကျော်ရဲ့သမီးလေ။ အိုင်နဲ့သိပ်ခင်တာ''

''ဖေဖေ့ထက် အရင်နေသွားတဲ့အရာရှိနာမည်က တို့သိတာ တော့ ဦးရောဘတ်တင်မောင်ပါ မကေသွယ်။ ဦးထင်ကျော် မဟုတ်ပါဘူး''

''ဟင်''

ကေသွယ်က အံ့ဩသွားလေသည်။ ရောဘတ်ဆိုတာ ဦးထင် ကျော်ရဲ့ အင်္ဂလိပ်နာမည်ပဲလား။ တချို့က ငယ်ငယ်က ခရစ်ယာန် သာသနာပြုကျောင်းမှာနေခဲ့ဖူး၍ အင်္ဂလိပ်နာမည် သီးခြားရှိတတ်သည်။

ရူပါက ကေသွယ်၏အဝတ်အစားအပြင်အဆင်ကိုသာ ငေး ကြည့်နေမိ၏။ ကေသွယ့်ဆံပင်ပုံစံမှာ သရီးစတက်ခေါ်သော သုံးဆင့်ညှပ် ထားသည့် ဆံပင်ပုံမျိုးဖြစ်သည်။ နည်းနည်းတော့ အောက်နေပြီဆိုရမည်။ ခုခေတ်မှာ ဒီဆံပင်ပုံမျိုး မညှပ်ကြတော့။

အင်္ကျီကလည်း လက်အဖျားမှာ တဖြည်းဖြည်းပွသွားတဲ့ ခေါင်းလောင်းအင်္ကျီလို့ခေါ်သောအင်္ကျီ ဖြစ်လေသည်။ လက်အဖျား၌ ဇာအနားကိုပင် တပ်ထားလိုက်သေး၏။ ရူပါ့အတွက်တော့ ရယ်စရာကြီးလိုဖြစ်နေပေသည်။

''ယူ ကျောင်းနေသလား ရူပါ''

''ရူပါ ဆယ်တန်းအောင်ထားပါတယ်၊ ဒီနှစ်အောင်တာလေ'

''ဟယ် ့ဟုတ်လား၊ အိုင်နဲ့အတူတူပဲ။ အိုင်လည်း ဒီနှစ် အောင်တာ။ ရိုးရိုးပဲအောင်တာလား၊ အိုင်တော့ ရိုးရိုးပဲ အောင်တယ်''

''ရူပါ ဂုဏ်ထူးနှစ်ဘာသာပါတယ်။ ကွန်ပျူတာတက္ကသိုလ်တက် ခွင့်ရမလားမသိဘူး။ ဝင်ခွင့်တော့ တင်ထားတယ်''

ကေသွယ်က အားကျသလိုကြည့်လိုက်သည်။

''အိုင်တော့ စာပေးစာယူသင်တန်းပဲ တက်တော့မယ်ဟယ်။ အိုင်က မလွှတ်လပ်ဘူးကွ။ မိဘတွေက သိပ်ချုပ်ချယ်တယ်''

'အဝေးသင်တက်မယ်ပေါ့''

အဝေးသင်တက္ကသိုလ်ကို စာပေးစာယူသင်တန်းလို့ သုံးနှုန်း လိုက်တာကို သတိထားမိသည်။

''မေမေတို့ကလေ အိုင့်ကို အိမ်ထောင်ချပေးချင်နေတာ။ ယူ့ကို သိပ်အားကျတာပဲ ရူပါ။ ယူ့တိုက်ပ်က သိပ်ဖရီးဖြစ်တာပဲနော်''

ရူပါ ရယ်လိုက်မိသည်။ ကေသွယ့် အပြောအဆိုတွေက တစ်မျိုး ပါလား။

''အိုင် ့ယူ့ဆီက အကူအညီတစ်ခုတောင်းချင်လို့''

ကေသွယ်က သူ့အိမ်ထဲသို့ စိတ်မလုံသလို နောက်လှည့်ကြည့် လိုက်ရင်း ခပ်တိုးတိုးပြောလိုက်သည်။ ခြံစည်းရိုးနားသို့လည်း ပို၍တိုး ကပ်လိုက်သည်။

www.burmeseclassic.com

ရှုပါသည် ကေသွယ့်ထံမှ အနံ့အသက်တစ်ခု ရလိုက်သလိုထင် မိ၏။ ပိုးဟပ်ချေးနံ့လိုလို၊ တစ်စုံတစ်ခုကို လှံသောအရာထဲသို့ ကြာရှည် ထည့်ထားရာမှ ပြန်ထုတ်လိုက်သည့်အခါ နံသည့်အနံ့မျိုး။

''ညှော်သည်ကို အိမ်ရှင်က အကူအညီတောင်းတယ်ဆိုတော့ ရယ်စရာများကောင်းနေမလား မသိဘူး''

''ရပါတယ် ကေသွယ်၊ ပြောပါ။ ရှုပါ ကူညီနိုင်တာဆိုရင် ကူ ပါ့မယ်''

''အိုင့်အခက်အခဲကို ပြောပြရဦးမယ်။ အိုင့်မှာချစ်သူရှိတယ်၊ မေမေတို့က သဘောမတူဘူး၊ အဆက်ဖြတ်ခိုင်းထားတယ်။ အိုင်လည်း ဘယ်မှမထွက်ရဘူး။ ဖေဖေက ရန်ကုန်က သူ့မိတ်ဆွေသားနဲ့ အိုင့်ကို ပေးစားတော့မလို့ ရှုပါ။ အိုင့်ကို အိုင့်ချစ်သူနဲ့ ဆက်သွယ်ပေးပါလား ဟင်''

''အို''

''အားတော့နာတယ်ကွယ်။ အိုင့်မှာ အကူအညီတောင်းစရာ မရှိလို့ပါ''

''ရှုပါ ကူညီမှာပါ။ ဒါပေမဲ့ ရှုပါက ဒီမြို့ကိုခုမှရောက်တာလေ။ ကေသွယ့်အမျိုးသားကို သိမှမသိတာ''

''စာတစ်စောင် သွားပေးပေးရုံပါ၊ သူ့ဆီကို စာရောက်သွားရင် တော်ပြီ။ အိုင် လိပ်စာပြောလိုက်မယ်။ မခက်ပါဘူး၊ မြို့ထဲတင်၊ ယူ စက်ဘီးနဲ့ ထွက်ထွက်သွားတာ တွေ့နေလို့။ လိပ်စာပြောလိုက်ရင် ယူသွား တတ်မှာပါ''

''ဒါဆိုလည်း ့''

''သမီးရေ ့သမီး၊ ရှုပါ''

ကေသွယ်နှင့်စကားမဆုံးခင် မေမေ့ခေါ်သံထွက်လာသည်။

''ဟော ့ယူ့ကိုခေါ်နေပြီ။ ယူ့အမေကို ကြောက်တယ်ကွယ်၊ အိုင်သွားမယ်နော်''

ကေသွယ်က ကမန်းကတန်းပြောရင်း နောက်သို့ လှည့်ထွက် လိုက်သည်။

''ကေသွယ် ့တို့သွားပေးရမယ့်စာက''

''မနက်ဖြန်ပေးမယ်လေ။ လိပ်စာလည်း ပြောမယ်၊ မနက်ဖြန် ဒီနေရာကိုလာခဲ့ဦးနော်''

ကေသွယ်က အပြေးတစ်ပိုင်းဖြင့် ထွက်ခွာသွားလေပြီ။

ဒေါ်အေးသန္တာ ရှုပါ့အနီးသို့ရောက်လာ၏။

''သမီး၊ ဒီနားမှာ ဘာလုပ်နေတာလဲ''

''ဟိုဘက်အိမ်က ကောင်မလေးနဲ့ စကားပြောနေတာပါ မေမေ''

''ဟင် ့ဘယ်မှာလဲ အဲဒီကောင်မလေး''

''ပြန်ပြေးသွားပြီ မေမေ''

''မေမေ မမြင်လိုက်ပါလား၊ ဒေါ်ကျော့မူက ပြောတော့ အဲဒီ ဘက်အိမ်မှာ လူမနေဘူးတဲ့''

''နေပါတယ် မေမေရဲ့။ သမီးကို သူ လာမိတ်ဆက်တာ၊ နာမည်က ကေသွယ်တဲ့၊ ကေသွယ်မိုးမြင့် ဆိုလား၊ သူလည်း ဒီနှစ်ဆယ်တန်း အောင်ထားတာတဲ့မေမေ''

ဒေါ်အေးသန္တာက ရှုပါနှင့်စကားပြောနေသည့် မိန်းကလေးကို သူ မမြင်လိုက်ရ၍ အံ့သြနေလေသည်။

ရှုပါကတော့ ကေသွယ်မိုးမြင့်ဆိုသူ၏ အပြောအဆိုနှင့်ဝတ်စား ဆင်ယင်ပုံကိုသာ အံ့သြစွာ မြင်ယောင် နေမိသည်။ သူမဟာ စိတ်ဓာတ် ပုံမှန်ရှိသူမှ ဟုတ်ရဲ့လား။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

ဟိုဘက်အိမ်က ကောင်မလေးသည် ကေသွယ်ထင်တာထက်ပင် ပို၍ နားလည်မှုရှိနေသည်။ သူ့ကိုကူညီမယ်ဆို၍ ကေသွယ့်စိတ်တွေ အရမ်းတက်ကြွသွားသည်။

အိမ်ပေါ်ကိုပြန်တက်ခဲ့တဲ့အထိ မေမေ့ကိုပင် သတိမရတော့။ အိမ်ထဲ၌ မေမေ့ကိုလည်း မမြင်မိပေ။ မေမေ ဘယ်ရောက်နေပြန်ပါ လိမ့်။

ကေသွယ်က စာကြည့်စားပွဲတွင် ထိုင်လိုက်ကာ ကိုထွဋ်ဆီ ပေးဖို့ စာကိုရေးရန်ပြင်သည်။

စာရေးတော့မယ်လို့ စိတ်ကူးမှပင် စားပွဲပေါ်၌ စာရေးကိရိယာ တစ်စုံတစ်ခုမျှ ရှိမနေတာကို သတိပြုမိတော့သည်။ ကေသွယ့်စာအုပ် တွေ ဘယ်ရောက်သွားပြီလဲ။ ကျောင်းစာအုပ်တွေကိုပင် တစ်အုပ်မျှမတွေ့တော့ခြင်းဖြစ်သည်။

ကေသွယ်က စားပွဲအံဆွဲကို ဖွင့်လိုက်သည်။ အံဆွဲထောင့်တွင် ဘောလ်ပင်တစ်ချောင်းကို တွေ့ရ၏။ အံဆွဲနှစ်ခုလုံးကို ဖွင့်ကြည့်သော်လည်း ဘောလ်ပင်တစ်ချောင်းမှအပ ဘာကိုမျှမတွေ့ရတော့။ စာရေးစရာ စက္ကူနှင့်တူတာဆိုလို့ စားပွဲပေါ်၌မတွေ့မိပေ။ မေမေများ သိမ်းထားလေသလား။ မေမေသည် ကေသွယ်စာမရေးနိုင်စေရန် ကြိုတင်ကြံစည် သိမ်းဆည်းခဲ့ခြင်းပဲ ဖြစ်လိမ့်မည်။ ဖေဖေ ပေးခဲ့တဲ့အကြံအစည်လည်း ဖြစ်နိုင်ပါ၏။

ကေသွယ်က အခန်းပတ်ပတ်လည်ကို မျက်လုံးဝေ့ကြည့်လိုက်ရာ နံရံတွင်ချိတ်ထားသည့် ပြက္ခဒိန်တစ်ခုကို မြင်လိုက်လေသည်။ ပြက္ခဒိန် နောက်ကျောမှာရေးလို့ရတာပဲ။

ကေသွယ်ပြက္ခဒိန်ကို သွားဖြုတ်လိုက်၏။ ပြက္ခဒိန်ထဲမှ ဖုန်မှုန်များ လွင့်ကျလာလေသည်။

ကေသွယ်က အံဆွဲထဲမှရှာရထားသော ဘောလ်ပင်ဖြင့် ပြက္ခဒိန်ကို မှောက်ကာ စာရေးဖို့ပြင်သည်။

ဘယ်လိုရေးရင်ကောင်းမလဲ။

*ကိုထွဋ်၊ ဖေဖေတို့ကတော့ သူတို့သဘောတူတဲ့လူနဲ့ ပေးစားဖို့ စီစဉ်နေပြီ။ ကိုထွဋ် ကေသွယ့်ကို လာခိုးပါတော့။* ကေသွယ်သည် စိတ်ကူး ထဲ၌ စာသားများကို စဉ်ကြည့်နေ၏။

ကိုထွဋ် ဆိုသည့်စာလုံးကို ပြက္ခဒိန်ပေါ်၌ ဦးစွာရေးလိုက် သည်။

ဘောလ်ပင်ထဲက မင်ထွက်မလာပါ။ ကေသွယ်က ပြက္ခဒိန်၏ အခြားတစ်ရွက်တွင် ဘောလ်ပင်ကိုဖိ၍ ခြစ်ပစ်လိုက်သည်။ အစင်းကြောင်း များသာ ထင်လာပြီး မင်ထွက်မလာ။

ကေသွယ် သက်ပြင်းချလိုက်သည်။

အခုနက စိတ်ကူးထဲမှာ စီထားသည့် စာသားများကို ရေးပြီး သယောင် ကေသွယ့်စိတ်ထဲမှာ ထင်လာပြန်၏။

*ကိုထွဋ်၊ ကေသွယ့်ကို ကြာသပတေးနေ့ည လာခိုးလှည့်ပါ။ ဖေဖေ စနေနေ့ ပြန်မလာခင် ကိုထွဋ် နောက်ကို လိုက်မှဖြစ်မယ်၊ ဒီလို မမဟုတ်ရင် ကိုထွဋ်နဲ့ကေသွယ် ဒီဘဝမှာ လွဲရလိမ့်မယ်။*

သေချာပါသည်။ ထိုစာသားများကို သူမ ရေးသားခဲ့ဖူးသည်။ ရေးပြီးပြီ။

ကေသွယ်ပြန်စဉ်းစားသည်။ ဟုတ်တာပဲ၊ ဖေဖေ ရန်ကုန်သွား မယ်။ ပြန်လာရင် သူ့မိတ်ဆွေသားနဲ့ စေ့စပ်ထားဖို့လုပ်မယ်။ ကေသွယ့်ကို အိမ်ထဲက အိမ်ပြင်မထွက်စေနဲ့လို့ ဖေဖေပြောစဉ်ကပင် ထိုစာကို ကေသွယ်ရေးခဲ့ပြီး ဖြစ်လေသည်။

ဖေဖေ ရန်ကုန်မသွားခင်တစ်ညက တနင်္ဂနွေနေ့က ရေးခဲ့တာ လေ။ ကေသွယ်သည် မေ့နိုင်လွန်းသော ကိုယ့်ကိုကိုယ် စိတ်မကျေမနပ် ဖြစ်ရင်းက အသေးစိတ်ပြန်စဉ်းစားလိုက်ရာ ထိုစာကို ဗီရိုအောက်ဆုံး တွင် ဝှက်ထားခဲ့တာကိုပါ သတိရလာလေတော့၏။

ငါ့နှယ်နော် ့အဲဒီစာရေးတာ ၂ ရက်ပဲရှိသေးတယ်။ ဘာလို့မေ့ ရတာပါလိမ့်။

www.burmeseclassic.com

ကေသွယ်က လျင်မြန်စွာထကာ ဗီရိုကိုဖွင့်လိုက်သည်။ အဝတ် အစားတွေအောက်မှာ သတင်းစာစက္ကူခံထားတယ်။ အဲဒီသတင်းစာစက္ကူ ရဲ့အောက်မှာ စာကိုဝှက်ထားတာ။

ကေသွယ်သည် သတင်းစာစက္ကူအောက်ကိုလက်နှိုက်ကာ ဆွဲ ထုတ်လိုက်၏။

စာအိတ်တစ်အိတ် ပါလာလေသည်။ စာအိတ်ကိုမြင်မှ ကေသွယ် အလုံးစုံ သတိရသွားလေတော့၏။ စာအိတ်ထဲမှာ စာနှင့်အတူ ကိုထွဋ်၏ ဓာတ်ပုံကိုပါ ထည့်ထားသည်။

ကေသွယ်က စာအိတ်ကိုမှောက်ချလိုက်၏။

စာခေါက်ကလေးနှင့်အတူ ကိုထွဋ်၏ဓာတ်ပုံပါ ထွက်ကျလာလေ သည်။

ကိုထွဋ်ရယ် .

ကိုထွဋ်၏ ကိုယ်တစ်ပိုင်းဓာတ်ပုံလေးက သူမကိုပြုံးပြနေလေ၏။ သူမ၏ချစ်သူ ရဲထွဋ်ခေါင်။

ဓာတ်ပုံနောက်ကျောကို လှန်ကြည့်လိုက်တော .

*အချစ်ဆုံးကေသွယ် .*

*သတိရတိုင်းကြည့်ဖို့*

*ချစ်တဲ့*

**ထွဋ်**

–ဆိုသော ရဲထွဋ်ခေါင်၏လက်ရေးဖြင့် စာသားများကို တွေ့လိုက် ရလေသည်။

ကေသွယ်က စာခေါက်ကလေးကို ဖြန့်ဖတ်လိုက်သည်။

*ကိုထွဋ်*

*ဖေဖေတို့ကတော့ သူတို့သဘောတူတဲ့လူနဲ့ ပေးစားဖို့ စီစဉ်နေပြီ၊ ကိုထွဋ် ကေသွယ့်ကိုလာခိုး ပါတော့။*

*ကေသွယ့်ကို ကြာသပတေးနေ့ည လာခိုးလှည့်ပါ။*

*ဖေဖေ စနေနေ့ပြန်မလာခင် ကိုထွဋ်နောက်ကို လိုက်မှဖြစ်မယ်။ ဒီလိုမှမဟုတ်ရင် ကိုထွဋ်နဲ့ကေသွယ် ဒီဘဝမှာလွဲရ လိမ့်မယ်။*

*ည ၇ နာရီ အိမ်ရှေ့က မန်ကျည်းပင်အောက်က အသင့်စောင့်နေပါ ကိုထွဋ်၊ မေမေလစ်တာနဲ့ ကေသွယ်ဆင်းလာခဲ့မယ်။*

*ချစ်သော .*

***ကေသွယ်***

ကေသွယ့်လက်ရေးနဲ့ ကေသွယ်ကိုယ်တိုင် ရေးထားတဲ့စာပါပဲ။

ဒီစာကိုရေးပြီး ငါဘာလို့မေ့နေတာပါလိမ့်။ စာရေးထားတာ နှစ်ရက်ပဲရှိသေးသည်။ သို့သော် ဒီစာကိုရေးထားတာ နှစ်ပေါင်းများစွာ ကြာပြီလို့ ကေသွယ့်စိတ်ထဲ၌ ထင်နေ၏။ ငါ့စိတ်တွေ ဘယ်လိုဖြစ်နေပြီ လဲ။

ဘာပဲဖြစ်ဖြစ်လေ ဒီစာကို ကိုထွဋ်ဆီရောက်အောင် ရှုပ်ကို ပို့ခိုင်းရမယ်။ ကူညီမယ့်သူတစ်ယောက် အမှတ်မထင်တွေ့လိုက်တာ ကံ ကောင်းတာပဲ။

ကေသွယ်က ကိုထွဋ်ဓာတ်ပုံလေးကို ရင်ခွင်ထဲ၌ အပ်ထားလိုက်လေသည်။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

## Day 3

### စက်တင်ဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့

ရူပါ အဝေးပြေးကားကွင်းထဲမှာ လမ်းလျှောက်နေတာ သုံးလေးပတ်ပင်မကတော့ပြီ။ တစ်နေ့က ထီလှည်းကိုမတွေ့ရပေ။

ရဲထွဋ်ခေါင်ဆီက ထီလက်မှတ်ကို ဖွတ်ယူလာပြီးမှ ထီလှည်း ဟာ သူ့လှည်းရော ဟုတ်မှဟုတ်ရဲ့လား တွေးမိပြီး အားနာနေမိသည်။ နောက်ရောက်လာတဲ့ လူငယ်ကသာ ထီဆိုင်ပိုင်ရှင် ဖြစ်ပုံရသည်။ ဒါ ကြောင့် ရူပါထီလက်မှတ်ယူပြေးလာတော့ ''ထွဋ်ကြီးကတော့ လုပ်လိုက် ပြန်ပြီ''ဟု ညည်းညူနေခြင်းဖြစ်မည်။

ထီလက်မှတ်ယူလာတာ နှစ်ရက်ရှိပါပြီ။ သူ့ကို ဒါလောက် နှိပ်စက်ရရင် တော်လောက်ပြီ။ ထီလက်မှတ်တန်ဖိုးက ခုနစ်ရာဆိုတော့ သူ့ဆီက ရစရာရှိတဲ့သုံးရာနဲ့နှိမ်ပြီး နောက်ထပ်ငွေလေးရာပေးဖို့ လာခဲ့ခြင်းဖြစ်ပါ၏။

ရူပါလိုက်ရှာသော်လည်း တစ်နေ့က ထီလှည်းကို မတွေ့ရ ချေ။

တွန်းလှည်းနဲ့ရောင်းတာဆိုတော့ တခြားနေရာတွေ သွားရောင်း နေလို့ထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ် ရှာလို့ခက်မှာ မဟုတ်ပါ။

မိုးများရွာလာသည်။

ရူပါက ထီလှည်းရှာသည်ကို လက်လျှော့ကာ စက်ဘီးစတဲင်းတွင် အပ်ထားသည့် စက်ဘီးကို ပြန်ရွေးပြီး အိမ်ပြန်လာခဲ့တော့သည်။

အိမ်အပြန်လမ်းတစ်လျှောက်လုံး ရူပါ မိုးမိလေတော့၏။

♛ ♛ ♛ ♛ ♛

မိုးက သည်းသည်းမည်းမည်းရွာလိုက်သည်။

မိုးရေထဲမှာ အိမ်အရောက် စက်ဘီးစီးလာရ၍ ရူပါ့တစ်ကိုယ်လုံး ချမ်းစိမ့်နေလေသည်။

အိမ်ရောက်သည်နှင့် အဝတ်အစားများလဲလိုက်သော်လည်း ချမ်း နေတုန်း။ မေမေက မိုးတိတ်သည်အထိ တစ်နေရာရာမှာ မိုးခိုမနေလို့ဆို ပြီး ရူပါ့ကို ဆူနေသည်။

မေမေတိုက်သည့် ဆေးကိုသောက်လိုက်ရ၏။ ဆေးက ပါရာစီ တမောနှင့် ဘာမီတွန်ပါဝင်သည်မို့ ဆေးသောက်ပြီး မကြာမီ ရူပါအိပ်ချင် လာလေသည်။

မိုးကအေးအေး အိပ်ကောင်းကောင်းနှင့် အိပ်လိုက်ရာ နေ့လယ် ခင်းကျမှပင် ရူပါနိုးလာလေတော့၏။

ရူပါအိပ်ရာမှနိုးချိန်တွင် မိုးစဲသွားပါပြီ။

အိပ်ရာနိုးမှပင် ကေသွယ်နှင့် ချိန်းထားသည်ကို ရူပါသတိရမိ တော့သည်။

ပြတင်းတံခါးကိုဖွင့်ကာ တစ်ဖက်ခြံသို့ လှမ်းကြည့်လိုက်၏။

ကေသွယ် ရပ်နေကျပြတင်းတံခါး ပိတ်ထားပါသည်။

www.burmeseclassic.com

ရှုပါ ကြည့်နေစဉ်မှာပင် ပြတင်းတခါးက ပွင့်လာသည်။ ပြတင်းဝ မှာ ကေသွယ့်ပုံရိပ်ပေါ်လာသည်။

ရှုပါက လက်ပြလိုက်၏။

ကေသွယ်ကလည်း လက်ပြန်ပြသည်။

ရှုပါသည် ခြံစည်းရိုးအစပ်သို့ ထွက်ခဲ့ကာ ကေသွယ့်ကို စောင့် နေလိုက်သည်။

ပြတင်းဝ၌ ကေသွယ့်ပုံရိပ်ပျောက်ကွယ်သွားကာ မကြာခင် ကေသွယ်အိမ်ထဲမှ ထွက်လာလေ၏။ မနေ့က အဝတ်အစားများအတိုင်း ပင်။ ဇာနားတပ်ခေါင်းလောင်းအင်္ကျီနှင့် ကေသွယ်မိုးမြင့်။

ကေသွယ်က ရှုပါ့ကိုရယ်ပြရင်း ခြံစည်းရိုးနားလျှောက်လာ၏။ ရယ်လိုက်တော့ သူမ ပါးနှစ်ဖက်မှာ ပါးချိုင့်လေးများ ခွက်ဝင်သွားကြလေသည်။ ကေသွယ်သည် အတော်လှသော မိန်းမလှလေး ဖြစ်ပါသည်။ အပြင်အဆင်ကသာ ခေတ်နောက်ကျနေတာ။

ရှုပါနှင့်ကေသွယ် လက်တစ်ကမ်း အကွာအဝေး ဖြစ်သွားသည် နှင့် သူမဆီမှ ပစ္စည်းအဟောင်းနံ့အောက်သိုးသိုးကို ရှူရှိုက်လိုက်ရသည်။ မနေ့က အနံ့မျိုးပါပဲ။

''ဒီနေ့ မိုးတွေသိပ်ရွာတာပဲနော်၊ အိုင် တံခါးဖွင့်ဖွင့်ပြီး ယူ့ကို လှမ်းကြည့်နေတာ''

''ဟုတ်လား၊ မနက်က စက်ဘီးထွက်စီးလိုက်တာ မိုးမိလာလို့ ဆေးသောက်ပြီး မှိန်းနေတာပါကေသွယ်''

''ဩော် ့ယူက လွတ်လပ်လိုက်တာနော်၊ ယူ့ဘဝကို အားကျတယ်ဟယ်''

''ဒီလိုပါပဲကေသွယ်၊ ကေသွယ့်ကို အိမ်က အရမ်းချုပ်ချယ် လို့လားဟင်''

''ချုပ်ချယ်တာပေါ့။ ခုပဲကြည့်ပါလား။ အိုင်ရည်းစားထားတာနဲ့ မေမေတို့က အရမ်းစိတ်ဆိုးနေတာ။ ယောကျ်ားပေးစားဖို့ လုပ်နေတာ လေ။ တကယ်တော့ ကိုထွန်းက ဆင်းရဲသာ ဆင်းရဲတာပါ၊ မဆိုးပါဘူး ဟယ်''

''ကိုထွန်း''

''ဩော် ့အိုင့်ချစ်သူနာမည်ပါ၊ ရဲထွန်းခေါင်တဲ့''

''ရဲထွန်းခေါင် ့ဟုတ်လား၊ ဩော် ့ရဲထွန်းခေါင်က ကေသွယ့်ချစ်သူကိုး''

''ယူက ကိုထွန်းကို သိလို့လား''

''သိတယ် ကေသွယ်၊ ရန်ကုန်က ရထားနဲ့လာတော့ တစ်တွဲ တည်း အတူစီးလာတာလေ။ အဲ့ရှုပါသိတဲ့ ရဲထွန်းခေါင်ဟာ ကေသွယ့်ရဲ့ ရဲထွန်းခေါင်ဖြစ်ခဲ့ရင်ပေါ့လေ''

''ရန်ကုန်က ရထားနဲ့လာတာ၊ ကိုထွန်း ရန်ကုန်ကို ဘာသွားလုပ် ပါလိမ့်၊ မဖြစ်နိုင်ဘူးထင်တယ်''

''ဟင် ့တို့နဲ့အတူ ခုံချင်းမျက်နှာချင်းဆိုင်ပြီး စီးလာတဲ့ လူကတော့ နာမည်ရဲထွန်းခေါင်ပဲ''

''နာမည်တူလို့ပါ၊ ကိုထွန်းမှာ ရန်ကုန်သွားစရာအကြောင်း မရှိဘူး။ ဩော် ့ယူ့ကိုပြဖို့ ကိုထွန်း ဓာတ်ပုံပါလာပါတယ်''

ကေသွယ်က လက်ထဲတွင်ပါလာသော စာအိတ်ကလေးထဲက ဓာတ်ပုံတစ်ပုံကို ဆွဲထုတ်လိုက်သည်။

''ဒါ ့အိုင့်ချစ်သူ ကိုထွန်းလေ။ သူလည်း ဒီနှစ် အိုင်နဲ့အတူ ဆယ်တန်းအောင်ထားတာ''

ကေသွယ်က ဓာတ်ပုံလေးကို ရှုပါ့ဆီ ကမ်းပေးရင်း ပြောလိုက် ၏။

''ဟင် ့ သေချာတာပေါ့၊ သူမှသူပဲ။ ဒီမြို့ကို ရောက်ရောက် ချင်းနေ့ပဲ ကားကွင်းထဲမှာ သူနဲ့ပြန်ဆုံသေးတယ်''

ရှုပါက ဓာတ်ပုံကိုကြည့်ရင်း ပြောလိုက်သည်။ ဓာတ်ပုံထဲမှ လူငယ်မှာ ရှုပါနှင့် တစ်ညလုံးရထားအတူစီးလာသည့် ရဲထွန်းခေါင်မှ ရဲထွန်းခေါင် အစစ်ပါပင်။ ဓာတ်ပုံက အဖြူအမည်း ဓာတ်ပုံဖြစ်သည်။

ကေသွယ် အံ့သြနေလေ၏။

''ကိုထွန်းက ရန်ကုန်က ပြန်လာတယ်၊ သူရန်ကုန်ကို ဘာသွား လုပ်ပါလိမ့်''

www.burmeseclassic.com

''ကေသွယ့်လူနဲ့ ရှုပါနဲ့ ရထားပေါ်မှာ ရန်ဖြစ်ခဲ့ရသေးတယ်''

''ဟင် ့ဟုတ်လား''

''ရန်ဖြစ်တာဆိုပေမဲ့ သူက နောက်တာပါ ကေသွယ်။ တို့ကသာ စိတ်ဆိုးသွားတာ။ ကေသွယ့်လူက တော်တော်ပျော်တတ်တယ် နော်''

''ဟုတ်တယ်၊ သူက နောက်တော့ နောက်တတ်တယ်။ ရယ်စရာလည်း လုပ်တတ်တယ်။ ယူနဲ့ ဘယ်လိုဖြစ်ကြတာလဲဟင်''

ရှုပါက ရေသန့်ဘူးဝယ်သည့်အကြောင်းကို ပြောပြလိုက်သည်။

ကေသွယ်သည် ရှုပါပြောပြသောအကြောင်းထက် ရေသန့်ဘူးကို ပို၍စိတ်ဝင်စားနေလေသည်။

''ယူတို့က ရေကို ဘူးနဲ့ဝယ်သောက်ကြတယ် ဟုတ်လား။ ရေတစ်ဘူးကို နှစ်ရာဆိုတော့ များလိုက်တာ ဟယ်။ ဘယ်လိုရေမျိုးမို့လို့လဲ''

ရှုပါ ကေသွယ့်ကို အံ့သြစွာကြည့်နေလိုက်မိသည်။ ဘာမှပြန် မပြောဖြစ်။

''အဲဒီနေ့မနက်ပဲ မြို့ထဲကို စက်ဘီးစီးသွားတော့ သူ့ကိုကား ကွင်းထဲမှာ ပြန်တွေ့တာလေ၊ သူက ထီလက်မှတ်ရောင်းနေတယ်''

ကေသွယ် အံ့သြပြန်သည်။

''ကိုထွဋ်က ထီလက်မှတ်ရောင်းတယ် ဟုတ်လား။ အင်း ့ ကျောင်းတက်ဖို့ ပိုက်ဆံစုနေတာ ထင်တယ်''

ကေသွယ်က တွေးတွေးဆဆ ပြောလိုက်၏။

''တို့လည်း သူ့ဆိုင်က ခုနစ်ရာတန် ငါးစောင်တွဲ ထီလက်မှတ်ကို ခပ်တည်တည်နဲ့ ဖြုတ်ယူလာလိုက်တယ်လေ။ ဒီနေ့မနက် မြို့ထဲထွက်တာ ထီလက်မှတ်ဖိုးလိုတဲ့ငွေပေးဖို့ သူ့ကိုသွားရှာတာ ကေသွယ်။ မတွေ့ခဲ့ဘူး''

''ထီလက်မှတ်ဖိုးက ခုနစ်ရာတောင် ့ဟုတ်လား''

''ဟုတ်တယ်၊ အစိုးရကထုတ်တဲ့ တစ်စောင်တစ်ရာတန် ထီလက်မှတ်ကို သူတို့က နံပါတ်တူတွေ ငါးစောင်စုပြီး ခုနစ်ရာနဲ့ ရောင်းတာလေ''

ကေသွယ်က သက်ပြင်းကို လေးတွဲ့စွာချလိုက်၏။

''ကိုထွဋ်ကို ယူ မတွေ့ခဲ့ဘူးပေါ့ ဟုတ်လား''

''တစ်နေရာရာကို ထီသွားရောင်းနေတာလား မသိဘူး။ ဒါမှ မဟုတ်။ အဲဒီထီလှည်းက သူ့ထီလှည်း ဟုတ်ချင်မှလည်း ဟုတ်မှာပါလေ၊ နောက်ထပ်လူတစ်ယောက်လည်း တွေ့ခဲ့သေးတယ်။ သူ့သူငယ်ချင်း ထီဆိုင်ဖြစ်ချင်ဖြစ်နေမှာ''

''ဘာပဲဖြစ်ဖြစ်လေ ကိုထွဋ်အိမ်ကို အိုင်လမ်းညွှန်လိုက်ပါမယ်။ အိုင်ပေးတဲ့စာလေးကိုသာ ကိုထွဋ်ဆီ ရောက်အောင်ပို့ပေးပါ''

''ဟင်''

''အိုင် ့ယူ့ဆီက အကူအညီတောင်းမယ်ဆိုတာလေ။ ကိုထွဋ်ဆီကို စာပေးခိုင်းချင်တာပါ ရှုပါ။ စာက အရေးကြီးတယ်နော်။ အိုင် မရှက်တမ်းပြောပါ့မယ်။ ဒီစာက ကိုထွဋ်ကို အိုင့်ကို လာခိုးခိုင်းတဲ့ စာပါ ရှုပါ။ ဖတ်ကြည့်ပါဦး''

ကေသွယ်က စာခေါက်ကလေးတစ်ခု ရှုပါ့ကို ပေး၏။ ရှုပါက သူတစ်ပါးကိုယ်ရေးကိုယ်တာကို ဖတ်ကြည့်ဖို့ မသင့်တော်ဘူးလို့ တွေး မိကာ ငြင်းလိုက်သည်။

www.burmeseclassic.com

''မဖတ်တော့ပါဘူး ကေသွယ်။ စာကို ပို့ပေးဆိုပို့ပေးပါ့မယ်၊ ဒါပေမဲ့ တို့မှ သူ့အိမ်လိပ်စာ မသိတာ''

''အိုင် ့လမ်းညွှန်လိုက်မယ်လေ။ လွယ်ပါတယ်၊ မြို့ထဲ သွားတဲ့လမ်းမှာပဲ။ ယူစက်ဘီးစီးသွားတော့ ချောင်းကိုဖြတ်ထိုးထားတဲ့ တံတားတစ်ခုကို ဖြတ်ရတယ် မဟုတ်လား''

''အင်း''

''တံတားရဲ့တောင်ဘက်ကို ချိုးလိုက်ရင်''

''အရှေ့ အနောက် တောင် မြောက်လည်း တို့မသိဘူး ကေသွယ်''

''အဲ ့မြို့ထဲသွားဖို့ ညာဘက်ကိုချိုးရတာလေ။ ညာဘက် ချိုးပြီး တည့်တည့်သွားလိုက်ရင် လွတ်လပ်ရေးကျောက်တိုင်ရှိတဲ့ ဗိုလ်ချုပ်ပန်းခြံ ရောက်ပါရော''

''အင်း ့ဟုတ်တယ်၊ ကျောက်တိုင်ရှိတဲ့ ပန်းခြံကို တွေ့တယ် ကေသွယ်''

''ပန်းခြံနဲ့ကပ်လျက် လမ်းမှာ ညာဘက်ပြန်ချိုးလိုက်၊ နည်းနည်း ဆက်သွားတာနဲ့ ကိုထွဋ်ရှ အိမ်ရောက်တယ်။ ကိုထွဋ်ရှတို့ အိမ်မှန်းသိသာ တာက သူ့အဖေက ဗေဒင်ဆရာလေ။ ဗေဒင်လက္ခဏာဆရာ မင်းထိပ် ခေါင်လို့ ဆိုင်းဘုတ်ကလေးတစ်ခု ချိတ်ထားတာ တွေ့လိမ့်မယ်။ လမ်း ရဲ့ဘယ်ဘက်ခြမ်းမှာ။ အဲဒါ ကိုထွဋ်ရှတို့အိမ်ပဲ။ အိမ်က ပျဉ်ထောင်နှစ်ထပ် အိမ်ကလေး''

''ပြည့်စုံပါတယ် ကေသွယ်၊ ဒါလောက်ဆိုရင် တို့သွားတတ်ပါပြီ''

''ကျေးဇူးတင်လိုက်တာ ရူပါရယ်။ အိုင်လေ သူ့ကို မနက်ဖြန် ည ၇ နာရီလာခေါ်ခိုင်းထားတာနော်''

'ရူပါ ရောက်အောင်ပို့ပေးမယ်နော်၊ စိတ်ချ''

''ဒါဖြင့် အိုင် သွားမယ်နော်၊ မိုးတွေလည်း ကျလာပြန်ပြီ''

''ကောင်းပါပြီ ကေသွယ်''

ရူပါသည် ကေသွယ် အိမ်ထဲဝင်သွားသည်အထိ ရပ်ကြည့်နေ လိုက်၏။ ပြီးမှ အိမ်ထဲပြန်ဝင်ခဲ့သည်။ တိတ်နေသောမိုးကလည်း တစ်ဖန် ပြန်သည်းလာပြန်သည်။

''သမီး ့မိုးရွာကြီးထဲ အပြင်ထွက်ပြန်ပြီလား''

ရူပါ့ကို မြင်လိုက်သော ဒေါ်အေးသန္တာက မေးလိုက်သည်။

''ခြံစပ်တင် သွားတာပါ မေမေ၊ ဟိုဘက်အိမ်က ကောင်မလေး နဲ့ စကားသွားပြောတာ''

''ဟင်''

ဒေါ်အေးသန္တာက တစ်ဘက်ခြံကို မျှော်ကြည့်လိုက်၏။

''ဝင်သွားပါပြီ မေမေ''

''ဘာတွေများ အရေးကြီးလို့ပြောနေတာလဲ သမီး''

''သနားပါတယ် မေမေရယ်၊ သူ့အိမ်က သူ့ကို သိပ်ချုပ်ချယ်တာပဲ။ သူ့ကောင်လေးဆီ စာပေးခိုင်းလို့ပါ မေမေ''

''ရှုပ်ရှုပ်ယှက်ယှက် သမီးရယ်။ ဒီမြို့ရောက်တာမှ မကြာသေး ဘူး၊ သူများကိစ္စထဲ ဝင်ပါလို့''

''သူက တောင်းပန်လို့ပါ၊ သမီးနဲ့သူနဲ့ရွယ်တူချင်းပဲ မေမေရဲ့။ သူလည်း ဒီနှစ်ဆယ်တန်းအောင် ထားတာတဲ့။ သြော် ့နောက်ပြီးတော့ မေမေ၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ သိလား။ သူ့ကောင်လေးက တခြား မဟုတ်ဘူး။ သမီးတို့လာတုန်းက ရထားပေါ်မှာ ဖေဖေနဲ့တွဲထိုင်လာတဲ့ ကောင်လေးလေ''

''ဟေ''

ခိုးရာလိုက်ဖို့ချိန်းတဲ့စာဆိုတာကိုတော့ မေမေ့ကို ပြောပြမနေ တော့ပါ။

www.burmeseclassic.com

ရူပါသည် ကေသွယ့်စာကို ထိုနေ့က သွားမပေးဖြစ်ခဲ့ချေ။ တစ်နေ့လုံး မိုးသည်းသည်းမည်းမည်း ရွာနေသောကြောင့် ဖြစ်ပါသည်။

မနက်ဖြန်တော့ သွားပေးဖြစ်အောင် ပေးရပါမည်။ ကေသွယ်က သူ့ကိုလာခိုးဖို့ ရဲထွင့်မှုခေါင်ကို မနက်ဖြန် ညတွင် ချိန်းထားသည် မဟုတ်ပါလား။

♛ ♛ ♛ ♛ ♛

## Day 4

စက်တင်ဘာ ၂၂ ရက်၊ ကြာသပတေးနေ့

သည်ကနေ့တော့ ရူပါ အိမ်ကနေ စောစောထွက်လာလိုက် သည်။

မထွက်ခင် တစ်ဖက်ခြံထဲကို လှမ်းကြည့်လိုက်တော့ ကေသွယ်၏အရိပ်အယောင်ကိုမမြင်။ အပေါ်ထပ် ပြတင်းပေါက်လည်း ပိတ်ထားသည်။

ရူပါစက်ဘီးနင်းရင်း ထွက်လာတော့ ခြံဝမှာ ဒေါ်ကျော့မူနှင့်ဆုံ၍ စက်ဘီးပေါ်မှဆင်းပြီး နှုတ်ဆက်လိုက်ရ သေးသည်။

"သမီး ရူပါ၊ ဘယ်လဲကွယ့်"

"မြို့ထဲ သွားမလို့ အန်တီ"

"ကြည့်စမ်း၊ စက်ဘီးတစ်စီးနဲ့ တော်တော်လည်နေပြီပေါ့"

"ဟုတ်ကဲ့ ့အိမ်ထဲမှာ မေမေရှိတယ်အန်တီ"

"အေးကွယ် ့သွား ့သွား"

ပြိုင်ဘီးကို ကျင်လည်စွာ နင်းသွားသည့် ရူပါ့ကို ဒေါ်ကျော့မူက သဘောကျစွာ ကြည့်နေ၏။

အိမ်ထဲရောက်တော့ ဒေါ်အေးသန္တာကို ပြောလိုက်သည်။

"ရူပါကတော့ ယောကျ်ားလေးအတိုင်းပဲနော်။ သိပ်သွက်တာပဲ၊ ဒီရောက်တာ သုံးလေးရက်ရှိသေးတယ်။ တစ်မြို့လုံးနှံ့နေပြီ ထင်ပါရဲ့"

"မမမူတူမက အကျိုးတော်ဆောင်နေတာလေ။ ဟိုဘက်အိမ်က မိန်းကလေးက သူ့ကောင်လေးဆီ စာပေးခိုင်းလို့ သွားပေးတာတဲ့"

"ဘာ"

ရယ်ရယ်မောမောရှိနေသော ဒေါ်ကျော့မူမျက်နှာတည်သွားလေသည်။

"ဟိုဘက်အိမ်မှာ လူမှမနေဘဲ သန္တာရဲ့"

"အခု လူနေနေပြီ ထင်တယ်၊ ရူပါနဲ့အဖွဲ့ကျနေတယ်လေ"

"ဟင့်အင်း ့အဲဒီအိမ်မှာ ဘယ်သူမှကိုမနေဘူး။ပြောင်း လာရင် မမမူ သိရမှာပေါ့။ မူရင်းပိုင်ရှင်က အိမ်ကိုမရောင်းဘဲ သော့ခတ်ထားတာ သန္တာရဲ့"

"ရူပါကတော့ အဲဒီဘက်က ကောင်မလေးနဲ့ ခြံစည်းရိုးနား သွားသွားပြီး စကားပြောနေတာပဲ မမမူ"

"ရူပါနဲ့စကားပြောတဲ့ မိန်းကလေးကို သန္တာ မြင်ဖူးသလား"

"ဟင့်အင်း ့သန္တာတော့ တစ်ခါမှမမြင်မိဘူး"

"အဲဒီဘက်အိမ်က သားအမိက ကားတိုက်ပြီး အစိမ်းသေသေထားတာတဲ့။ အမေနဲ့သမီး"

"ရှင်"

"သန္တာကလည်းကွယ် ့ကလေးကို အလိုလိုက်လွန်းတယ်။ နည်းနည်းပါးပါး မေးဦးမြန်းဦးမှပေါ့"

www.burmeseclassic.com

''မမမူ စိုးရိမ်စရာရှိလို့လားဟင်။ ဟိုဘက်အိမ်မှာ လူမနေဘူး ဆိုရင် ရူပါနဲ့စကားပြောတာ ဘယ်သူလဲ။ ဘုရား ့ဘုရား ့ဟုတ် ပါရဲ့ မမမူရယ်၊ သန္တာကကို ပေါ့ပါတယ်၊ အဲဒါ မကောင်းဆိုးဝါးများ''

''အို ့သန္တာကလည်း သရဲတစ္ဆေဆိုတာ မရှိပါဘူး။ မမမူ စိုးရိမ်တာက တစ်မျိုးပါ။ လူမနေဘဲ ပစ်ထားတဲ့အိမ်ဆိုတော့ လူဆိုးသူခိုး တွေ ဝင်အောင်းနေပြီး ရူပါ့ကို အသုံးချတာမျိုး ဖြစ်မှာစိုးလို့ပါ။ စာပေးခိုင်းတယ်ဆိုတော့''

''မမမူပြောမှ သန္တာ စိတ်ပူလိုက်တာ''

''ထားလိုက်ပါကွယ်။ မမမူတို့ အတွေးခေါင်တာဖြစ်မှာပါ။ ရူပါ ပြန်လာမှ သေချာမေးမြန်းကြည့်တာပေါ့''

♛ ♛ ♛ ♛ ♛

ရူပါသည် ကေသွယ်လမ်းညွှန်လိုက်သည့်အတိုင်းလာခဲ့ရာ ပန်းခြံနံဘေးလမ်းမထဲအထိ ရောက်သွားလေသည်။

ဗေဒင်ဆရာ မင်းထိပ်ခေါင် တဲ့။ ရဲထွဋ်ခေါင်၏ဖခင်လုပ်ငန်းကို ဆိုင်းဘုတ်ချိတ်ထားသည်ဆို၍ စက်ဘီးကို ခပ်ဖြည်းဖြည်းနင်းရင်း အိမ်ခြံဝများကို လှည့်ကြည့်လာခဲ့သည်။

ဆိုင်းဘုတ်ချိတ်ထားတဲ့အိမ်ဆိုလို့ လမ်းထိပ်က ကားဝပ်ရှော့ တစ်ခုပဲတွေ့သည်။ **'ဦးစံမင်း၊ ဂျပန်ကားလေးဝပ်ရှော့'** တဲ့။

ကေသွယ်က လမ်းထိပ်နှင့်သိပ်မဝေးဘူးလို့ ပြောလိုက်သော်လည်း ပန်းခြံဘေးလမ်းဆုံးသည်အထိ လျှောက်ကြည့်သည့်တိုင် ဗေဒင်ဆရာဆိုင်းဘုတ်ကို မတွေ့ရချေ။

သေချာအောင် နောက်တစ်ခေါက် ထပ်ကြည့်လိုက်သေးသည်။ နှစ်ထပ်ပျဉ်ထောင်အိမ် နှစ်အိမ်တွေ့ရသော်လည်း ဆိုင်းဘုတ်ချိတ်မထားပေ။

နောက်ဆုံးတော့ တစ်နေရာရာကို ဝင်မေးကြည့်ဖို့ ရူပါဆုံးဖြတ်လိုက်သည်။

လမ်းထိပ်က ကားဝပ်ရှော့မှာ စက်ဘီးကိုရပ်လိုက်၏။

ဆိုင်ထဲမှ လူကြီးတစ်ဦးထွက်လာသည်။ လမ်းလျှောက်ပုံ မှုမှန်မဟုတ်၍ ကြည့်လိုက်ရာ ခြေတစ်ဖက်မှာ အတုတပ်ထားသည်ကို တွေ့ လိုက်ရ၏။

''ဘာကိစ္စလဲ မိန်းကလေး''

''ဒီလမ်းထဲက ဗေဒင်ဆရာ ဦးမင်းထိပ်ခေါင်အိမ်ကို သိချင်လို့ပါ ဘကြီး''

''ဦးမင်းထိပ်ခေါင်၊ ဗေဒင်ဆရာကြီးက မရှိတော့ဘူးကွယ့်၊ ဆုံးသွားတာကြာပြီ''

''ရှင်''

''သမီးက ဗေဒင်မေးမလို့လား''

''မဟုတ်ပါဘူး အဘ၊ သမီးက ဦးမင်းထိပ်ခေါင်ရဲ့သား ရဲထွဋ်ခေါင်နဲ့တွေ့ချင်တာပါ''

''ဟေ''

အဘိုးကြီးက အံ့သြသွားဟန် ရူပါ့ကို မျက်မှောင်ကုတ်ကြည့်သည်။

''ရဲထွဋ်ခေါင်၊ ဟုတ်လား''

''ဟုတ်ကဲ့''

''ရဲထွဋ်ခေါင်တော့ ရှိတယ်လေ၊ အဘအိမ်နဲ့ တစ်အိမ်ခြားအိမ်ဟာ ရဲထွဋ်ခေါင်အိမ်ပဲ။ ကလေးမက ရဲထွဋ်ခေါင်နဲ့ အရင်ကတွေ့ဖူးလား''

www.burmeseclassic.com

''တွေ့ဖူးပါတယ်အဘ၊ သမီးသူငယ်ချင်းပါ''

''ဟေ''

အဘိုးကြီးနောက်တစ်ခါ အံ့အားသင့်သွားပြန်သည်။

''ဒါဖြင့် သွားလေ၊ ဟိုအိမ်ပဲ။ ရဲထွဋ်ခေါင်လည်း အခုပဲ အဘ ဆီက ပြန်သွားတာ''

''ကျေးဇူးပါပဲအဘ၊ လမ်းညွှန်လိုက်တဲ့လူက ဗေဒင်ဆရာ ဆိုင်းဘုတ်ရှိတယ်ပြောလိုက်လို့၊ လိုက်ရှာနေတာ''

ရူပါက စက်ဘီးကို နင်းထွက်ခဲ့လေသည်။

ဦးစံမင်းဆိုသည့် ခြေတုတပ် ဝပ်ရှော့ပိုင်ရှင်အဘိုးကြီး သူမကို  အံ့အားတသင့် ငေးကြည့်ကျန်ခဲ့တာကို ရူပါမသိတော့ချေ။

♛ ♛ ♛ ♛ ♛

အဘိုးကြီး လမ်းညွှန်လိုက်သည့်အိမ်ရှေ့တွင် စက်ဘီးပေါ်မှ ဆင်းကာ စက်ဘီးကို အိမ်ထဲအထိ တွန်းဝင်ခဲ့လိုက်၏။

''ရဲထွဋ်ခေါင်၊ ရဲထွဋ်ခေါင်''

နှုတ်မှလည်း ရဲထွဋ်ခေါင်အမည်ကို အော်ခေါ်လိုက်၏။

အိမ်ထဲမှ အသက်လေးဆယ်အရွယ်ခန့် လူကြီးတစ်ယောက် ထွက်လာလေသည်။ ရဲထွဋ်ခေါင်နှင့် ရုပ်ချင်းဆင်၍ ရဲထွဋ်ခေါင်အဖေဖြစ်ပုံရသည်။

''ရဲထွဋ်ခေါင်ရှိလား အန်ကယ်''

''သမီးက ဘယ်သူနဲ့တွေ့ချင်တာလဲ''

ရဲထွဋ်ခေါင်လို့မေးနေကာမှ ဘယ်သူနဲ့ တွေ့ချင်တာလဲ ပြန်မေး နေပြန်သည်။

''ရဲထွဋ်ခေါင်နဲ့တွေ့ချင်တာပါ အန်ကယ်''

''အေး ..ရဲထွဋ်ခေါင်ဆိုတာ အန်ကယ်ပဲကွယ့်''

''ရှင်''

ကိုယ့်အဖေအရွယ် အဘိုးကြီးတစ်ယောက်ကို နာမည်အတိုင်း ရင့်ရင့်သီးသီး ခေါ်မိသလိုဖြစ်နေပါရော။

''ဟို ..ဟို ..သမီးတွေ့ချင်တာက အန်ကယ် မဟုတ်ဘူး။ ဟို ..အန်ကယ့်သားထင်တယ်''

''နေပါဦးကွယ့်။ အန်ကယ့်သားက မင်းကို သူ့နာမည်ရဲထွဋ်ခေါင်လို့ ပြောထားလို့လား''

''မဟုတ် ..မဟုတ်ပါဘူး အန်ကယ်။ အို ..လွဲကုန်ပြီ ထင်တယ်။ ဒုက္ခပါပဲ၊ အန်ကယ်က ဗေဒင်ဆရာကြီး ဦးမင်းထိပ်ခေါင်ရဲ့သား ဟုတ်ပါတယ်နော်''

''ဟုတ်တယ်ကွယ့်''

တစ်ခုခုတော့ ဆိုးဆိုးရွားရွား လွဲမှားပြီဆိုတာ ရူပါ နားလည်လိုက်သည်။

''ဘာဖြစ်လို့လဲ ကို''

အမျိုးသမီးကြီးတစ်ယောက် အိမ်ထဲမှထွက်လာကာ မေးလိုက် ခြင်းဖြစ်သည်။

''ဟောဒီမိန်းကလေးက ကိုယ့်နာမည်ကို လာမေးနေလို့ပါ နှင်း။ ဒါပေမဲ့ သူတွေ့ချင်တာ ကိုယ် မဟုတ်ဘူးကွ။ သားကိုတွေ့ချင်တာတဲ့။နှင်းရဲ့သားများ ကိုယ့်နာမည်ကို သူ့နာမည်လုပ်ပြောပြီး ရှုပ်ထားသလား မသိပါဘူးကွယ်''

www.burmeseclassic.com

ရှုပါဖြေရှင်းဖို့လိုလာပါပြီ။

''အဲဒီလို မဟုတ်ပါဘူး အန်ကယ်။ သမီးကို လူတစ်ယောက်က လှမ်းလိုက်တာပါ။ စာတစ်စောင် ပေးခိုင်းလိုက်တာပါရှင်။ သူက ဒီအိမ်က ဗေဒင်ဆရာဦးမင်းထိပ်ခေါင်ရဲ့သား ရဲထွဋ်ခေါင်ကိုပေးပေးဖို့ပဲ မှာလိုက်တာပါ၊ သမီးက ရဲထွဋ်ခေါင်ဆိုတာ သမီးတို့အရွယ်ပဲထင်ပြီး မေးမိတာပါ။ တောင်းပန်ပါတယ် အန်ကယ်''

''စာပေးခိုင်းတဲ့သူက ဘယ်သူလဲ၊ ဘာစာလဲကွယ့်''

''စာပေးခိုင်းတာ မိန်းကလေးတစ်ယောက်ပါ။ သမီးတို့အရွယ် မိန်းကလေးတစ်ယောက်က ပေးခိုင်းတာပါ အန်ကယ်။ အဲဒါကြောင့်လည်း သမီးက အန်ကယ့်ကို သမီးတို့အရွယ်လို့ပဲထင်ပြီး နာမည်ရင်းအတိုင်းခေါ်လိုက်မိတာပါ''

''စာက ဘာစာများလဲကွယ့် ပြပါဦး။ ပေးခိုင်းတဲ့သူက ရော ဘယ်သူလဲ''

ရှုပါသည် စာမှာ ခိုးရာလိုက်ဖို့ရေးထားတဲ့စာဆိုတာ သိထားရ၍ ဦးရဲထွဋ်ခေါင်ကို သူ့ဇနီးရှေ့မှာ စာပေးရမှာ ရွံ့နေရလေ၏။

ထိုစဉ် အိမ်ရှေ့သို့စက်ဘီးတစ်စီး ထိုးဆိုက်လိုက်ကာ လူငယ်တစ်ယောက် အိမ်ထဲသို့ဝင်လာလေသည်။ သူ့ကိုအမြင်တွင် ရှုပါ အတော်ပင် အားတက်သွားမိလေသည်။ သူကား ရဲထွဋ်ခေါင်ဟု ရှုပါက ထင်မြင်ထားသူ၊ ရန်ကုန်ကနေ ဒီမြို့အရောက် ရထားအတူစီးလာသူ လူငယ်ဖြစ်ပါ၏။

သူကလည်း အိမ်ထဲရောက်နေသော ရှုပါ့ကိုအမြင်တွင် အံ့သြ သွားလေသည်။

''ဟင် နင် နင်ဘာလာလုပ်တာလဲ။ ဩော် ထီလက်မှတ်ဖိုး အကြွေးလာပေးတာလား ဟဲဟဲ''

သူကထုံးစံအတိုင်း ရယ်ကျဲကျဲဖြင့် နောက်လိုက်လေသည်။

''မင်းတို့က သိပြီးသားလား၊ ရဲထွဋ်ခေါင်ဆိုတာ သူ့ကို သမီး အမှတ်မှားနေတာလား သမီး''

ဦးရဲထွဋ်ခေါင်က မေးလိုက်လေသည်။

''သူက သူ့နာမည်ကို ရဲထွဋ်ခေါင်လို့ မပြောဘူးပါဘူး အန်ကယ်၊ သိနေတာက သူနဲ့သမီး ပြီးခဲ့တဲ့ တနင်္လာနေ့က ရန်ကုန်ကနေ ရထားအတူစီးလာကြလို့ပါ။ သူ့နာမည်လည်း သမီးမသိဘူး၊ သမီးနာမည်လည်း သူမသိသေးပါဘူး''

'''ဘာတွေလဲကွယ်'''

ဘေးမှရပ်နေသော ဦးရဲထွဋ်ခေါင်၏ဇနီးက ပြောလိုက်ခြင်းဖြစ် သည်။

''သူ့ကိုသာ မေးပေးပါတော့ အန်တီ။ မိန်းကလေးတစ်ယောက်ကို အဖေနာမည်နဲ့ညာပြောပြီး ရည်းစားထားဖူးသလားလို့''

''ဘာဟ''

သူက လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ရေရွတ်လိုက်သည်။

''ငါက ငါ့အဖေနာမည်ကို ဘာလို့အလွဲသုံးစားလုပ်ရမှာလဲ။ နင်သာ ငါ့ကိုနာမည်မမေးဘဲနဲ့ ငါ့နာမည် ရဲထွဋ်ခေါင်ဆိုပြီး ထင်နေတာ မဟုတ်လား။ နင်နဲ့ငါနဲ့ ရထားစီးလာတော့ ငါလွယ်ထားတဲ့ အိတ်မှာ ထိုးထားတဲ့ နာမည်က အဖေ့နာမည်၊ အဲဒီအိတ်က အဖေလွယ်နေကျ အိတ်''

''ဟင်''

''ဒီကြားထဲ ထီဆိုင်မှာ ငါ့ကို ထွဋ်ကြီး လို့ခေါ်လိုက်တော့ ရဲထွဋ်ခေါင်ဆိုတာပဲ ငါ့နာမည်လို့ နင်ထင်ချင်ထင်နေမှာပေါ့။ တကယ်တော့ ငါ့နာမည်ရင်းက ထွဋ်ထွဋ်ဇော် တဲ့။ ထွဋ်တော့ ပါတယ်လေ''

''ဟင် ဟုတ်လား၊ ဒါဆို ရှုပ်ကုန်ပြီ ထင်ပါရဲ့ဟယ်။ ငါပဲ တစ်ပတ်ရိုက်ခံရပြီလား မသိဘူး။ အို အဲဒီလိုလည်း မဟုတ်နိုင်ဘူး''

www.burmeseclassic.com

ရူပါက ဦးရဲထွဋ်ခေါင်ကြီးကိုယ်တိုင်ပဲ ကေသွယ်နှင့် ဇာတ်လမ်း ရှုပ်ထားလေသလားလို့ တွေးပြန်သည်။ မဖြစ်နိုင်ပေ။ ကေသွယ်က ရဲထွဋ်ခေါင်သည် ယခုနှစ် သူမနှင့်အတူ ဆယ်တန်းအောင်ထားသည့် သက်တူရွယ်တူ တစ်ယောက်လို့ ဆိုထားသည် မဟုတ်ပါလား။

ပြီးတော့ ကေသွယ်က သူမကို ရဲထွဋ်ခေါင်၏ဓာတ်ပုံဆိုပြီး ပြလိုက်သေးသည်။ ထိုဓာတ်ပုံရှင်သည် ထွဋ်ထွဋ်ဇော်နှင့်တူနေ၍ ထွဋ်ထွဋ်ဇော်လို့ပဲ သူမကထင်ခဲ့သည်။ တကယ်တော့ ဦးရဲထွဋ်ခေါင်၏ ငယ်စဉ်က ဓာတ်ပုံလည်း ဖြစ်နိုင်သည်ပဲ။

''ကဲပါ သမီးရယ် ့ပေးခိုင်းတယ်ဆိုတဲ့ စာသာပြပါတော့။ ဘယ်သူပေးခိုင်းတယ်ဆိုတာပါ ပြော။ အန်ကယ်တို့ ဝိုင်းပြီး အဖြေရှာ ကြည့်ကြတာပေါ့''

ရူပါက လွယ်အိတ်ထဲမှ စာကိုထုတ်သည်။

ဦးရဲထွဋ်ခေါင်ကို ကမ်းမပေးမီ သူမကို အထင်အမြင် မမှား အောင် အကျိုးအကြောင်းရှင်းပြလိုက်သည်။

''သမီးက တနင်္လာနေ့ကမှ ဒီမြို့ကို ပြောင်းလာတာပါအန်ကယ်။ ထွဋ်ထွဋ်ဇော်နဲ့အတူ ရန်ကုန်က ရထားစီးလာတာ၊ သူသိပါတယ်။ သမီး နာမည်က ရူပါလှိုင်ပါ။ သမီးဖေဖေက ဒီမြို့ကို သစ်တောအရာရှိအနေနဲ့ ပြောင်းလာတာပါ။ ဖေဖေ့နာမည် ဦးလှိုင်ဘွား၊ မေမေ့နာမည် ဒေါ်အေးသန္တာပါ''

''ဟုတ်ပါပြီကွယ်''

''ဖေဖေ့အတွက်ရတဲ့ အရာရှိအိမ်ဘေးမှာ အိမ်တစ်အိမ်ရှိပါတယ် အန်ကယ်။ အခု စာပေးခိုင်းလိုက်တာ အဲဒီအိမ်က မကေသွယ်မိုးမြင့်ဆိုတဲ့ အမျိုးသမီးက ပေးခိုင်းလိုက်တာပါ''

''ဘာ ့ဘာ ့ဘာပြောလိုက်တယ်''

ဦးရဲထွဋ်ခေါင်က အံ့သြတုန်လှုပ်စွာ ရေရွတ်လိုက်သည်။

''ဟောဒီစာပါ အန်ကယ်၊ ကေသွယ်မိုးမြင့်က ရဲထွဋ်ခေါင်ဆီ အရောက်ပို့ပေးပါလို့ တောင်းပန်လို့ သမီးလာပို့ပေးရတာပါရှင်''

ဦးရဲထွဋ်ခေါင်က စာကိုမယူသေးဘဲ ထိတ်လန့်စွာ ကြည့်နေလေသည်။

''ကို့ အကြောင်းစုံသိတဲ့တစ်ယောက်ယောက်က နောက်တာများလား မသိဘူးနော်''

ဦးရဲထွဋ်ခေါင်ဇနီး ဒေါ်နှင်းရည်က ပြောလိုက်ခြင်းဖြစ်သည်။

''ကို ့ကို ဒီစာကိုဖတ်ကြည့်လိုက်မယ်နော် ့နှင်း''

ဦးရဲထွဋ်ခေါင် ဇနီးကို ဘာကြောင့်ခွင့်တောင်းနေပါလိမ့်။

''ဖတ်ကြည့်ရမှာပေါ့ ကို။ ဒါမှ ဘာဆိုတာ အကြောင်းသိရမှာ၊ ဖတ်ကြည့်လိုက်ပါ ကို''

ဦးရဲထွဋ်ခေါင်က ရူပါ့လက်ထဲက စာလေးကိုယူကာ ဖြန့်ဖတ် လိုက်သည်။

စာကိုဖတ်ရင်းမှ ဦးရဲထွဋ်ခေါင်လက်များ တဆတ်ဆတ် တုန် ယင်လာလေသည်။

''ဒါ ့ဒါ ့ကေသွယ့်လက်ရေးအစစ်အမှန်ပဲ''

''နှင်းဖတ်ကြည့်ပါရစေကို''

ဦးရဲထွဋ်ခေါင်က စာကို ဒေါ်နှင်းရည်လက်သို့ ကမ်းလိုက်သည်။

''ဘုရား ့ဘုရား ့ဒါ တစ်ယောက်ယောက် နောက်နေတာပဲဖြစ်မှာပါ၊ နော် ့ကို''

''လက်ရေးကတော့ ကေသွယ့်လက်ရေးပဲ။ နှစ်ပေါင်းဘယ်လောက်ကြာကြာ ကို မှတ်မိပါတယ်၊ ဆောရီး နော် နှင်း''

''ရပါတယ် ကို၊ ဒီစာဘယ်လိုရလာတာလဲ။ နောက်တယ်ဆိုရင်လည်း ဘာရည်ရွယ်ချက်နဲ့လဲ။ အဲဒါတွေ သိရဖို့က ပိုအရေးကြီးပါတယ် ကို''

www.burmeseclassic.com

သူတို့ဆွေးနွေးနေသော အကြောင်းများကို ရူပါ နားမလည်ပါ။ သို့သော် စာကိုယူလာမိသူက ရူပါကိုယ်တိုင်မို့ လင်မယားနှစ်ယောက် မျက်နှာအပျက်ပျက်နှင့် ဆွေးနွေးနေသည့်ကြားမှာ ရူပါ မျက်နှာမထားတတ်၊ ပြုံနေတတ် မထိုင်တတ် ဖြစ်နေရတော့သည်။

''ဘာများ အမှားပါလို့လဲ အန်တီ။ မကေသွယ်က သမီးကို စာပို့ပေးဖို့တောင်းပန်လို့ သမီး ရိုးရိုးသားသား လာပို့ပေးမိတာပါ''

''မင်းကို တို့က သံသယကင်းပါတယ်။ မင်းကိုယ်တိုင်လည်း လှည့်စားခံရတဲ့အထဲမှာ ပါချင်ပါနေမှာပေါ့။ စာပို့ခိုင်းလိုက်တဲ့ ကေသွယ်မိုးမြင့် ဆိုတာကို မင်းဘယ်မှာတွေ့ခဲ့တာလဲ မိန်းကလေး''

''သမီးတို့ခြံနဲ့ သူတို့ခြံက ကပ်လျက်လေ။ သမီး ရောက်ပြီး နောက်တစ်ရက်မှာ မကေသွယ်က လှမ်းခေါ်ပြီး မိတ်ဆက်လို့ သမီးနဲ့ သိသွားတာပါ အန်တီ''

''ဒါဖြင့် တစ်ခုခုမှားနေပြီ။ ကေသွယ်မိုးမြင့်ဆိုတာ သေသွားပြီကွယ့်။ သေတာမှ အနှစ်နှစ်ဆယ်ကျော်ပြီ''

''ရှင် . ရှင် . အန်တီ''

''ဟုတ်တယ် သမီး၊ ကေသွယ် ဆုံးသွားတာ ၁၉၈၃ ခုနှစ်ကပဲ။ အခု ၂၀၀၅ ခုနှစ်ဆိုတော့ သူဆုံးသွားတာ ၂၂ နှစ်ရှိပြီကွယ့်''

''အမယ်လေး''

♛ ♛ ♛ ♛ ♛

သည်တစ်ခါ ထိတ်လန့်တုန်လှုပ်ရသူက ရူပါ ဖြစ်နေလေပြီ။

''ဒါဖြင့် သမီးတွေ့ခဲ့တဲ့ ကေသွယ်ဆိုတာက .''

''နာနာဘာဝဝိညာဉ် ဖြစ်ကောင်းဖြစ်မယ်။ ဒါမှမဟုတ် သမီးကို လူတစ်ယောက်က နောက်ပြောင်ပြီး လှည့်စားလိုက်တာပဲ''

''ရှင် . နောက်တာ၊ ဒါမျိုးတော့ ဘာလို့နောက်မှာလဲ အန်ကယ်ရယ်''

''ကဲပါလေ . ကိုစံမင်းကို သွားခေါ်ပြီး ရှင်းပြခိုင်းတာ ပိုထိရောက်မယ်။ သား ကိုထွဋ်၊ ဦးစံမင်းကို သွားခေါ်ချေကွယ်။ မြန်မြန် လာခဲ့''

''ဟုတ်ကဲ့ အဖေ''

ထွဋ်ထွဋ်ဇော်က စက်ဘီးစီး၍ ထွက်သွားလေသည်။

''ကေသွယ်တို့အိမ်မှာ ဒရိုင်ဘာလုပ်ခဲ့ဖူးတဲ့ လူတစ်ယောက် ရှိတယ်၊ ကိုစံမင်းတဲ့။ ကေသွယ်ဆုံးသွားတာ ကားတိုက်မှုနဲ့ ဆုံးခဲ့တာပဲ သမီး။ အဲဒီတုန်းက ကားမောင်းတဲ့ ဒရိုင်ဘာက ကိုစံမင်းလေ။ ကားပေါ်မှာပါတဲ့ ကေသွယ်နဲ့ သူ့အမေဒေါ်မြမြမူတို့နှစ်ယောက်လုံး ပွဲချင်းပြီး သေသွားကြတယ်။ ကိုစံမင်းကတော့ မသေခဲ့ဘူး။ ခြေတစ်ဘက် ဖြတ်ပစ်ခဲ့ရတယ်''

''အို''

ဦးရဲထွဋ်ခေါင် ရှင်းပြနေစဉ်မှာပင် ထွဋ်ထွဋ်ဇော် ပြန်ရောက်လာလေသည်။ စက်ဘီးနောက်မှာ ဦးစံမင်း ပါလာသည်။

ဦးစံမင်းဆိုသူမှာ ရူပါဝင်မေးခဲ့သော ဝပ်ရှော့မှ ခြေတစ်ဖက် အတုတပ်ထားသော လူကြီးပါတကား။

''ကိုစံမင်းရေ . ဒီမှာ မယုံနိုင်စရာတွေ ဖြစ်ကုန်ပြီဗျာ''

''ထွဋ်ထွဋ် လမ်းမှာပြောပြလို့ ငါလည်းအံ့ဩနေတာ ကိုရဲ။ ဟောဒီမိန်းကလေး ငါ့ဝပ်ရှော့မှာ ဝင်မေးသွားသေးတယ်။ သူက မင်းနာမည်ကို ရဲထွဋ်ခေါင်ဆိုပြီး ရွယ်တူချင်းခေါ်သလို ခေါ်နေလို့ ငါအံ့အားသင့်နေတာ''

www.burmeseclassic.com

ထွင့်ထွင့်ဇော်က ဦးစံမင်းကို တွဲခေါ်လာပြီး ကုလားထိုင်တွင် ထိုင်စေလိုက်သည်။

ရှုပါကတော့ မျက်နှာပူခြင်း၊ အားနာခြင်း၊ ကြောက်ရွံ့ခြင်း၊ ရှက်ခြင်းများ ရောနှောခံစားကာ မနေတတ်အောင် ဖြစ်နေလေသည်။

''ဒီစာကို ဖတ်ကြည့်ပါဦး ကိုစံမင်း''

ဦးရဲထွင့်ခေါင်က ရှုပါယူလာသော စာကို ဦးစံမင်းဆီသို့ ကမ်းပေးလိုက်သည်။

ဦးစံမင်းက စာကိုဖတ်ကြည့်ပြီး –

''စာထဲကလက်ရေးဟာ ကေသွယ့် လက်ရေးလို့ မင်းထင်သလား'

''ကေသွယ့်လက်ရေးမှ အစစ်ပါပဲ ကိုစံမင်း''

''ဒါဖြင့် ကေသွယ် ရေးခဲ့ဖူးတဲ့စာကို တစ်နည်းနည်းနဲ့ ရထားတာ ဖြစ်ရင်ဖြစ်မယ်။ ဒီလိုမှမဟုတ်ရင် ကေသွယ့်ဝိညာဉ်ဟာ သေပြီး အနှစ် ၂၀ ကျော်ကြာမှ သင်္ချိုင်းက ပြန်ထလာတာပဲ ကိုရဲ''

''အဲဒါကို မယုံနိုင်ဖြစ်နေတာပေါ့ ကိုစံမင်းရယ်၊ သေပြီးသား လူက ဘယ်လိုထလာနိုင်မှာလဲ''

''ကဲ ဒီကမိန်းကလေးက ဘကြီးကို အကြောင်းစုံ ပြောပြပါဦးကွယ်''

ဦးစံမင်းက မေးသောကြောင့် ရှုပါအကြောင်းစုံကို အစဉ်အတိုင်း ပြန်ပြောပြလိုက်လေသည်။

''ဒါဖြင့် သမီးတွေ့ခဲ့ရတာ ကေသွယ်မိုးမြင့်ရဲ့ တစ္ဆေဆိုတာ သေချာတယ် သမီး''

''အမျိုးသမီးတစ်ယောက်ယောက်က ကေသွယ့်အယောင် ဆောင်ပြီး''

''မဖြစ်နိုင်ဘူးလေ၊ ဒါလောက်လုံခြုံတဲ့ အိမ်ထဲကို ဘယ်သူက ခိုးဝင်နေလို့ရမှာလဲ။ တောကြီးမျက်မည်းထဲက အိမ်မှ မဟုတ်ပဲကွယ်။ ပြီးတော့ အိမ်သော့အားလုံးက အဘဆီမှာ''

''အဘဆီမှာ အိမ်သော့တွေရှိတယ်၊ ဟုတ်လား''

''အေး ကေသွယ်တို့မိသားစုနဲ့ အဘနဲ့ဘယ်လိုပတ်သက် ခဲ့တယ်ဆိုတာ သမီးကို ပြောပြပါ့မယ်''

''အဘက ကေသွယ်တို့အိမ်က ဒရိုင်ဘာပါ။ ကေသွယ့်အဖေ ဦးမိုးမြင့်ဟာ အဘရဲ့ ဆရာအရင်းပဲ။ ကေသွယ့်မိဘတွေက စီးပွားရေးအောင်မြင်တော့ တော်ရုံလူလောက်ကို အထင်မကြီးကြဘူးကွယ့်။ ကေသွယ့်ကိုလည်း အဆင့်အတန်းမြင့်မြင့်လူနဲ့ ပေးစားဖို့အထိ မျှော်မှန်းထားကြတယ်။ အဆင့်မြင့်တယ်ဆိုတာကတော့ သူတို့တိုင်းတဲ့ ပေတံနဲ့ပေါ့လေ။ ဒါလည်း မိဘတွေရဲ့ သားသမီးအပေါ်မှာ ထားတဲ့စေတနာပါ။

''ကေသွယ်ဟာ ဟောဒီက ရဲထွင့်ခေါင်နဲ့ လူငယ်ဘဝ ချစ်ကြိုးသွယ်မိကြတယ်။ သူတို့ဆယ်တန်းနှစ်မှာပေါ့။ ရဲထွင့်ခေါင်နဲ့ပတ်သက်လို့ ပြောစရာအားနည်းချက်ကတော့ ဆင်းရဲတာပါပဲကွယ်။ ဒီအားနည်း ချက်တစ်ခုကလွဲလို့ ကိုရဲဟာ စာလည်းတော်ပါတယ်။ ရိုးလည်း ရိုးသားပါတယ်။ ဆယ်တန်းကိုလည်း နှစ်ချင်းပေါက်အောင်ခဲ့တယ်။ ကိုရဲနဲ့ ကေသွယ် တစ်နှစ်တည်း အတူတူအောင်ခဲ့ကြတာလေ။

''ဆယ်တန်းအောင်တဲ့ နှစ်မှာပဲ ကိုရဲနဲ့ကေသွယ့်ကိစ္စကို မိဘတွေ သိသွားကြတယ်ကွယ့်။ ယမ်းပုံမီးကျဖြစ်ကြတာပေါ့ကွယ်။ ကေသွယ့်ကို ရန်ကုန်က သူတို့မိတ်ဆွေသားတစ်ယောက်နဲ့ ပေးစားဖို့စီစဉ်တယ်။ ကိုရဲနဲ့ အဆက်ပြတ်သွားအောင် ကေသွယ့်ကို အိမ်ထဲက အိမ်ပြင်ပေး မထွက်တော့ဘူး။ တက္ကသိုလ်ဆက်တက်ဖို့လည်း ခွင့်မပြုခဲ့ဘူး။ ကံတရားက တက္ကသိုလ် ကျောင်းတွေဖွင့်တဲ့အချိန်ထိတောင် မစောင့်ခဲ့ပါဘူးကွယ်။

''တစ်နေ့မှာ ဆရာကြီးဦးမိုးမြင့် ရန်ကုန်သွားတယ်။ ရန်ကုန်သွားတာ တခြားကိစ္စ မဟုတ်ဘူး။ ကေသွယ့်ကို အိမ်ထောင်ချပေးဖို့ကိစ္စ သွားပြီး ဆွေးနွေးတာ၊ မှတ်မှတ်ရရ အဲဒီနေ့က ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလ ၁၈

www.burmeseclassic.com

ရက်၊ တနင်္ဂနွေနေ့ကွယ့်။ ညရထားနဲ့ ရန်ကုန်ဆင်းမယ့်ဆရာကြီးကို ဘူတာရုံလိုက်ပို့ကြတယ်။ ဆရာကတော် ဒေါ်မြမြမူ ရယ်၊ ကေသွယ်ရယ်ပေါ့။ အဘကတော့ ကားမောင်းပို့ရတယ်။

''ကြမ္မာငင်ချင်တော့ ဘူတာကအပြန်မှာ လော်ရီကားကြီးတစ်စီးနဲ့ ခေါင်းချင်းဆိုင်တိုက်မိပြီး အဘ မောင်းလာတဲ့ ပတ်ဘလစ်ကာ ကားလေးဟာ ချောင်းထဲအထိ လိမ့်ဆင်းသွားခဲ့တယ်။ ဆရာကတော်နဲ့ ကေသွယ် အဲဒီနေရာမှာပဲ ပွဲချင်းပြီးသေဆုံးသွားခဲ့တယ်ကွယ်။

''အဘကတော့ အသက်ချမ်းသာရာရခဲ့တယ်။ ခြေထောက်တစ်ဖက်တော့ ဆုံးရှုံးသွားတာပေါ့။ အဘ ညာဘက်ခြေထောက်ဟာ အဲဒီတုန်းက ဆုံးရှုံးသွားလို့ ခြေတုတပ်ထားရတာပဲ။

''ဆရာကြီးလည်း ရန်ကုန်က ချက်ချင်းပြန်လာပြီး သမီးနဲ့ဇနီးရဲ့ အသုဘကိစ္စကိုစီစဉ်ရတော့တာပေါ့။ ဆရာကြီးဟာ သံဝေဂလည်း တော်တော်ရသွားရှာတယ်ကွယ်။ လုပ်ငန်းတွေအားလုံးကို ရပ်ပစ်လိုက်ပြီး ဘုန်းကြီး ဝတ်သွားတယ်။ အိမ်နဲ့ခြံကိုလည်း သော့ခတ်ပိတ်ထားခဲ့လိုက်တယ်။ သော့အားလုံးကိုတော့ အဘကိုအပ်ခဲ့ပြီး လိုအပ်သလို ပြင်ဆင်တာ၊ သန့်ရှင်းရေးလုပ်တာတွေ လုပ်ပေးဖို့ တာဝန်ပေးခဲ့တာပဲကွယ့်။

''ဆရာကြီးက ခြေတစ်ဖက်မရှိတော့တဲ့ အဘကိုလည်း အဘတတ်တဲ့ပညာနဲ့လုပ်စားနိုင်ဖို့ ဝပ်ရှော့တစ်ခု ဖွင့်နိုင်အောင် အရင်းအနှီး ထုတ်ပေးခဲ့ပါတယ်ကွယ်။

''ဆရာကြီးဟာ အခုထိဘုန်းကြီးဘဝနဲ့ ရှိနေပါသေးတယ်။ တောကျောင်းမှာ သီတင်းသုံးနေတုန်းပဲကွယ့်။ အိမ်နဲ့ခြံကိုတော့ ခုထိ ရောင်းချဖို့ မလုပ်ရသေးဘူး။ အဘကပဲ တစ်နှစ်ကိုနှစ်ကြိမ်သုံးကြိမ် တပည့်တွေနဲ့အတူ သန့်ရှင်းရေး သွားသွားလုပ်ပေးနေတာပါ။ နောက်ဆုံး သင်္ကြန်အပြီး နှစ်ဆန်းတစ်ရက်နေ့မှာ အဘရောက်ခဲ့တယ်။ ပစ္စည်းပစ္စယတွေ သိမ်းဆည်းတာကလွဲပြီး အိမ်ကို နဂိုအနေမပျက် ထားခဲ့တာပဲကွယ့်။

''ကဲ ဒီတော့ လူစိမ်း တစ်ယောက်ယောက်က ကေသွယ့် အယောင်ဆောင်ပြီး အိမ်ထဲဝင်နေတယ် ဆိုတာ ဖြစ်နိုင်ပါ့မလား''

♛ ♛ ♛ ♛ ♛

''အဘရယ် ဒီလိုဆိုရင် သမီးတွေ့ခဲ့တဲ့ မိန်းကလေးဟာ ကေသွယ်မိုးမြင့်ဆိုတာ သေချာသွားပြီပေါ့။ ဒါပေမဲ့ လူသားစစ်စစ်တော့ မဟုတ်ဘူး။ သူဟာ နာနာဘာဝ၊ သရဲတစ္ဆေပေါ့နော်''

''သမီးတွေ့ခဲ့တဲ့ ကေသွယ့်ပုံပန်းသဏ္ဌာန်ကို ပြောပြပါဦး''

''သူ့မှာ ပါးချိုင့်လေးနှစ်ဖက်ပါတယ် အဘ''

''သိပ်ဟုတ်တာပေါ့''

'''သမီးနဲ့စကားပြောတဲ့အချိန်မှာ ယူနဲ့အိုင်နဲ့ပြောတယ်''

''ဟုတ်တယ် ရူပါ၊ ကေသွယ်က သိပ်မရင်းနှီးသေးတဲ့သူနဲ့ ပြောရင် အိုင်,ယူနာမ်စားသုံးပြီး ပြောတတ် တယ်''

ဦးရဲထွဋ်ခေါင်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။

''ပြီးတော့ သမီးနဲ့တွေ့တဲ့ နှစ်ခါလုံးမှာ သူဝတ်ထားတဲ့အဝတ်အစားက တစ်မျိုးတည်းပဲ။ ခေါင်းလောင်း အင်္ကျီ၊ အင်္ကျီလက်အနားမှာ ဇာတပ်ထားတယ်''

''အို ဖြစ်မှဖြစ်ရလေ၊ အဲဒါဟာ ကားတိုက်နဲ့နေ့က ဝတ်ခဲ့တဲ့ အဝတ်အစားအတိုင်းပါပဲ သမီးရယ်''

''ဟုတ်လားအဘ၊ သမီးလည်း အဝတ်အစားတွေက ရှေးဆန်တယ်လို့ ထင်မိပါတယ်''

''ဒီဓာတ်ပုံလေးကို ကြည့်ပါဦးရူပါ။ ကေသွယ်က မင်းကိုပြခဲ့တဲ့ ရဲထွဋ်ခေါင်ရဲ့ ဓာတ်ပုံဆိုတာ ဒီပုံပဲလား''

ဦးရဲထွဋ်ခေါင်ပေးသော ဓာတ်ပုံကို ရူပါ ယူကြည့်လိုက်သည်။

www.burmeseclassic.com

''ဟင် ့ဟုတ်တာပေါ့၊ ဒီပုံပါပဲ အန်ကယ်။ ဒါ အန်ကယ် ငယ်ငယ်က ရိုက်ထားတဲ့ ပုံပေါ့နော်''

''ဟုတ်တယ်၊ ဆယ်တန်းနှစ်တုန်းက ရိုက်ခဲ့တဲ့ပုံ၊ ကေသွယ့်ကို ပေးဖို့ရည်ရွယ်ပြီး သပ်သပ်ရိုက်ထားတာ၊ တစ်ပုံကို ကေသွယ့်ပေးခဲ့ တယ်လေ''

''ဒါကြောင့် ဓာတ်ပုံက ဘလက်အင်ဝှိုက် ဖြစ်နေတာကိုး''

''အန်ကယ်တို့ခေတ်က ကာလာဓာတ်ပုံတွေ မပေါ်သေးဘူး လေ။ ရိုက်ရင်လည်း သိပ်ဈေးကြီးတယ်''

''အန်ကယ် ငယ်ငယ်ကပုံက အခု ထွဋ်ထွဋ်ဇော်နဲ့ တူနေတော့ ကေသွယ့်ချစ်သူဟာ ထွဋ်ထွဋ်ဇော်လို့ပဲ သမီးက ထင်နေမိတာလေ။ ထွဋ်ထွဋ်ဇော်နာမည်ကိုလည်း သေချာသိမထားတော့ သူ့ကိုပဲ ရဲထွဋ်ခေါင် အမှတ်နဲ့ လာရှာမိတာပါ အန်ကယ်''

''တိုက်လည်း တိုက်ဆိုင်လွန်းတာကိုးကွယ့်။ ကေသွယ် ဆုံးတုန်းက အသက် ၁၈ နှစ်၊ ကေသွယ်နဲ့ အန်ကယ်က သက်တူရွယ်တူဆိုတော့ အဲဒီတုန်းက ၁၈ နှစ်အရွယ်ပဲလေ။ သား ကိုထွဋ်ကလည်း အခု ၁၈ နှစ် ကွယ့်။ ဆယ်တန်းအောင်ထားတာပါ။ ဟိုတုန်းက အန်ကယ့်အနေအထားနဲ့အကုန်လုံး သွားတူနေတော့တာကိုး''

''ဩော် ့ဟုတ်ပါရဲ့နော်''

''တိုက်ဆိုင်တာတွေကတော့ အံ့သြစရာပဲ ကိုရဲရေ။ ၈၃ ခုနှစ်က ကားတိုက်မှုဖြစ်တဲ့ စက်တင်ဘာလ ၁၈ ရက်ဟာ တနင်္ဂနွေနေ့လေ။ ဟော ၂၂ နှစ်ခြားသွားတဲ့ အခုနှစ် ၂၀၀၅ ခုနှစ်မှာလည်း စက်တင်ဘာ လ ၁၈ ရက်ဟာ တနင်္ဂနွေနေ့ပဲကွ''

''ဟင် ့ဟုတ်လား ကိုစံမင်း''

''ဒီလိုနေ့စွဲနဲ့ရက်စွဲတိုက်ဆိုင်မှုဟာ ကေသွယ့်ရဲ့ဝိညာဉ်အရိပ် ပြန်ပေါ်လာဖို့များ အထောက်အကူပြုလေ သလား။ စဉ်းစားဖို့လိုတယ် နော် ကိုရဲ''

''ဟုတ်တာပေါ့ဗျာ''

''ကေသွယ်ဟာ ့အင်း ့ခုလို အကြောင်းစုံ သိရပြီဆိုတော့ ဒေါ်ကေသွယ်လို့ ခေါ်ရတော့မှာပေါ့နော်။ သူကွယ်လွန်တုန်းက သမီးမွေးတောင်မှ မမွေးသေးတာ။ ဒေါ်ကေသွယ်သာ ဆက်ရှိနေရင် အသက် ၄၀ ရှိပြီပေါ့။ အဘ ဒေါ်ကေသွယ်ဟာ နာနာဘာဝအဖြစ်နဲ့ ဒီအိမ်ထဲမှာ အမြဲရှိနေခဲ့တာ မဖြစ်နိုင်ဘူးလား၊ ခုမှ ပေါ်လာတာလို့ ဆိုလိုချင်တာလား ဟင်''

''တစ္ဆေသရဲအဖြစ် တောက်လျှောက်ရှိနေလိမ့်မယ်လို့ အဘ မယုံကြည်ဘူးကွယ့်။ ရှိနေခဲ့ရင် ၂၂ နှစ်အတွင်းမှာ ထူးခြားမှုတစ်ခုခုတော့ တွေ့ရမှာပေါ့။ သေစဉ်တုန်းက နေ့စွဲရက်စွဲနဲ့ လက်ရှိခုနှစ်ရဲ့ နေ့စွဲရက်စွဲ တိုက်ဆိုင်မှုဟာ အရေးပါလိမ့်မယ်လို့ အဘထင်တယ်''

''အန်ကယ့်ကို လာခိုးဖို့ရေးတဲ့စာကရော တစ္ဆေဘဝရောက်မှ ရေးလိုက်တာလား ဟင်''

''မဟုတ်နိုင်ဘူး၊ ဒီစာကို မသေခင် လွန်ခဲ့တဲ့ ၂၂ နှစ်ကတည်းက ရေးခဲ့တာပဲ။ ဒီမှာ ဖတ်ကြည့်လေ''

သူတစ်ပါး၏ပုဂ္ဂိုလ်ရေးစာမို့ ရူပါ ဖတ်မကြည့်ခဲ့ပါ။ ယခုမှပင် ယူဖတ်လိုက်၏။

စာရွက်မှာ ဝါကြန့်နေသည်။ မင်များက လွင့်ပြ ယ်၍ ခပ်မှိန်မှိန် သာရှိတော့သည်။ ဟုတ်ပါသည်။ လောလောလတ်လတ်ရေးထားတဲ့စာ မဟုတ်။

''ကေသွယ့်လက်မှတ်အောက်မှာ စာရေးတဲ့ရက်စွဲကို ရေးထား တယ်၊ တွေ့လား''

''တွေ့တယ် အန်ကယ်၊ ၁၇–၉–၈၃ တဲ့''

''အဲဒါ မသေခင်တစ်ရက်ပေါ့၊ ကြည့်ရတာ ကေသွယ်ဟာ သူ့မိဘတွေက အိမ်ထောင်ချပေးတော့ မယ်ဆိုလို့ အန်ကယ့်ကို လာခိုးဖို့ ချိန်းတဲ့စာကို ရေးခဲ့ပုံပဲ။ သေသွားလို့ မပေးဖြစ်ခဲ့ဘူး။ အခု သရဲတစ္ဆေ ဘဝနဲ့ ပြန်ပေါ်လာမှ ဒီစာကိုပြန်ရှာပြီး ပေးလိုက်တာပဲပေါ့ ရူပါ''

www.burmeseclassic.com

''သူ့စိတ်ထဲမှာ လက်ရှိအချိန်ကာလဟာ ၁၉၈၃ ခုနှစ်လို့ပဲ ထင်နေမှာပေါ့ အန်ကယ်ရယ်''

''ဒါပေါ့''

''၈၃ ခုနှစ်တုန်းက ဒီမြို့မှာနေသွားတဲ့ သစ်တောအရာရှိနာမည်က ဦးထင်ကျော် ထင်ပါရဲ့။ ကေသွယ်က သမီးကို ဦးထင်ကျော်တို့ ပြောင်းသွားတာ သူမသိလိုက်တဲ့အကြောင်း ပြောသေးတယ် အန်ကယ်''

''ဟုတ်တာပေါ့ ရှုပါ။ ဦးထင်ကျော်သမီး မာမာကျော်ဟာ ကေသွယ့် သူငယ်ချင်းပဲ၊ အန်ကယ်နဲ့လည်း ခင်တယ်။ ကေသွယ် ဆုံးပြီး မကြာခင်ပဲ မာမာကျော်တို့ ဒီမြို့က ပြောင်းသွားကြတာ။ ဒါဆို ကေသွယ်ဟာ ဝိညာဉ်ဘဝမှာ အရင်အဖြစ်အပျက်တွေကို အကုန်မှတ်မိနေတာ ပဲ''

''နေပါဦး ဖေဖေတို့ရ၊ ဒီပုံအတိုင်းဆို ကေသွယ်မိုးမြင့်ဆိုတဲ့ အမျိုးသမီးဟာ သူ့အိမ်ထဲမှာရှိနေတာ သေချာနေပြီလေ။ ဖေဖေတို့ ဒီတိုင်းပဲထိုင်ပြီး ဆွေးနွေးနေကြတော့မှာလား။ ဒေါ်ကေသွယ်ရဲ့ ဝိညာဉ်ကောင်ကို သွားမရှာကြတော့ဘူးလား''

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော ထွဋ်ထွဋ်မှဇော်က ဝင်ပြောလိုက်ခြင်းဖြစ်ပါသည်။ စိတ်အား ထက်သန်စွာနှင့် မချင့်မရဲ ပြောလိုက်ခြင်းလည်း ဖြစ်လေသည်။

''သွားမှာပါ သားရယ်၊ ဖေဖေသွားမှာပါ။ ဒါပေမဲ့ အခုမသွားဘူး။ ကေသွယ် ချိန်းထားတဲ့အချိန်ကျမှ သွားမယ်''

''ဟင်''

''ကေသွယ်က ဖေဖေ့ကို ဒီနေ့ည ၇ နာရီမှာ လာခိုးဖို့ချိန်း ထားတာကွ။ ကေသွယ်က ပရလောကသား အရိပ်အယောင်ဆိုတော့ အခုအချိန်သွားရင် တွေ့ချင်မှတွေ့မှာလေ။ သူချိန်းတဲ့အချိန်သွားရင် အိမ်ထဲက သေချာ ပေါက်ထွက်လာမှာပဲ''

''မှန်တာပေါ့။ အခုသွားရင် ကေသွယ့်ဝိညာဉ်ကို တွေ့ချင်မှ တွေ့ရမှာ၊ သူချိန်းတဲ့ ည ၇ နာရီအချိန်က အသေချာဆုံးပဲ။ ငါလည်း လိုက်ခဲ့မယ် ကိုရဲရေ''

''ဒါဆို ကျွန်တော်လည်း လိုက်ပါရစေ ဖေဖေ''

''မင်းအမေကိုလည်း ခွင့်တောင်းပါဦး သားရယ်၊ နှင်းကို ဒီည သွားမှာကို ခွင့်ပြုပေးပါ နှင်း။ နားလည်မှုလည်း ပေးပါကွယ်''

''သွားပါ ကို ့သွားပါ။ နှင်းလည်း ဒီပြဿနာကို သိပ် စိတ်ဝင်စားမိပါတယ်၊ နှင်း မတားပါဘူး ကိုရယ်''

''ကျေးဇူးတင်ပါတယ် နှင်း''

''နှင်းက ကေသွယ့်ကို သဝန်တိုနေမယ်လို့များ ကို ထင်နေသလားဟင်။ နှစ်ပေါင်းများစွာက သေဆုံးပြီး သား မိန်းမတစ်ယောက်အပေါ်မှာ နှင်း စိတ်ထားမသေးသိမ်ပါဘူး ကို။ ဝိညာဉ်ဘဝရောက်နေတဲ့ ကေသွယ့်ကို နှင်း သနားနေမိပါတယ်''

ဒေါ်နှင်းရည်က လှိုက်လှိုက်လှဲလှဲ ပြောကြားလိုက်လေ၏။

♛ ♛ ♛ ♛ ♛

''ဒါဆိုရင် အန်ကယ်တို့ ညခုနစ်နာရီ မထိုးခင်မှာ ကေသွယ့် အိမ်ရှေ့ကို အရောက်သွားကြမယ်။ သူချိန်းတဲ့နေရာကို ကေသွယ် ထွက် လာ, မလာ စောင့်ကြည့်ရမှာပဲ။ ဒီညတော့ ထူးဆန်းတဲ့ ဝိညာဉ်လောကကို အဖြေရှာကြတာပေါ့လေ''

www.burmeseclassic.com

''သမီးတို့အိမ်ကို လာခဲ့ပါ အန်ကယ်။ သမီးဖေဖေနဲ့မေမေကိုလည်း အကျိုးအကြောင်း ကြိုပြောထားပါ့မယ်။ သမီးကိုလည်း ခွင့်ပြုပါဦး''

''ကောင်းပြီ သမီး''

ရူပါက စက်ဘီးကိုတွန်း၍ ခြံဝင်းအပြင်သို့ထွက်ခဲ့သည်။

ထွင့်ထွင့်ဖော်က နောက်မှလိုက်ပါလာရင်း မေးလိုက်၏။

''နင် ပြန်ရဲရဲ့လားဟင် ငါ လိုက်ပို့ရမလား''

''ပြန်ရဲပါတယ်၊ ငါနင့်ကို ထီလက်မှတ်ဖိုး ပေးမယ်နော် ထွင့် ထွင့်ဖော်''

''မပေးပါနဲ့တော့ဟာ၊ အဲဒီလက်မှတ်က ထီပေါက်ရင်သာ ငါ့ကို တစ်ဝက်ပေး''

''ထီတွန်းလှည်းက နင်ရောင်းတာလား''

''ငါတို့က ရန်ကုန်ကဆိုင်ကြီးကနေ ကိုယ်စားလှယ်ယူထား တာလေ။ အဲဒီလိုတွန်းလှည်းဆိုင်လေးတွေကို ဖောက်သည်ပြန်ပေးတာ၊ ဟိုနေ့က ကားကွင်းထဲမှာ နင်နဲ့တွေ့တာ ထီတွေ ငါလိုက်ဖြန့်နေတာပေါ့''

''သြော် ဒီလိုလား၊ ငါက ထီလက်မှတ်ဖိုးပေးမယ်ဆိုပြီး မနေ့က ကားကွင်းထဲမှာ နင့်ကိုလိုက်ရှာနေတာ၊ ထီလှည်းလည်း မတွေ့ခဲ့ဘူး''

''ဒါအရေးမကြီးပါဘူးဟာ၊ ထီပေါက်ရင်သာ ငါ့ကိုတစ်ဝက်ခွဲပေး''

''အဲ့လိုတော့ မပေးနိုင်ပါဘူး၊ ထီလက်မှတ်ဆိုတာ လက်ဝယ်ရှိသူပဲ ပိုင်တာဟဲ့''

ရူပါက ထွင့်ထွင့်ဖော်ကို ပြန်ပြောရင်း စက်ဘီးကို နင်းထွက်ခဲ့လေသည်။

''ညကျ ဖေဖေတို့နဲ့အတူ ငါလိုက်လာမယ်နော်၊ စောင့်နေ''

♛ ♛ ♛ ♛ ♛

ညနေခြောက်နာရီကျော်ကျော်လောက်တွင် ရူပါတို့အိမ်ဧည့်ခန်း ၌ လူစုံတက်စုံ ရောက်ရှိနေလေပြီ။

လူစုံဆိုရာ၌ ရူပါ့ဖခင်ဦးလှိုင်ဘွားနှင့် မိခင်ဒေါ်အေးသန္တာ။

ရူပါအပြင်ကပြန်လာတော့ အိမ်မှာ ဒေါ်ကျော့မူ ရှိနေသေးသည်။ ရူပါက ဟိုဘက်ခြံက ထူးဆန်းသော မိန်းကလေးအကြောင်း ပြောပြလိုက်သောအခါ ဒေါ်ကျော့မူ စိတ်ဝင်စားသွားလေသည်။ ညနေပိုင်းတွင် ဒေါ်ကျော့မူက သူ့ခင်ပွန်းဦးမြဇင်ကို ခေါ်ခဲ့ကာ ရောက်လာခြင်းပင် ဖြစ်ပါ၏။

ပြီးတော့ ဦးရဲထွင့်ခေါင်နှင့် ထွင့်ထွင့်ဖော်သားအဖ၊ တစ်ချိန်က ဟိုဘက်အိမ်မှာ ဒရိုင်ဘာလုပ်ခဲ့သူ ဦးစံမင်း။ သုံးဦးသား ရောက်လာ ကြလေသည်။

ရူပါက လူကြီးတွေကို တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက် ပေးလိုက်သည်။

ဦးမြဇင်နှင့်ဒေါ်ကျော့မူတို့ ဒီမြို့ကိုရောက်နေတာ သုံးနှစ်ရှိပြီဖြစ်သော်လည်း မြို့ခံများဖြစ်သည့် ဦးရဲထွင့်ခေါင်တို့၊ ဦးစံမင်းတို့နှင့် မသိကျွမ်းကြပါ။ ဝန်ထမ်းနှင့်ကိုယ်ပိုင်လုပ်ငန်းရှင် သီးခြားစီမို့ မသိကျွမ်းမိကြခြင်း ဖြစ်သည်။

ရူပါ မိတ်ဆက်ပေးလိုက်တော့ ဦးစံမင်းက ဟိုဘက်ခြံနှင့် ပတ်သက်သော ရှေးဟောင်းနှောင်းဖြစ်များကို ပြောပြသည်။ ရူပါ့အတွေ့ အကြုံများကိုလည်း ယနေ့နေ့လယ်ခင်းကပင် ဘုန်းကြီးဝတ်နေသည့် ကေသွယ့် ဖခင်ကြီးရှိရာ တောရကျောင်းသို့ သွားရောက်လျှောက်ထား လိုက်ကြောင်း ပြောပြနေသည်။

''ဆရာတော်ကြီးက ဒီအိမ်ကို ရောင်းလည်းမရောင်း အငှားလည်းမထားဘဲ ဒီအတိုင်းထိန်းသိမ်းထားတာ ကျွန်တော်ပဲ သုံးလေးလ တစ်ခါဆိုသလို သန့်ရှင်းရေး လာလာလုပ်ပေးနေတာပါ။ ရူပါလေးရဲ့ အတွေ့အကြုံကို

www.burmeseclassic.com

ပြောပြလိုက်တော့ ဆရာတော်ကြီးလည်း စိတ်မကောင်းဘူး။ ဒီနေ့ည စောင့်ကြည့်ပြီး ထူးခြားရင် သူ့ကိုလာလျှောက်ဖို့ မှာလိုက်တယ်''

လူကြီးအားလုံးက ရူပါ၏အတွေ့အကြုံများအပေါ်တွင် ဝိညာဉ်ပဟေဠိကို ယနေ့ည အဖြေညှိဖို့ စိတ်စောနေကြလေ၏။

ရူပါသည် သိပြီးသားအကြောင်းများမို့ လူကြီးများစကားဝိုင်းထဲမှ ထွက်လာခဲ့လေသည်။ ခြံထဲသို့ဆင်းခဲ့၏။

ထွဋ်ထွဋ်ဇော်က မယောင်မလည် ထလာကာ ရူပါ့နောက်သို့ လိုက်လာလေသည်။

ရူပါက တစ်ဖက်ခြံနှင့်ခြံစည်းရိုးအစပ်တွင်ရပ်ရင်း အိမ်ကြီးဆီသို့ မျှော်ကြည့်နေလေသည်။

''ရူပါ၊ ဘာလုပ်နေတာလဲ''

ထွဋ်ထွဋ်ဇော်က ရူပါ့အနီးလာရပ်ပြီး မေးလိုက်သည်။

''မကေသွယ်ကို ကြည့်နေတာပါ ထွဋ်ထွဋ်ဇော်၊ သူ ဟိုပြတင်း ပေါက်ကနေ ရပ်ရပ်ပြီး ရူပါ့ကို လက်ပြနေကျ၊ အခုတော့လည်း ပြတင်း ပေါက်လည်း ပိတ်လို့၊ ကေသွယ့် အရိပ်အယောင်လည်း မမြင်ရပြန်ဘူး''

''သူက ရူပါတစ်ယောက်တည်းပဲ မြင်ရအောင် အရိပ်အယောင် ပြတာလားမှမသိတာ။ ဒါမှမဟုတ် သူ့အရိပ်ကို ရူပါတစ်ယောက်ပဲ မြင် နိုင်တာ ထင်ပါရဲ့''

''ရူပါလည်း အဲဒါကိုပဲ စဉ်းစားနေတာပါ။ ရူပါနဲ့ကေသွယ် နှစ်ခါ စကားပြောခဲ့တယ်။ မေမေက ကေသွယ့်ကို မမြင်ခဲ့ရဘူး ထွဋ်ထွဋ် ဇော်။ ပြတင်းပေါက်က ကေသွယ့်အရိပ်ကိုလည်း ရူပါသာ မြင်ရတယ်။ မေမေတို့ တစ်ခါမှ မမြင်ခဲ့ကြဘူး''

''အခုလည်း ငါဘေးမှာရှိနေလို့ နင့်ကို အရိပ်မပြတာလား မသိ။ ဘာပဲဖြစ်ဖြစ် ဖေဖေ့ရဲ့ငယ်ချစ်ငယ်ရည်းစားက နင့်အိမ်ဘေးမှာ တစ္ဆေလာဖြစ်နေတဲ့ တိုက်ဆိုင်မှုကတော့ ဆန်းတယ်ဟာ။ နင်နဲ့ငါနဲ့ကလည်း ရန်ကုန်ကနေ ရထားအတူစီးပြီး ပြန်ဖြစ်ခဲ့သေးတယ်နော်''

''ငါ နင့်ကို နည်းနည်းပါးပါးသိထားလို့ ဖာတ်လမ်းက ရှုပ်ကုန်တာပဲ။ ကေသွယ်ပြတဲ့ အနက်ကယ့်ခါတ်ပုံကို နင်လို့ ငါက ထင်လိုက်မိတယ်လေ။ တကယ်တော့ ကေသွယ်ပြောတဲ့ စကားအသုံးအနှုန်းတွေကို ပြန်စဉ်းစားရင် သူဟာ ဟိုခေတ်ကရှင်သန်ခဲ့တဲ့ လူသားတစ်ယောက် ဆိုတာခြေရာ ခံနိုင်တယ်ဟဲ့''

''ဘာဖြစ်လို့လဲ''

''ငါက နင်နဲ့ငါ ရထားပေါ်မှာ ရေသန့်ဘူးဝယ်တဲ့အကြောင်း ကို ပြောပြတော့ ဘူးနဲ့ထည့်ထားတဲ့ရေကို ပိုက်ဆံပေးဝယ်သောက်သလား တဲ့။ ရေတစ်ဘူးနှစ်ရာဆိုတာများတာပေါ့တဲ့။ ဘယ်လိုရေမျိုးမို့လဲတဲ့။ အဲ့ လိုပြောခဲ့တယ် ထွဋ်ထွဋ်''

''ဟင်''

''စဉ်းစားကြည့်လေ၊ သူသေခဲ့တဲ့ ၁၉၈၃ ခုနှစ်မှာ မြန်မာပြည်မှာ ရေသန့်မှ မထုတ်လုပ်သေးပဲ၊ ရေကို ဘူးနဲ့ထည့်ရောင်းတယ်ဆိုတာ သူ့အတွက် အံ့သြစရာဖြစ်နေတာပေါ့''

''ဟုတ်သားပဲ''

''နှစ်ရာကို ဈေးကြီးတယ်လို့ထင်တာလည်း မဆန်းပါဘူးဟယ်၊ အနှစ် ၂၀ကျော်အတွင်းမှာ ကုန်ဈေးနှုန်းက အဆမတန် ကွာခြားသွားပြီကိုး။ ထီလက်မှတ်တစ်စောင် တစ်ရာဆိုတာကိုလည်း သူ့ခမျာ အတော် အံ့သြနေရှာတယ်လေ''

www.burmeseclassic.com

''အဲဒီခေတ်တုန်းက ထီတစ်စောင်ကို ၂ ကျပ်လေ၊ လက်ဖက် ရည်တစ်ခွက်မှ တစ်ကျပ်ပဲပေးရတာဟ။ မေမေက ငါ့ကိုပြောပြတယ်''

''ပြီးတော့ တက္ကသိုလ်အကြောင်းကို သူက ပြောသေးတယ်။သူ ဆယ်တန်းအောင်ထားပေမဲ့ တက္ကသိုလ် တက်ဖြစ်မှာ မဟုတ်ဘူး တဲ့။ စာပေးစာယူသင်တန်းပဲ တက်ဖြစ်မယ်တဲ့လေ။ နင်စဉ်းစားကြည့်၊ တို့ခေတ်မှာ အဝေးသင်တက္ကသိုလ်လို့သာ ခေါ်တော့တာ မဟုတ်လား၊ တက္ကသိုလ်စာပေးစာယူသင်တန်းဆိုတာက ဟိုခေတ်က အခေါ်အဝေါ် ကြီး''

စေ့စေ့တွေးကြည့်မှပင် ကေသွယ်မိုးမြင့်ဆိုတာ လွန်ခဲ့တဲ့နှစ် ၂၀ ကျော်က ရှင်သန်ခဲ့သည့် လူသားတစ် ယောက်ဆိုတာ ရှင်းရှင်းကြီး ပေါ်လာလေ၏။

''အခု သူဟာ တစ္ဆေတစ်ကောင်ဆိုတာ သိလိုက်ရတော့ရော၊ နင် မကြောက်ဘူးလား ရှုပါ''

''မကြောက်ပါဘူးဟယ်။ ကြောက်ရအောင် သူက ငါ့ကို ခြောက်လှန့်နေတာမှ မဟုတ်တာ။ သူ ငါ့ကို အကူအညီတောင်းတာပါ၊ တကယ်တော့ ကေသွယ်ဟာ သနားစရာပါဟယ်။ သနားစရာကောင်းတဲ့တစ္ဆေမလေး တစ်ယောက်ပါ။ ပါးချိုင့်လေးနှစ်ဖက်နဲ့ သိပ်ချောတဲ့ သူ့ကို ငါ့မျက်စိထဲမှာ မထွက်နိုင်အောင် ဖြစ်နေတယ်။ အင်း ့မကြာခင် သူ့ကို ပြန်တွေ့ရဦးမှာပေါ့လေ''

''သူ တကယ်ထွက်လာမယ်လို့ နင်ထင်သလား ရှုပါ''

''ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ သူ့ကိုယ်သူ သေ မှန်းမသိဘဲ လက်ရှိကာလကို ၁၉၈၃ ခုနှစ်လို့ပဲ ထင်နေရှာတာလေ။ နင့်ဖေဖေကို လာခိုးဖို့ သူက စပြီးချိန်းထားတာဆိုတော့ သူ လာကိုလာ မှာပါ''

''တွေးကြည့်ရင်တော့ ရင်ထိတ်စရာ ချောက်ချားစရာကြီးပဲနော်။ ဘယ်လိုတွေ ဖြစ်လာဦးမယ် မသိဘူးဟာ''

သူတို့စကားပြောနေစဉ်မှာပင် အိမ်ထဲမှလူကြီးများ ထွက်လာကြလေသည်။

''သွားကြစို့ သမီးတို့''

ရှုပါနာရီကို ကြည့်လိုက်တော့ ၆ နာရီခွဲနေပြီ။

ကေသွယ် လာတာတော့ လာမှာအမှန်ပင်။ ကေသွယ် သူချိန်းတဲ့ မန်ကျည်းပင်အောက်ကို ရောက် လာမယ်လို့ ရှုပါက ယုံကြည်နေသည်။

ကေသွယ်ထွက်လာတဲ့အခါမှာ ကေသွယ့်ကို လူတိုင်းမြင်နိုင်ပါ့မလား။ ရှုပါတစ်ယောက်တည်းပဲ မြင်ရမှာ လား။ စောင့်ကြည့်ရပေတော့မည်။

♛ ♛ ♛ ♛ ♛

ကေသွယ်တို့ ခြံကြီးရှေ့တွင်ကား ချောက်ချားဖွယ်ကောင်းအောင် တိတ်ဆိတ်နေလေသည်။ တော်သလင်း လပြည့်ကျော် ၅ ရက် နေ့ဖြစ်သည့်အတွက် လရောင်ကတော့ ခပ်ပျပျလင်းနေပေသေး၏။

သီးခြား ဆိတ်ငြိမ်ရပ်ကွက်ဖြစ်သည့် အားလျော်စွာ လမ်းမပေါ်၌ လမ်းမီးများ မရှိပေ။ တစ်ခြံနှင့်တစ်ခြံ မှာလည်း အလှမ်းဝေးသည်မို့ အလင်းရောင်ချို့တဲ့စွာ ရှိနေပေ၏။

လူကြီးများက ဓာတ်မီးများ ဆောင်လာကြသည်။

ကေသွယ်တို့ခြံထဲ၌လည်း လျှပ်စစ်မီးများ မရှိပါ။ လူမနေသောကြောင့် လျှပ်စစ်မီး တပ်ဆင်ထားခြင်း မရှိပေ။ ကေသွယ်သည် မီးအလင်းရောင်မရှိဘဲ မည်သို့နေထိုင်နေပါလိမ့်။

ဦးရဲထွဋ်ခေါင်က ကေသွယ် ချိန်းဆိုထားသော ခြံထောင့် မန်ကျည်းပင်ကြီးအောက်တွင် တစ်ဦးတည်းရပ် နေကာ နေရာယူလိုက်၏။

ဦးစံမင်း၊ ထွဋ်ထွဋ်ဇော်နှင့် ရှုပါတို့က ဆန့်ကျင်ဘက်ထောင့်တွင် နေရာယူလိုက်သည်။

www.burmeseclassic.com

ဦးလှိုင်ဘွားနှင့်ဒေါ်အေးသန္တာ၊ ဦးမြဖင်နှင့် ဒေါ်ကျော့မူ လူကြီး စုံတွဲနှစ်တွဲက လမ်း၏တစ်ဘက်ခြမ်း အမှောင်ရိပ်တစ်နေရာမှ စောင့်ကြည့် နေကြလေသည်။

လရောင်သဲ့သဲ့ဖြစ်သည့် အလင်းဖျော့ဖျော့သာရှိသောကြောင့် ဦးရဲထွဋ်ခေါင်ရပ်နေသော မန်ကျည်းပင် အောက်မှာ ပို၍ မှောင်မည်းနေလေ၏။

အားလုံးသည် တိတ်ဆိတ်စွာနှင့် စိတ်ချောက်ချားစွာ ရပ်နေမိကြလေသည်။ အားလုံး၏ မျက်လုံး များကလည်း ခြံကြီးအလယ်မှ မှောင်မည်းသော အိမ်ကြီးဆီသို့ စိုက်ကြည့်ကာ စောင့်မျှော်နေကြလေသည်။

ခြံတံခါးမကြီးကား ကြီးမားသောသော့ခလောက်ကြီးဖြင့် ခတ် ထားလျက်သား ရှိနေသည်။ ဦးစံမင်းထံ၌ သော့များပါသော်လည်း ဖွင့်ရန် စိတ်မကူးကြချေ။ ကေသွယ်၏ ဝိညာဉ်သည် သော့ခတ်ပိတ်ထားသော တံခါးများ ကို ဖြတ်သန်း၍ မည်သို့ရောက်ရှိလာမည်လဲ၊ အားလုံးက စိတ်တထင့်ထင့်ဖြင့် မျှော်လင့်နေကြလေ၏။

သူမ ကေသွယ်မိုးမြင့်သည် ရောက်ရော ရောက်လာပါ့မည် လား ့အတွေးကိုယ်စီဖြင့် ့

ခုနစ်နာရီသံချောင်းခေါက်သံက ခပ်လှမ်းလှမ်း မီးကင်းတဲတစ်ခု ဆီမှ ပေါ်ထွက်လာလေသည်။

ခွေးတစ်ကောင်က ခြံထဲသို့ကြည့်ကာ သံရှည်ဆွဲ၍အူလိုက်လေသည်။ ခွေးသည် အတန်ကြာ အူနေရာမှ ခြံထဲမှတစ်စုံတစ်ခုကို မြင်လိုက်ရသည့်သဖွယ် အမြီးကိုကုပ်ရင်း ထွက်ပြေးသွားလေသည်။ ထိုခွေး၏အူသံကို ကြားလိုက်ရသော အခြားခွေးများ၏အူသံများက တစ်ရပ်လုံးအနှံ့ ဆူညံစွာ ထွက်ပေါ်လာပြန်လေသည်။

အားလုံး၏အကြည့်က ခြံထဲရှိ မှောင်မည်းသော အိမ်ကြီးဆီသို့ မျက်လုံးမခွာတမ်း စူးစိုက်ကြည့်နေဆဲ ့

အဖြူရောင်ဖျော့ဖျော့ အလင်းတန်းတစ်ခုက အိမ်ထဲမှ ထွက်ပေါ်လာလေတော့သည်။

မီးခိုးလိုလို ဖြူလွလွသဏ္ဍာန်သည် အိမ်မကြီးအတွင်းမှ ဖောက်ထွက်လွင့်မျောကာ တဖြည်းဖြည်းနှင့် ခြံဝသို့ရွေ့လျားလာလျက် ရှိလေသည်။

လူတစ်ယောက် လျှောက်လှမ်းလာသည်နှင့်မတူဘဲ အဖြူရောင်ပဝါစတစ်ခု လွင့်မျောလာသည့်သဖွယ် တရွေ့ရွေ့ နီးကပ်လာသော အရာကား ခြံဝဆီသို့ရောက်လုပေပြီ။

''အို''

ရှုပ်နှုတ်မှ ယောင်၍ထွက်ပေါ်လာသောအသံ –

''မြင်ရသလား၊ အဘ မြင်ရသလား၊ ထွဋ်ထွဋ် မြင်ရသလား ဟင်''

''မြင်ရပါတယ်''

ဦးစံမင်းနှင့်ထွဋ်ထွဋ်ဆီမှ တစ်ပြိုင်တည်း ဖြေကြားသံ ထွက်ပေါ်လာ၏။

ထိုအရာကား တဖြည်းဖြည်း နီးကပ်လာလေပြီ။

ထိုအရာသည် ကေသွယ်မိုးမြင့်၏ဝိညာဉ်ရိပ်ပင် ဖြစ်ပါသည်။

ဝိညာဉ်ဆိုသော်လည်း မိန်းမတစ်ယောက်၏ရုပ်လုံးပီပြင်စွာ ရှိ နေသာ ပုံရိပ်တစ်ခုဖြစ်ပေသည်။

ရှုပါကတော့ နှစ်ကြိမ်တွေ့ဖူးထားသော သူမကို ချက်ချင်း သိရှိမှတ်မိလိုက်လေသည်။ သူမသည် ရှုပါနှင့် ယခင်တွေ့စဉ်တုန်းက အတိုင်း ဇာနားတပ်ခေါင်းလောင်းအင်္ကျီအဖြူကိုပင် ဝတ်ဆင်ထားလေ သည်။

ဝိညာဉ်ဖြူသည် ခြံတခါးဝနားသို့အရောက်တွင် ခေတ္တရပ်နား လိုက်လေ၏။ ဝိညာဉ်ဖြူ၏အကြည့်က ရှုပါတို့သုံးယောက် ရပ်နေရာသို့ ရောက်လာလေသည်။

ကေသွယ်၏ဝိညာဉ်သည် လှုပ်ရှားသွားပြန်ကာ သော့ခတ်ထားသော ခြံဝင်းတံခါးမကြီးကိုဖြတ်သန်း၍ အပြင်သို့ထွက်လာလေသည်။ ခြံတံခါးကို အတားအဆီးမရှိ၊ ကွေ့ဝိုက်ကျော်လွှန်ခြင်း မရှိဘဲ တိုးလျှိုပေါက် ဖြတ်သန်းလာခြင်းပင် ဖြစ်တော့သည်။

www.burmeseclassic.com

ကေသွယ်၏ဝိညာဉ်သည် ရှုပါနှင့် ဦးစံမင်း၊ ထွန်းထွန်းဇော်တို့ ရပ်နေရာသို့ ဦးတည်လျှောက်လှမ်းလာလေသည်။ သည်အခါမှာတော့ သူမသည် လေထဲ၌လွင့်မျောနေသကဲ့သို့ မဟုတ်တော့ဘဲ လူသာမန် တစ်ယောက်သဖွယ် မြေပြင်၌ ခြေလှမ်း၍ လျှောက်လာနေခြင်း ဖြစ်လေ၏။

သူမက ရှုပါတို့အနီးသို့အရောက်တွင် ပြုံးပြလိုက်သည်။ သူမ၏ စွဲမက်ဖွယ်ပါးချိုင့်လေးနှစ်ဖက်က ထင်းခနဲပေါ်သွားလေ၏။

''ကိုထွန်း''

သူမက ထွန်းထွန်းဇော်ကိုကြည့်၍ ခေါ်လိုက်ခြင်းဖြစ်ပါသည်။

ထွန်းထွန်းဇော်သည် သူ့နံဘေးသို့ရောက်လာသော ဝိညာဉ်ရိပ်ကိုကြည့်ကာ ကြက်သီးဖြန်းဖြန်းထ အံ့အားသင့်လျက်ရှိလေသည်။

''ကိုထွန်း ရောက်လာတယ်နော်၊ ကေသွယ်တို့ သွားကြစို့ သွားကြစို့ ကိုထွန်း''

ဝိညာဉ်မလေးကေသွယ်သည် ရဲထွန်းခေါင်နှင့်တူသော သားဖြစ်သူ ထွန်းထွန်းဇော်ကို ရဲထွန်းခေါင်အဖြစ် မှားယွင်းထင်မြင်နေခြင်းပါတကား။

''ကေသွယ်''

နောက်မှထွက်ပေါ်လာသောအသံကြောင့် ဝိညာဉ်မလေးက အံ့အားသင့်စွာ လှည့်ကြည့်လိုက်သည်။

မန်ကျည်းပင်ရိပ်အောက်တွင်ရပ်နေသော ဦးရဲထွန်းခေါင်က လှမ်းခေါ်လိုက်ခြင်းပင် ဖြစ်ပါသည်။

ဦးရဲထွန်းခေါင်က ကေသွယ်ရှိရာသို့ လျှောက်လှမ်းလာလေသည်။

''ကိုထွန်းက ဒီမှာပါ ကေသွယ်၊ ကိုထွန်း ဒီမှာပါ''

''ရှင်''

''သူက ကိုထွန်း မဟုတ်ပါဘူး ကေသွယ်။ သူက ကိုထွန်းရဲ့သား ထွန်းထွန်းဇော်ပါ''

''အို''

''ကိုထွန်းရဲ့သားမို့ ကိုထွန်းနဲ့တူနေတာပါ ကေသွယ်။ ကိုထွန်းကို သေချာကြည့်ပါဦး၊ မှတ်မိရဲ့လား''

''အို ့ဘယ်လိုလဲ၊ ဘာတွေဖြစ်ကုန်တာလဲ''

''နှစ်ကာလတွေ အများကြီး ကြာညောင်းခဲ့ပါပြီ ကေသွယ်။ ၂၂ နှစ်တောင် ကြာခဲ့ပါပြီကွယ်''

''ဟင်''

''ကေသွယ် ကွယ်လွန်ခဲ့တာ နှစ်ပေါင်း ၂၂ နှစ်ရှိပြီကွယ့်''

''ကေသွယ် သေပြီ ့ကျွန်မ သေပြီးပြီ ့ဟုတ်လား''

''ဟုတ်ပါတယ် ကေသွယ်၊ ဟောဟိုက ကိုစံမင်းကို ကြည့်လိုက်ပါဦး။ ကေသွယ်တို့ကားကို မောင်းခဲ့တဲ့ ဒရိုင်ဘာကြီးလေ''

ဝိညာဉ်မလေး၏အကြည့်က ဦးစံမင်းထံကျရောက်လာလေသည်။

''ကေသွယ် မိန်းကလေး၊ ကိုစံမင်းကို မှတ်မိရဲ့လား'

'ကိုစံမင်း ့ကိုစံမင်း ့အိုလှပါရော ့ အသက် ကြီးလှပါရော''

''၂၂ နှစ်ဆိုတဲ့ကာလဟာ မနည်းတော့ဘူးကွယ့်။ ကေသွယ်သာ ပရလောကမှာ မအိုမင်းဘဲ ရှိနေတာ။ ကိုစံမင်းတို့ကတော့ လူသား တစ်ယောက်အနေနဲ့ ဇရာကိုမလွန်ဆန်နိုင်ပါဘူးကွယ်''

''ကျွန်မ ့ကျွန်မသေခဲ့ပြီဆိုတာ တကယ်လားဟင်''

''၁၉၈၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်ညမှာ ကေသွယ့်အဖေ ဦးမိုးမြင့်ကို ရန်ကုန်သွားဖို့ ဘူတာလိုက်ပို့ခဲ့တာ မှတ်မိသလား''

www.burmeseclassic.com

ကေသွယ်က ဦးစံမင်းကို ငေးကြည့်လျက်ရှိသည်။

''ဘူတာက အပြန်မှာ ကိုစံမင်း မောင်းလာတဲ့ကားဟာ လော်ရီကားကြီးတစ်စီးနဲ့ ခေါင်းချင်းဆိုင်ပြီး တိုက်မိခဲ့တယ်လေ''

''ဟင် ..ဒါဖြင့် ဒါဟာ ကေသွယ် မက်တဲ့အိပ်မက် မဟုတ်ဘူးပေါ့။ တကယ်ဖြစ်ခဲ့တာပေါ့ ..အို''

''တကယ်ဖြစ်ခဲ့တာပါ၊ ကားတိုက်မှုကြောင့် ကေသွယ်ရော၊ ကေသွယ့်အမေ ဒေါ်မြမြမူရော အဲဒီက တည်းက ပွဲချင်းပြီး ကွယ်လွန်ခဲ့တာကွယ့်''

''အမယ်လေး''

ဝိညာဉ်မလေး၏ခန္ဓာမှာ နောက်သို့တစ်ချက်တွန့်သွားလေသည်။

''ကားတိုက်တာ ကိုစံမင်း ပေါ့လျော့မှုကြောင့်ပါ။ ကိုစံမင်းကို ခွင့်လွှတ်ပါ။ ကိုစံမင်းလည်း အဲဒီက တည်းက ညာဘက်ခြေထောက်ကို ဖြတ်ပစ်ခဲ့ရတယ်။ ခြေတုတပ်ခဲ့ရတယ်၊ ဟောဒီမှာ ..''

ဦးစံမင်းက သူ့ညာခြေအတုကို ရှေ့သို့ထိုးပြလိုက်လေ၏။

''အလို ..အို ..ဒါတွေဟာ တကယ်ပါလား၊ တကယ်ပါလား၊ ကေသွယ် ..ကေသွယ် သေသွားခဲ့ပြီပေါ့။ ကျွန်မ သေခဲ့ပြီးပြီပေါ့''

''ကေသွယ် ..သမီးရေ ..ကေသွယ်''

အိမ်ထဲမှထွက်လာသောအသံကြောင့် အားလုံးတုန်လှုပ်သွားကြလေသည်။

''ဒါ ..ဒါ ..မမမြအသံ၊ ဆရာကတော် ဒေါ်မြမြမူအသံ''

ဦးစံမင်းက ရေရွတ်လိုက်သည်။

''သမီး ..ကေသွယ် ..လာခဲ့တော့''

အသံက တစ်ဖန်ထွက်ပေါ်လာပြန်သည်။ လူကိုတော့ မမြင်ရ ချေ။

''ဟုတ်တယ်၊ မေမေ ကေသွယ်နဲ့အတူ ရှိနေခဲ့တယ်''

''အို''

''ဟာ''

''ကေသွယ်ရေ ..သမီးရေ ..ပြန်လာခဲ့တော့။ မေမေတို့ သွားရတော့မယ်။ မေမေတို့ နေလို့မရ တော့ဘူးကွယ့်။ မေမေတို့ဟာ''

အိမ်ထဲမှခေါ်သံက ဆက်လက်ထွက်ပေါ်နေဆဲ ရှိလေသည်။

''ကေသွယ် သေသွားပြီ၊ ကျွန်မ သေသွားပြီ၊ ကျွန်မ သွားရ တော့မယ် ..သွားရတော့မယ်''

''သမီး ကေသွယ်ရေ ..ပြန်လာခဲ့ပါကွယ်။ မေမေတို့ဟာ သေပြီးကြပြီကွယ့်။ မေမေတို့သွားကြစို့ ..လာခဲ့တော့ ..လာခဲ့ တော့''

အိမ်ထဲကအသံက ပိုမိုပြတ်သားစွာ ထွက်ပေါ်လာလေ၏။

''သွားတော့မယ်၊ ကေသွယ် သွားရတော့မယ်၊ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။ နှုတ်ဆက်ခဲ့ပါတယ် ကိုထွဋ်ရှယ်''

ကေသွယ်၏အကြည့်က ရူပါ့ထံ ကျရောက်လာလေသည်။

''ရူပါ ..ရူပါ ..သိပ်စိတ်ထားကောင်းတဲ့ မိန်းကလေး၊ ကျွန်မကို ကူညီပေးတာ သိပ်ကျေးဇူးတင်ပါတယ် ရူပါရယ်။ ကျွန်မ သွားတော့မယ်''

''သမီးရေ ..ကေသွယ်''

''လာပါပြီ မေမေ''

www.burmeseclassic.com

ဝိညာဉ်မလေးက အိမ်ဘက်သို့လှည့်၍ အော်လိုက်သည်နှင့် တစ်ပြိုင်တည်း သူမ၏ဝိညာဉ်ခန္ဓာသည် ရုတ်ခနဲလွင့်ပျံ့ကာ အိမ်အတွင်း ဘက်ဆီသို့ လျှင်မြန်သောအဟုန်ဖြင့် လွင့်မျောပျောက်ကွယ်သွားလေသည်။

အရာရာသည် ပကတိတည်ငြိမ်စွာဖြင့် တိတ်ဆိတ်ခြောက်သွေ့ စွာ ကျန်ရစ်ခဲ့လေသည်။

ပတ်ဝန်းကျင်သည်လည်း လေပြည်လေးတစ်ချက်မျှ မတိုက် ခတ်သယောင် ငြိမ်ဆိတ်လျက်ရှိချေသည်။

သစ်ပင်တွေလည်း ငြိမ်၊ လေထုကလည်း ငြိမ်၊ အသံတွေလည်း ငြိမ် အရာရာတိတ်ဆိတ်ငြိမ်သက်နေသော လောကအခွံကြီးတစ်ခုသာလျှင် ကျန်ရစ်လေတော့၏။

♛ ♛ ♛ ♛ ♛

## Day 5

### စက်တင်ဘာ ၂၃ ရက်၊ သောကြာနေ့

နောက်တစ်နေ့မနက်၌ ခပ်စောစောမှာပင် ရူပါတို့အားလုံး ကေသွယ်နေထိုင်ခဲ့ရာ တစ်ဖက်ခြံမှအိမ်ကြီး ထဲသို့ ရောက်ရှိနေခဲ့လေသည်။

မနေ့က ညက အဖြစ်အပျက်များအားလုံး ပြီးဆုံးသွားချိန်တွင် လမ်းခွဲခဲ့ကြသည်။

လမ်းမခွဲမီ ဦးစံမင်းက –

''မနက်ဖြန်မနက်ပဲ ကေသွယ်တို့သားအမိကို ရည်စူးပြီး ဆွမ်းကပ်မယ်၊ အမျှဝေမယ်၊ ကေသွယ့်အဖေ ဘုန်းတော်ကြီးနဲ့ အဲဒီကျောင်းက သံဃာတွေကိုပဲ ပင့်ခဲ့မယ်။ ဆရာတို့လည်း အမျှအတန်းဝေဖို့ လာခဲ့ ကြပါဦး''

ဦးစံမင်း ဖိတ်ကြားထားသောကြောင့် မနေ့ကလူအုပ်စုအတိုင်း ရောက်ရှိနေကြခြင်း ဖြစ်ပါသည်။

နံနက်ခြောက်နာရီမှာ ဦးစံမင်းနှင့်ထွဋ်မွန်ဇော် ရောက်လာပြီး ခြံတံခါးကို ဖွင့်ဝင်ခဲ့ကြသည်။ သူတို့ ရောက်လာတာမြင်သည်နှင့် ရူပါတို့သား အမိသားအဖသုံးယောက်လည်း တစ်ဖက်ခြံကိုကူးခဲ့ကြ၏။ မကြာမီ ဦးမြဖင်နှင့် ဒေါ်ကျော့မူ ရောက်လာသည်။

ဦးရဲထွဋ်မွန်ခေါင်ကတော့ ကေသွယ့်ဖခင်ဆရာတော်ကြီးနှင့် ဘုန်းကြီးများကို တောရကျောင်းသို့သွားပင့်နေ လေသည်။

ရူပါတို့ အိမ်ထဲဝင်လိုက်သည်နှင့် ညှော်ခန်းတွင် ချိတ်ဆွဲထား သော ဓာတ်ပုံကြီးက စိတ်ဝင်စားဖွယ် ကောင်းစွာ ဆီးကြိုလိုက်လေ သည်။

ကေသွယ်တို့မိသားစုသုံးယောက်၏ ဓာတ်ပုံကြီး ဖြစ်ပါသည်။ ပုံထဲတွင် ဦးမိုးမြင့်၊ ဒေါ်မြမြမူတို့အလယ်၌ ရပ်နေသော ဆယ်ကျော်သက်မိန်းကလေးတစ်ယောက်ကို မြင်ရသည်။ ပါးချိုင့်လေးနှစ်ဖက်ခွက်အောင် ပြုံးနေသည့် ကေသွယ်မိုးမြင့်ပင် ဖြစ်ပါသည်။

ကေသွယ်၏ လူသားတစ်ယောက်သွင်ပြင်ကို မြင်ဖူးသူဆို၍ လက်ရှိတွင် ဦးစံမင်းတစ်ဦးတည်းသာ ရှိ၏။ ကျန်သူများက ညတုန်းက တွေ့ခဲ့ရသော ကေသွယ်၏ဝိညာဉ်ပုံရိပ်ကိုသာ မြင်ဖူးကြသည်။ ရူပါကတော့ သူတို့ ထက်စော၍ နှစ်ကြိမ်မြင်ဖူးသည်။

ဓာတ်ပုံထဲက ကေသွယ်မိုးမြင့်၏ ရုပ်လွှာသည် သူတို့ညက တွေ့ခဲ့ရသော ဝိညာဉ်မလေးဖြစ်ကြောင်း သက်သေခံနေပေ၏။

www.burmeseclassic.com

ဘုန်းတော်ကြီးများကြွလာပါက နေရာထိုင်ခင်းအဆင်ပြေစေရန် ဧည့်ခန်းကို သန့်ရှင်းရေးပြုလုပ်ကြသည်။ နှစ်ဆန်းတစ်ရက်နေ့က သန့်ရှင်းရေးပြုလုပ်ထားခဲ့ပြီးနောက် ငါးလကြာချိန်အထိ ဧည့်ခန်းတစ်ခုလုံး ဖုန်တစ်စမရှိအောင် သန့်ရှင်းနေသည့်အတွက် ဦးစံမင်းက အံ့သြနေပေသည်။

သင်ဖြူးဖျာများဖြန့်ခင်းခြင်း၊ ဘုန်းကြီးများအတွက် ကော်ဇော များခင်းခြင်းတို့ကို ပြုလုပ်ကြသည်။

ထိုစဉ် ဦးစံမင်း၏ဝပ်ရှော့မှ တပည့်များ ရောက်လာကြသည်။ သူတို့နှင့်အတူ ဘုန်းကြီးများကပ်ရန် ဒံပေါက်ဆွမ်းများ ပါလာကြလေ၏။

''ဆွမ်းအတွက်တော့ ချက်ချင်းစီစဉ်ရတာမို့ ဆိုင်က ဒံပေါက်ကိုပဲ အဆင်သင့် ဝယ်လာခဲ့လိုက်တယ်ဗျာ''

ဦးစံမင်းက လိုအပ်သောပြင်ဆင်မှုများကို သူ့တပည့်များအား ဆက်လက်လုပ်ဆောင်ရန် ခိုင်းစေလိုက်သည်။

''အဘ ့ အိမ်အပေါ်ထပ်ကို တက်ကြည့်ပါရစေ။ ကေသွယ် ပြတင်းပေါက်ကနေ သမီးကို လှမ်းကြည့်နေတဲ့အခန်းကို လေ့လာချင်လို့ပါ''

ရှုပါက ဦးစံမင်းကို ခွင့်တောင်းလိုက်သည်။

''ကြည့်ပါကွယ်၊ ကြည့်ပါ၊ လာ ့ အဘလိုက်ပြမယ်''

အားလုံးပင် ဦးစံမင်းနောက်မှ အိမ်ပေါ်ထပ်သို့ တက်လိုက်သွားကြ၏။

''ဟင်''

အပေါ်ထပ်အခန်းရောက်သည်နှင့် ဦးစံမင်းက အံ့သြစွာ ရေရွတ် လိုက်သည်။

''ဒီပစ္စည်းတွေဟာ ဒီစားပွဲပေါ်မှာ အရင်က ရှိမနေပါဘူး။ နှစ်ဆန်းတစ်ရက်နေ့က သန့်ရှင်းရေးလာလုပ်တော့လည်း မရှိဘူး။ အပြင်က ပစ္စည်းပစ္စယတွေအားလုံးကို ရှင်းလင်းထားပြီးသားပဲ''

ဦးစံမင်း ပြောသည့်ပစ္စည်းများမှာ စားပွဲပေါ်တွင် မှောက်လျက်ရှိနေသော ပြက္ခဒိန်တစ်ခုနှင့် ဓာတ်ပုံတစ်ပုံဖြစ်ပါသည်။

ဦးစံမင်းက ပြက္ခဒိန်ကို ယူလိုက်သည်။

''ဒီပြက္ခဒိန်က ဟိုနံရံမှာ ချိတ်ထားတာကွယ့်။ ဟိုအရင်ကတည်းက ရှိခဲ့တဲ့ပြက္ခဒိန်ကို ဒီအတိုင်းထားထားတာ။ ဘယ်လိုလုပ်ပြီး စားပွဲပေါ် ရောက်နေပါလိမ့်''

ပြက္ခဒိန်မှာ ၁၉၈၃ ခုနှစ်ပြက္ခဒိန် ဖြစ်ပါသည်။

''ကေသွယ်တို့သားအမိဆုံးပြီးကတည်းက ဒီအိမ်မှာ ဘယ်သူမှ မနေခဲ့ကြဘူးပေါ့နော်''

''ဟုတ်ပါတယ်၊ အဘလည်း အပြင်မှာရှိနေတဲ့ စာအုပ်စာတမ်း တို့၊ အိပ်ရာတို့၊ ခန်းဆီးတို့ကိုသာ ဖြုတ်သိမ်းထားတာပါ။ ကျန်တာတွေ တော့ ခြေရာလက်ရာမပျက် ဒီတိုင်းထားခဲ့တာလေ''

''ဟင် ့ ဒါ ဖေဖေ့ဓာတ်ပုံပဲ''

ထွဋ်ထွဋ်ဇော်က စားပွဲပေါ်က ဓာတ်ပုံကိုကောက်ယူရင်း ပြော လိုက်သည်။

''အဲဒီဓာတ်ပုံလေးပဲပေါ့ ထွဋ်ထွဋ် ၊ ကေသွယ်က တို့ကိုပြခဲ့တာ''

ထွဋ်ထွဋ်က သူ့ဖခင်လက်ရေးဖြင့်ရေးထားသော ဓာတ်ပုံနောက် ကျောမှစာတမ်းကို ဖတ်ကြည့်နေသည်။

စားပွဲပေါ်၌ ဘောလ်ပင်အဟောင်းတစ်ချောင်းကိုပါ တွေ့ရလေသည်။

''ဒီဘောလ်ပင်ကလည်း အရင်က စားပွဲအံဆွဲထဲမှာ ထည့်ထားတာကွယ့်''

''ပစ္စည်းတွေ အနေအထားလွဲနေတာဟာ ဒီအိမ်ထဲမှာ ကေသွယ်နဲ့ သူ့အမေ နေသွားခဲ့တယ်ဆိုတဲ့ သက်သေပဲပေါ့ အဘရယ်''

ရှုပါက အခန်းပြတင်းပေါက်ကို ဖွင့်လိုက်သည်။

www.burmeseclassic.com

အပြင်သို့ ကြည့်လိုက်သည်။

တစ်ဖက်ခြံမှ မြင်ကွင်းကို မြင်နေရပေ၏။

''ကေသွယ် ဟောဒီပြတင်းပေါက်မှာ ရပ်နေတာကို သမီး လှမ်းမြင်ခဲ့တာပဲ အဘ။ သမီး မြင်ရပေမဲ့ အဲဒီတုန်းက မေမေ မမြင်ခဲ့ဘူး။ ကေသွယ်ဟာ သမီးဆီက အကူအညီတောင်းချင်ဖောနဲ့မို့ သူ့ရဲ့ဝိညာဉ်ကို သမီးတစ်ယောက်တည်းက မြင်နေရတာလား မသိဘူးနော်''

''ဝိညာဉ်လောကဟာ ဆန်းကြယ်လှပါကလား။ ကိုယ်တွေ့သာ မဟုတ်ရင် ယုံရခက်သားပဲနော်''

ဒေါ်ကျော့မူက သံဝေဂရစွာ ညည်းညူပြောဆိုလိုက်လေသည်။

''ကေသွယ်ဆိုတဲ့ မိန်းကလေးနဲ့သူ့မိခင် ဝိညာဉ်ဘဝက ကျွတ်လွတ်ပြီး ကောင်းရာဘုံဘဝကို ရောက်ကြပါစေကွယ်''

ဒေါ်အေးသန္တာကလည်း လှိုက်လှဲစွာ ဆုတောင်းလိုက်လေသည်။

ပြတင်းတံခါးကိုပြန်ပိတ်ကာ အားလုံး အောက်ထပ်သို့ဆင်းခဲ့ကြလေသည်။

အောက်ထပ်လှေကားရင်းသို့အရောက် –

''ဟင် ့ဟောဒီရွက်ဆုတ်ပြက္ခဒိန်ကိုလည်း ဆုတ်ဖြဲထား ပါလား''

ဦးစံမင်းက လှေကားရင်းမှ ရွက်ဆုတ်ပြက္ခဒိန်လေးကို ညွှန်ပြ ၍ပြောလိုက်၏။

လှေကားရင်းနံရံတွင် တစ်ရက်လျှင် တစ်ရွက်ဆုတ်ဖြဲရသော ရွက်ဆုတ်ပြက္ခဒိန်လေးတစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရပါ၏။ ၁၉၈၃ခုနှစ်က ပြက္ခဒိန်ပင် ဖြစ်လေသည်။ ပြက္ခဒိန်ပေါ်ကပုံမှာ ထိုကာလက ကျော်ကြားခဲ့သော ရုပ်ရှင်မင်းသမီးခင်သီတာထွန်းပုံ ဖြစ်လေသည်။

''ကေသွယ်ရှိစဉ်က ပြက္ခဒိန်ရက်စွဲစာရွက်လေးတွေကို ကေသွယ်ကိုယ်တိုင်ပဲ တစ်နေ့တစ်ရွက် ဆုတ်ဖြဲပစ်ခဲ့တယ်လေ။ သူ ကွယ်လွန်သွားတဲ့ စက်တင်ဘာ ၁၈ ရက်မှာပဲ ဒီပြက္ခဒိန်လေးဟာ ရပ်နေခဲ့တယ်။ ဒါကို ကျွန်တော် သေချာသတိထားမိပါတယ်။ ပြက္ခဒိန်လေးကိုလည်း ဖြုတ်မပစ်ဘဲ သူ့အတိုင်းချိတ်ဆွဲထားခဲ့တာပါ။ ခုတော့ မနေ့က ရက်စွဲအထိ ဖြုတ်ထားပြီးဖြစ်နေတယ်ဗျာ။ အင်း ့ကေသွယ်ကိုယ်တိုင် ဆုတ်ခဲ့တာ ဖြစ်မှာပါပဲလေ''

ကေသွယ်သည် ဝိညာဉ်ဘဝဖြင့် ဤအိမ်ထဲ၌ နေထိုင်သွားခဲ့ကြောင်း နောက်ထပ်သက်သေတစ်ခုပင် ဖြစ်တော့သည်။

''ကေသွယ်မိုးမြင့်တို့သားအမိဟာ ကွယ်လွန်ပြီးကတည်းက ဒီအိမ်ကြီးထဲမှာ သရဲတစ္ဆေ ဖြစ်နေခဲ့ကြတာပေါ့နော်''

ဦးမြဖင်က ထင်မြင်ချက်ပေးလိုက်ခြင်း ဖြစ်ပေ၏။

''မဟုတ်ပါဘူး ဦးမြဖင်၊ မဟုတ်ပါဘူး ခင်ဗျာ၊ ကေသွယ်တို့ နာနာဘာဝအဖြစ်နဲ့ ဒီအိမ်ကြီးထဲမှာရှိနေရင် တစ်ကြိမ်မဟုတ် တစ်ကြိမ်ဆိုသလို သတိထားမိရမှာပေါ့။ ပြီးတော့ ကေသွယ်ဟာ ရူပါ့ကို အကူအညီ တောင်းသလိုမျိုး တစ်ဖက်ခြံက လူတစ်ယောက်ယောက်ကို ဒီ့အရင်ကတည်းက အကူအညီတောင်းခဲ့မှာပေါ့။ ဟိုဘက်ခြံမှာလည်း လူတွေ အဆက်မပြတ် နေနေခဲ့တာကိုး။ ကေသွယ်တို့သားအမိဝိညာဉ် ဘာဖြစ်လို့ ဒီအချိန်မှာ ရှင်သန်လာရတယ်ဆိုတဲ့ အဖြေကို ကျွန်တော် သိလိုက်ပါပြီ ဦးမြဖင်''

ဦးစံမင်းက ရှင်းပြလိုက်သည်။

''မမြင်ရတဲ့ ဝိညာဉ်လောကရဲ့ဖြစ်စဉ်မို့ သက်သေအတိအကျ ပြဖို့တော့ ခဲယဉ်းပါတယ်။ ဒါပေမဲ့ ကျွန်တော့်တွေ့ရှိချက်ဟာ ဖြစ်နိုင်တယ်ဆိုတာတော့ ဦးမြဖင်တို့လည်း လက်ခံမယ်လို့ ထင်ပါတယ်''

''ဆိုပါဦး ဦးစံမင်း''

www.burmeseclassic.com

''ဟောဒီ နှစ်တစ်ရာပြက္ခဒိန်စာအုပ်ကလေးက သက်သေခံပါလိမ့်မယ် ခင်ဗျာ။ ရော့ ့ထွန်းထွန်း ၊ အဘပြောပြီးရင် နှစ်တစ်ရာ ပြက္ခဒိန်လေးကို လှန်ကြည့်ပေတော့''

ဦးစံမင်းက နှစ်တစ်ရာပြက္ခဒိန်စာအုပ်ကလေးကို ထွန်းထွန်းဇော် လက်ထဲထည့်ပေးလိုက်၏။ နှစ်တစ်ရာ ပြက္ခဒိန်ဆိုသော်လည်း ၁၉၀၀ ပြည့် နှစ်မှ ၂၀၁၀ ခုနှစ်အထိ အနှစ် ၁၁၀ စာ ပြုစုထားသော စာအုပ်ကလေး ဖြစ်ပါသည်။

''ကေသွယ်တို့သားအမိ ကွယ်လွန်တာ ၁၉၈၃ ခုနှစ်၊ စက်တင် ဘာလ ၁၈ ရက်၊ တနင်္ဂနွေနေ့ညပါ။ ဒီနှစ် ၂၀၀၅ ခုနှစ်ရဲ့ စက်တင်ဘာလ ၁၈ ရက်ဟာလည်း တိုက်တိုက်ဆိုင်ဆိုင် တနင်္ဂနွေနေ့ ဖြစ်နေပါတယ်။ နှစ်တစ်ရာပြက္ခဒိန်ထဲမှာ ကျွန်တော်လေ့လာကြည့်တော့ ၁၉၈၃ ခုနှစ်နဲ့ ၂၀၀၅ ခုနှစ်ဟာ နေ့စွဲရက်စွဲတွေအားလုံး တူညီနေတာ တွေ့ရတယ်ဗျ။ ထွန်းထွန်းရေ ့အဘ ပြောတာ ဟုတ်–မဟုတ် ကြည့်လိုက်ပါဦး ကွယ်''

''ဟုတ်ပါတယ် အဘ၊ ၁၉၈၃ ရော၊ ၂၀၀၅ ခုနှစ်ရော၊ ဇန်နဝါ ရီလ ၁ ရက်နေ့ဟာ စနေနေ့ပါ။ လတိုင်း လဆန်းရက် လကုန်ရက်တွေ အကုန်တူတယ်။ နှစ်ကုန်တဲ့ ဒီဇင်ဘာ ၃၁ ရက်ဟာလည်း စနေနေ့ ဖြစ်တာချင်း တူနေပါတယ် အဘ။ အဘ ပြောတဲ့ ကေသွယ်တို့ ကွယ်လွန်တဲ့ရက်ဟာလည်း ၈၃ ခုနှစ်နဲ့ ၂၀၀၅ ခုနှစ်အတူတူပါပဲ။ စက်တင်ဘာ ၁၈ ရက်တွေဟာ တနင်္ဂနွေနေ့တွေချည်း ဖြစ်နေပါတယ်အဘ''

''အဲဒါပါပဲ ့အဲဒီလို တိုက်တိုက်ဆိုင်ဆိုင် တူညီနေလို့ ကေသွယ်တို့သားအမိဝိညာဉ်တွေဟာလည်း ပြန်ပြီး ရှင်သန်လာတာလို့ ကျွန်တော် ယုံကြည်ပါတယ် ဦးမြဇင်။ ကေသွယ်တို့ဝိညာဉ်ဟာ ဒီအိမ်ကြီးထဲမှာ တစ်လျှောက်လုံး ရှင်သန်နေတာ မဖြစ်နိုင်ပါဘူး။ သူတို့သေဆုံးတဲ့ စက်တင်ဘာ ၁၈ ရက်နေ့ကမှ ပြန်ပြီးရှင် သန်လာတာပါ။ ဒီရက်ပိုင်း ကလေးပဲ ရှင်သန်လှုပ်ရှားခဲ့တာပါဗျာ''

''ဖြစ်နိုင်တယ်ဗျို့။ အတိတ်က အဖြစ်တွေဟာ ရာသီဥတုတို့ ပတ်ဝန်းကျင်အနေအထားတို့ ထပ်တူညီ ပြန်ဖြစ်လာတိုင်း ပုံရိပ်ယောင်တွေ ပြန်ပေါ်လာတတ်တယ်ဆိုတာ သက်သေအထင်အရှား ရှိပါတယ်။ ဥပမာ တိုက်တန်းနစ်သင်္ဘောကြီး နစ်ခဲ့တဲ့ ဧပြီလ ၁၄ရက်ရောက်တိုင်း သင်္ဘောကြီးနစ်ခဲ့တဲ့နေရာကို ရောက်သွားတဲ့ သင်္ဘောတွေဟာ ပင်လယ်ထဲမှာ ခုတ်မောင်းနေတဲ့ တိုက်တန်းနစ်သင်္ဘောကြီးကို မြင်ရတယ်ဆိုတာမျိုးပေါ့''

ဦးလှိုင်ဘွားက ဝင်ရောက်ထောက်ခံပြောဆိုလိုက်ခြင်း ဖြစ်လေ သည်။

''မှန်ပါတယ်၊ ကျွန်တော်လည်း စာထဲမှာ ဖတ်ဖူးပါတယ်။ **အတိတ်ပုံရိပ်ယောင်ထင်ဟပ်ခြင်း** သဘောပါ။ မဟာဗန္ဓုလနဲ့ စစ်တပ်ကြီးစစ်ချီလာပုံကို ပြန်မြင်ရတယ်ဆိုတဲ့ ဖြစ်ရပ်မျိုးပေါ့လေ။ ကျွန်တော်တို့ ကိုယ်တိုင်လည်း နှစ်ပေါင်းနှစ်ဆယ်ကျော်က သေဆုံးပြီးတဲ့ ကေသွယ့်ကို မျက်မြင်ကိုယ်တွေ့မြင်ခဲ့ပြီးပြီမို့ ဦးစံမင်းရဲ့ အယူအဆကို လက်ခံပါတယ်ဗျာ''

ဦးမြဇင်က ဦးစံမင်းအယူအဆကို လိုက်လိုက်လှဲလှဲ ထောက်ခံ လိုက်လေ၏။

ယင်းသို့ဖြင့် လွန်ခဲ့သော ၂၂နှစ်က ကွယ်လွန်ခဲ့သည့် သားအမိနှစ်ယောက်ကိုရည်စူး၍ ဆွမ်းသွပ်အမျှ အတန်းပေးဝေသော အခမ်းအနားမှာ ပြီးဆုံးခဲ့လေသည်။

ကေသွယ်၏ဖခင်ဦးမိုးမြင့်တစ်ဖြစ်လဲ ကျောင်းထိုင်ဆရာတော်ကြီး ဦးမင်္ဂလာသည် ရူပါလှိုင် လျှောက်ထား သော လျှောက်ထားချက်များကို နားထောင်ကာ **'စွဲလမ်းမှုတဏှာကြောင့် ဒုက္ခနယ်မှာ ဝဲလည်ရပုံ'** အကြောင်း ကို ဘုရားဟောနိပါတ်တော်များဖြင့် နမူနာပြကာ တရားဟောကြားခဲ့လေသည်။

www.burmeseclassic.com

ဖနီးနှင့်သမီးတို့၏ မကျွတ်လွတ်သော ရင်နင့်ဖွယ်အဖြစ်ကို ကြားသိရသော်လည်း တရားရှင်ပီသစွာ မျက်နှာတော်တစ်ချက် မညှိုးနွမ်းခဲ့ပါပေ။ သွားလေသူတို့အဖြစ်ကို နမူနာပြုကာ ကျန်ရစ်သူများ သံဝေဂရဖွယ် တရားတော်ကိုပင် ဟောပြောဆုံးမနိုင်ပေသေးသည်။

''ဒကာကြီး မောင်စံမင်း''

''ဘုရား''

''ဘုန်းကြီးဟာ လောဘသတ်နိုင်ခဲ့လို့ အကျိုးအမြတ်မမျှော်ကိုးဘူးဆိုပြီး ဟောဒီအိမ်ကြီးကို ရောင်းလည်း မရောင်း၊ အငှားလည်းမထားဘဲ သည်အတိုင်း ထားတာဖြစ်တယ်လို့ မိန့်ခဲ့ဖူးတယ် မဟုတ်လားကွယ့်''

''တင်ပါ့ဘုရား''

''အေးခုတော့ ဒီအိမ်နဲ့ ဒီခြံကို ရောင်းချဖို့ ဆုံးဖြတ်လိုက်ပြီကွယ့်။ တခြားကြောင့်မဟုတ်ဘူး၊ သွားလေသူ ဒကာမများကိုရည်စူးပြီး သူတို့ ကောင်းရာဘုံဘဝရောက်အောင် ရောင်းရငွေနဲ့ ကောင်းမှုကုသိုလ် ပြုချင်လို့ပဲ ကွယ့်''

''သင့်လျော်ပါတယ် ဘုရား''

''ဘုန်းကြီးရဲ့ကျောင်းမှာ ဆောက်လုပ်မယ့် ဆွမ်းစားဆောင်ကို အိမ်ရောင်းရငွေနဲ့ ဆောက်လုပ်မယ် ကွယ်။ ဒကာမနှစ်ဦးရဲ့ အလှူအနေနဲ့ ကမ္ပည်းထိုးပြီး ရေစက်ချမယ်''

''ကောင်းလှပါတယ် ဘုရား''

''ပိုသေးရင်ဖြင့် စေတီလေးတစ်ဆူ တည်ထားကြသေးတာပေါ့ကွယ်။ ဒီတော့ မောင်စံမင်း၊ သင့်တင့် လျောက်ပတ်တဲ့ စျေးနှုန်းနဲ့ ရောင်းချနိုင်အောင် မောင်စံမင်းပဲ စီစဉ်ပေတော့ကွယ်''

''တင်ပါ့ ဘုရား''

♛ ♛ ♛ ♛ ♛

ရှုပါလိုင်၏ဘဝတွင် အလွန်ထူးဆန်းအံ့ဩဖွယ်ကောင်းသော အတွေ့အကြုံကို အသက် ၁၇ နှစ်အရွယ်၌ တွေ့ကြုံခဲ့ရလေသည်။ ရှုပါလိုင်ကြုံတွေ့ခဲ့ရသောအတွေ့အကြုံသည် လူတကာမတွေ့ကြုံနိုင် သောဖြစ်ရပ်တစ်ခုဖြစ် သလို ရှုပါလိုင်ကိုယ်တိုင်လည်း တစ်သက်တာတွင် ထိုမျှဆန်းကြယ်သော အဖြစ်အပျက်မျိုးကို ထပ်မံတွေ့ဆုံ နိုင်တော့မည် မဟုတ်ပါ။

ရှုပါလိုင်က ထိုသို့ပင် ထင်ခဲ့လေသည်။

ထို့နောက်ပိုင်း ရှုပါလိုင့်ဘဝတွင် ဖြတ်သန်းလာရသော အတွေ့ကြုံများကား သာမန်အများတကာလို မထူးခြားသောအဖြစ်များပင် ဖြစ်လေ၏။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

## ၂၀၀၅ ခုနှစ်

၂၀၀၅ ခုနှစ် တက္ကသိုလ်ကျောင်းများ ဖွင့်လှစ်ချိန်တွင် ရူပါသည် မြို့ကလေးမှ ပြန်လာခဲ့လေသည်။

ရူပါသည် ကွန်ပျူတာတက္ကသိုလ်တွင် တက်ရောက်ခွင့်ရခဲ့ သည်။

ရူပါနှင့်အတူ ထွဋ်ထွဋ်ဇော်သည်လည်း ကွန်ပျူတာတက္ကသိုလ် ၌ပင် တက်ရောက်ခွင့်ရခဲ့လေ၏။

ရန်ကုန်တွင် ရူပါက အိမ်မှကျောင်းတက်သော ကျောင်းသူ တစ်ဦးဖြစ်ခဲ့ကာ ထွဋ်ထွဋ်ဇော်က အဆောင်နေကျောင်းသားတစ်ယောက် ဖြစ်ခဲ့လေ၏။

တက္ကသိုလ်ပထမနှစ်မှာပင် ထွဋ်ထွဋ်ဇော်က ရူပါ့ကိုချစ်ရေးဆို ခဲ့သည်။

ကေသွယ်၏ပြဿနာကို ဖြေရှင်းခဲ့ရာတွင် အတူပါဝင်ခဲ့သည် သာမက မြို့ကလေးသို့သွားစဉ်ကပင် သိကျွမ်းခဲ့ရသော လူငယ်နှစ်ဦးမို့ တစ်နေ့တွင် ထွဋ်ထွဋ်ဇော်က သူမကို ချစ်ရေးဆိုလာလိမ့်မည်ဟု ရူပါ မျှော်လင့်ပြီးသားဖြစ်လေသည်။

♛ ♛ ♛ ♛ ♛

## ၂၀၀၆ ခုနှစ်

တက္ကသိုလ်ဒုတိယနှစ်၌ ထွဋ်ထွဋ်ဇော်၏အချစ်ကို ရူပါတုံ့ပြန် ခဲ့သည်။

လူငယ်တို့၏ မထူးဆန်းသော သမားရိုးကျ ဖြစ်ရပ်ပင်ဖြစ်ပါ၏။

ထွဋ်ထွဋ်ဇော်နှင့်ရူပါတို့ချစ်ခရီးမှာ ဘာအနှောင့်အယှက်မှမရှိခဲ့၊ မည်သည့်အဖျက်မှလည်း မဝင်ခဲ့ပါ။

နှစ်ယောက်စလုံးက သူတို့အချစ်ရေးကို မိဘများအား အသိပေးခဲ့ကြလေ၏။ မိဘများကလည်း သဘောတူခဲ့လေသည်။ ခေတ်သည်လည်း လူငယ်တို့ချစ်ခြင်းကို လူကြီးများ ဝင်ရောက်စွက်ဖက်သော ခေတ်မျိုး မဟုတ်တော့ပါ။

ရူပါနှင့်ထွဋ်ထွဋ်တို့အချစ်ရေးမှာ ဖြောင့်ဖြူးခဲ့ပါသည်။

♛ ♛ ♛ ♛ ♛

## ၂၀၀၇ ခုနှစ်

၂၀၀၇ ခုနှစ်တွင် ရူပါ့မိဘများ မြို့ကလေးမှ ပြန်ပြောင်းလာကြသည်။

ရူပါ့ဖခင် ဦးလှိုင်ဘွား ရန်ကုန်တိုင်းရုံး၌ တာဝန်ထမ်းဆောင်ရသည်။

ထွဋ်ထွဋ်ဇော်က စေ့စပ်ထားဖို့ ပူဆာသည်။

မြို့ကလေးမှမိဘများကို ခေါ်ယူကာ ထွဋ်ထွဋ်ဇော်နှင့် ရူပါစေ့စပ်ကြသည်။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

## ၂၀၀၈ ခုနှစ်

၂၀၀၈ ခုနှစ်မှာ ရှုပါနှင့်ထွဋ်ထွဋ်ဇော် ဘွဲ့ရကြသည်။

ပညာစုံပြီမို့ ထိုနှစ်မှာပင် လက်ထပ်ခဲ့ကြ၏။

ထိုအချိန်ထိ .

ရှုပါ ကြုံတွေ့ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများအားလုံးမှာ အများတကာလိုပင် သာမန်ဖြစ်ရိုးဖြစ်စဉ်များသာ ဖြစ်ပါ၏။

ရှုပါကလည်း အသက် ၁၇နှစ်အရွယ်တွင် တွေ့ကြုံခဲ့ရသည့် ကေသွယ်နှင့်ပတ်သက်သော တုန်လှုပ်ချောက်ချားဖွယ် လျှို့ဝှက်နက်နဲသည့်အဖြစ်မျိုး တစ်သက်တာမှာ မကြုံဆုံရတော့ဘူးလို့ မှတ်ယူထားခဲ့လေ၏။

သို့သော် .

♛ ♛ ♛ ♛ ♛

လက်ထပ်ပြီးသုံးလအကြာ၌ ရှုပါ့၌ ကိုယ်ဝန်ရှိလာခဲ့သည်။

ကိုယ်ဝန်မဆောင်မီ ရှုပါ အိပ်မက်တစ်ခုမက်ခဲ့၏။

အိပ်မက်ထဲတွင် ကေသွယ်မိုးမြင့်ကို ရှုပါပြန်တွေ့ရသည်။

ထွဋ်ထွဋ်ဇော်နှင့်ရှုပါတို့ လက်ချင်းတွဲ၍ လမ်းလျှောက်နေစဉ် ရှုပါ့အမည်ကို နောက်မှခေါ်သံကြားရသည်။

''ရှုပါ''

ရှုပါတို့ နောက်ကိုလှည့်ကြည့်လိုက်တော့ သူတို့ရှိရာပြေးလာနေသော ကေသွယ်မိုးမြင့်ကို တွေ့ရလေသည်။

ကေသွယ်မိုးမြင့်က ပါးချိုင့်လေးနှစ်ဖက်ခွက်အောင် ရယ်မောလျက် ရှိလေသည်။

ဝတ်ကောင်းစားလှများ ဝတ်ဆင်၍ ရွှင်လန်းတက်ကြွနေသော ကေသွယ်မိုးမြင့်သည် ရယ်ကာမောကာဖြင့် သူတို့နှစ်ယောက်ဆီသို့ ရောက်လာကာ ထွဋ်ထွဋ်နှင့်ရှုပါတို့ချိတ်ဆွဲထားသော လက်နှစ်ဖက်ကို ဆွဲ ဖြုတ်လိုက်လေသည်။ ထို့နောက် သူမက အလယ်တွင် ဝင်ရပ်လိုက်ပြီး သူတို့နှစ်ယောက်၏ လက်နှစ်ဖက်ကို ချိတ်ဆွဲထားလိုက်လေတော့၏။

ရှုပါမက်ခဲ့သော အိပ်မက်မှာ ထိုအတိုင်းပင် ဖြစ်ပါသည်။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

၂၀၀၈ ခုနှစ်၊ စက်တင်ဘာလတွင် ရူပါသည် သားဦးလေးကို မွေးဖွားခဲ့ပါ၏။

ဆရာဝန်ပေးထားသော ရက်စွဲထက် လေးရက်စော၍ မွေးဖွားခဲ့ရာ ရူပါကလေး မီးဖွားသောရက်မှာ စက်တင်ဘာ ၁၈ ရက် ဖြစ်နေလေ၏။

ရူပါ မွေးဖွားလိုက်သော ကလေးမှာ သမီးလေးဖြစ်ပါသည်။

ထိုအချိန်အထိလည်း အလွန်တရာ ထူးခြားသည်ဟု မဆိုနိုင်သေးပါ။

♛ ♛ ♛ ♛ ♛

သမီးလေးကို နှစ်ဖက်စလုံးမှ အဘိုးအဘွားများက တုန်နေအောင်ချစ်ကြသည်။

သမီးလေးသည် အဘိုးအဘွားနှစ်ဖက်လုံးအတွက် တစ်ဦးတည်းသောသားနှင့် တစ်ဦးတည်းသောသမီး တို့မှ မွေးဖွားလာသော မြေးဦးလေးဖြစ်သည် မဟုတ်ပါလား။

BURMESE CLASSIC .com

အသက်လေးလအရွယ်အထိ သမီးကို နာမည်မမှည့်ရသေးပေ။

'ပုလုလေး' 'ပူတူတူးလေး' 'ချစ်စုလေး' 'အသည်းလေး' စသဖြင့် ပါးစပ်ထဲပေါ်လာရာကို ချစ်စနိုး ခေါ်ကြကာ အချစ်သည်းနေကြဆဲ ရှိသေးသည်။

သမီးလေး၏ရုပ်ရည်မှာလည်း အဖေဘက်နှင့်တူသလိုလို အမေဘက်နှင့်တူသလိုလို ရုပ်ရည်က ပီပီပြင်ပြင် မပေါ်လွင်သေး။

သည့်လိုနှင့် သမီးလေး လေးလသမီးအရွယ် ရောက်လာသည်။

ရုပ်ရည်လည်း ပီပီပြင်ပြင် ထင်ထင်ရှားရှား ဖြစ်လာသည်။

''သမီးရေ ့သမီးလေး''

ရူပါလှိုင်က အိပ်ရာထဲမှာ ယက်ကန်ယက်ကန်နှင့် လှုပ်ရှားနေသော သမီးလေးကို ချော့မြှူရင်း ချီပိုးရန် ပြင်လိုက်သည်။

သမီးလေးက မိခင်ဖြစ်သူကို ကြည့်ကာ ရယ်မောလိုက်လေ၏။

''အို''

ရူပါလှိုင်သည် သမီး၏ပါးပြင်နှစ်ဖက်မှ ခွက်ဝင်သွားသောပါးချိုင့် လေးနှစ်ဖက်ကို မြင်တွေ့လိုက်ရလေ သည်။

♛ ♛ ♛ ♛ ♛

**နွေတမာန်**

၂၃-၉-၂၀၀၇

၂၉-၉-၂၀၀၇

www.burmeseclassic.com